မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့။

**ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့**

မြန်မာနိုင်ငံ ခရီးသွားလာရေးကဏ္ဍတွင် ဗီယက်နမ်လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေ

နေပြည်တော် အောက်တိုဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး General Tran Dai Quang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲသကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အမျိုးသားကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမှု၊ မြန်မာနိုင်ငံ၏ ခရီးသွားလာရေးကဏ္ဍတွင် ဗီယက်နမ်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာ သန်း ၃၀၀ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေမှု၊ ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးအတွက် အလေးထားဆောင်ရွက်နေမှု၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံအားပေးလျက်ရှိသည့်အတွက် ကျေးဇူးတင်ရှိမှု၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် များစွာအထောက်အကူပြုမှု၊ မကြာသေးမီက နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ် ဗီဇာကင်းလွတ်ခွင့်ပြုရေးစာချုပ်အား လက်မှတ်ရေးထိုးနိုင်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး General Tran Dai Quang အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(သတင်းစဉ်)

ပြည်သူများ ငွေလွှဲလုပ်ငန်း အဆင်ပြေလွယ်ကူစွာဆောင်ရွက်ရန် မြန်မာ့စီးပွားရေးဘဏ်က ငွေလွှဲသီးသန့်ကောင်တာများဖွင့်ပြီ

ရန်ကုန် အောက်တိုဘာ ၁၅

နယ်ပယ်ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသော မြန်မာနိုင်ငံ၌ ပြည်သူကိုဗဟိုပြုသည့် လုပ်ငန်းစနစ်အကောင်အထည်ဖော်လျက်ရှိရာ ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်သည်လည်း ပြည်သူများ ငွေလွှဲလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံနယ်မြေ ဇေယျာမွန်အိမ်ရာ ယုဇနလမ်း၌ ငွေလွှဲလုပ်ငန်း သီးသန့်ကောင်တာတစ်ခုကို အောက်တိုဘာ ၁၅ ရက် နံနက်က စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

"ပြည်သူတွေအနေနဲ့ ငွေလွှဲချင်တဲ့အခါ သက်ဆိုင်ရာမြို့နယ်တွေမှာ ဖွင့်ထားတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွေကို တကူးတကသွားပြီး ဆောင်ရွက်ကြရပါတယ်။ ဘုရင့်နောင်ပွဲရုံနယ်မြေလိုနေရာမျိုးက ကုန်သည်ကြီးတွေအနေနဲ့ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းနဲ့ တစ်ဖက်က အလုပ်ရှုပ်နေချိန်မှာ ငွေလွှဲဖို့အတွက် အနီးဆုံး အင်းစိန်ဘဏ်ခွဲနဲ့ လှိုင်သာယာဘဏ်ခွဲတွေမှာ သွားလွှဲနေရတာမို့ အချိန်ကုန်လူပန်းဖြစ်ကြရပါတယ်။ ဒါကြောင့် အနယ်နယ် အရပ်ရပ်ကလွှဲငွေတွေထုတ်ယူတဲ့အခါ လွယ်ကူအဆင်ပြေစေဖို့ အခုလို ဘုရင့်နောင်ပွဲရုံနယ်မြေမှာ ငွေလွှဲသီးသန့်ကောင်တာ ဖွင့်ရခြင်းဖြစ်ပါတယ်"ဟု မြန်မာ့စီးပွားရေးဘဏ် အင်းစိန်ဘဏ်ခွဲတာဝန်ခံ မန်နေဂျာ ဦးထင်ကျော်က ပြောကြားသည်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယခုဘုရင့်နောင် ငွေလွှဲသီးသန့်ကောင်တာဖွင့်ပွဲသို့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ မြန်မာ့စီးပွားရေးဘဏ်များသည် နိုင်ငံတစ်ဝန်း ဘဏ်ခွဲပေါင်း ၃၀၀ ကျော်ရှိပြီး မည်သည့်မြို့ကိုမဆို ငွေလွှဲမှုများ အဆင်ပြေပြေ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

မြန်မာ့စီးပွားရေး ဘဏ်သည် ဘုရင့်နောင်ငွေလွှဲသီးသန့်ကောင်တာအပြင် တစ်ချိန်တည်း၌ မန္တလေးမြို့ ကျွဲဆည်ကန်(၁)လမ်းနှင့်(၂) လမ်းကြား ၇၈ လမ်း၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ် အမှတ်(ယ-၉/ ၅) တွင်လည်း ငွေလွှဲလုပ်ငန်းသီးသန့်

စာမျက်နှာ ၈ ကော်လံ ၁ ◆

သ တင်း မာ တိ ကာ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေစကားဝိုင်း *စာမျက်နှာ - ၄/၅*

မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း *စာမျက်နှာ - ၈*

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း *စာမျက်နှာ - ၉*

ဒီဇိုင်းအသစ်တွေဝင်လာသည့် မန္တလေးမြို့ ရောင်စုံမီးပုံးဈေးကွက် *စာမျက်နှာ - ၁၀*

ဆီးဂိမ်းအကြို ဂျူဒိုပြိုင်ပွဲကျင်းပမည် *စာမျက်နှာ - ၁၃*

ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မူးယစ်ဟူက ဆန့်ကျင်ကြ

မကြာသေးသည့်လများအတွင်းမှစပြီး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ပိုမိုများပြားလာသည်။ ဤသို့ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်းနှင့် တရားမဝင်မှောင်ခိုရောင်းဝယ်မှုများပြားလာခြင်းကို ဆန်းစစ်ကြည့်ပါက မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာခြင်းကြောင့်လည်းဖြစ်နိုင်ပါသည်။ မူးယစ်ဆေးဝါးရောင်းချသူများ၏ အဓိက ပစ်မှတ်မှာ လူငယ်ထုအများစုပင် ဖြစ်သည်။

ယခုအခါ မွေးနေ့ပါတီပွဲများ၊ ရှိုးပွဲများ၊ ညကလပ်များနှင့် စားသောက်ဆိုင်များ ပိုမိုများပြားလာခြင်းနှင့်အတူ မူးယစ်ဆေးဝါးရောင်းချသူများကလည်း အဆိုပါနေရာများကို မူးယစ်ဆေးဝါးဖြန့်ဖြူးသည့် ဈေးကွက်အဖြစ်အသုံးချလာခြင်းကို တွေ့ရပေသည်။ လူငယ်များ မူးယစ်ဆေးဝါးစတင်အသုံးပြုတတ်မှုကို လေ့လာဆန်းစစ်ကြည့်လျှင် ဆေးလိပ်ဖြစ်ပါသည်။ ဆေးလိပ်အတွင်း ဆေးခြောက်ထည့်သောက်ခြင်းမှစပြီး ဆေးစွဲတတ်ပါသည်။ ဆေးခြောက်မှတစ်ဆင့်တက်ပြီး ဆေးပြား၊ အမှုန့် နောက်ဆုံး သွေးကြောထဲသို့မူးယစ်ဆေးဝါး တိုက်ရိုက်ထိုးသွင်းသည့် အဆင့်ထိရောက်ရှိလာခြင်း ဖြစ်ပါသည်။

ထို့ကြောင့် “မူးယစ်ဆေးဝါးအစ ဆေးလိပ်က”ဟုဆိုလျှင် မမှားနိုင်ပါ။

မူးယစ်ဆေးဝါးအန္တရာယ်သည် သုံးစွဲသူကိုသာမက ရောင်းဝယ်ဖောက်ကားသူ၊ သုံးစွဲသူများ၏ မိဘဆွေမျိုးများအားလုံးကိုထိခိုက်နိုင်ပါသည်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေပုဒ်မ ၁၆(ဂ)အရ ဘိန်းဖြူ သုံးဂရမ်အောက်၊ ဆေးခြောက် ၂၅ ဂရမ်အောက်၊ စိတ်ကြွရူးသွပ်ဆေးပြား သုံးဂရမ်အောက် လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းတို့ပြုလုပ်ပါက အနည်းဆုံး ထောင်ဒဏ်ငါးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ပါသည်။ ပုဒ်မ ၁၉(က)အရ ယင်းအလေးချိန်နှင့်အထက်ဖြစ်ပါက ထောင်ဒဏ်အနည်းဆုံး ၁၀နှစ်မှ နှစ်အကန့်အသတ်မရှိ ပြစ်ဒဏ်ချမှတ်နိုင်ပါသည်။

ဤဥပဒေများအရ မူးယစ်ဆေးဝါးသယ်ဆောင်သူနှင့်သုံးစွဲသူများကို ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်နိုင်ပါသည်။ မိမိတို့ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးရောင်းဝယ်သူများရှိလာပါက မူးယစ်ဆေးစွဲသည့် လူငယ်များလည်းရှိလာနိုင်ပြီး ဒုစရိုက်မှုခင်းများစွာ ဖြစ်ပွားနိုင်ပါသည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်နေချိန်ဖြစ်ပါသည်။ သယ်ဆောင်ရောင်းဝယ်သူများနှင့် သုံးစွဲသူအားလုံးကို ကြီးလေးသော ပြစ်ဒဏ်များချမှတ်ခြင်းခံရနိုင်ပါသည်။ လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာခြင်းဖြင့် လိမ်လည်မှုများ၊ လုယက်မှုများ၊ ခိုးမှုများမှစ၍ နောက်ဆုံးလူသတ်မှုများအထိ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ သုံးစွဲမှုတို့ကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပါသည်။

ပြည်တွင်းသတင်း

ကျောင်းကုန်းမြို့နယ်မှ တောင်သူလယ်သမားများ နေပြည်တော်ရှိစိုက်ကွင်းများလေ့လာ

နေပြည်တော် အောက်တိုဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အရှိန်မြှင့်တင်နိုင်ရေးအတွက် ကျောင်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဦးဆောင်သော ကျောင်းကုန်းမြို့နယ်မှ တောင်သူလယ်သမား ၂၀၀ တို့သည် အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် စက်မှုလယ်ယာမြေ ဘက်စုံသီးနှံ ဧက ၉၀၀ စိုက်ကွင်းသို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက စိုက်ကွင်းများကို လိုက်လံပြသကြပြီး ပြည်ထောင်စုဝန်ကြီးက ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်သို့ ခိုင်မာစွာ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်မှသာလျှင် လက်တွေ့အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်သဖြင့် ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပတင်ပို့ရန် ရွေးချယ်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဂျပန်၊ တောင်ကိုရီးယားနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည့် သီးနှံအမယ်သစ်များရွေးချယ်၍ မျိုးသန့် မျိုးပွား စိုက်ပျိုးပြီး ဈေးကွက်ရှာဖွေလျက်ရှိပါကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ဈေးနှုန်းခိုင်မာစွာ ရောင်းချနိုင်ရန် သီးနှံများ၏ အရည်အသွေး၊ စံချိန် စံညွှန်းကောင်းမွန်ရေးမှာ အဓိကအရေးကြီး၍ မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို လက်တွေ့အထိရောက်ဆုံး ကျင့်သုံးရန် လိုအပ်၍ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာဖြန့်ဖြူးပေးခြင်းတို့ကို စိုက်ပျိုးရေးပညာရှင်များက ကူညီမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက စက်မှုလယ်ယာဧက ၉၀၀ စိုက်ကွင်း၌ ဆန်စပါးနှင့် နိုင်ငံတကာဈေးကွက်ဝင် သီးနှံအမယ်စုံကို အချိန်ကိုက် စိုက်ပျိုးထုတ်လုပ်၍ တောင်သူလယ်သမားများလက်ဝယ်သို့ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရန် လက်တွေ့ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စိုက်ကွင်းအတွင်းရှိ နေကြာ စိုက်ခင်း၊ ထိုင်ဝမ်မူလမျိုး သဘော်မျိုးနှင့် ပိန္နဲသီးညှပ်စိုက်ခင်းများနှင့် ခာတုကင်းလွတ် ဟင်းသီးဟင်းရွက် သစ်သီးဝလံ အမယ်စုံစိုက်ခင်းများ၊ နာနတ်စိုက်ခင်းများ၊ ပိန်းဥစိုက်ခင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ခေတ်မီအအေးခန်းနှင့် သန့်စင်ထုပ်ပိုးစက်ရုံ၊ ခေတ်မီအဆင့်မြင့် ဆာတာကေးဆန်စက်ရုံနှင့် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ဂျူးမြစ် ၁၀ ဧက စိုက်ခင်းနှင့် အဆင့်မြင့် လယ်ယာသုံးစက်ကိရိယာတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ထားဝယ်သီတဂူအာရောဂျဒါနဆေးရုံတော်တွင် မျက်စိရောဂါအခမဲ့ကုသပေးမည်

ထားဝယ် အောက်တိုဘာ ၁၅

သီတဂူဆရာတော်ကြီး၏ သဒ္ဓါ၊ မေတ္တာ၊ ကရုဏာ၊ ပညာပြဋ္ဌာန်း၍ စီစဉ်ဆောင်ရွက်ခဲ့သော ထားဝယ်မြို့ သီတဂူ အာရောဂျဒါနဆေးရုံတော်တွင် မျက်စိဝေဒနာရှင်များကို အောက်တိုဘာ ၁၈ ရက်မှစ၍ အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်သည်။

မျက်စိ စမ်းသပ်ခွဲစိတ်ကုသရာတွင် အမေရိကန်နိုင်ငံမှ မျက်စိခွဲစိတ်ဆရာဝန်ကြီးများအဖွဲ့သည် Global Community Service Foundation(GCSF) USA ၏ ကူညီမှုဖြင့် ဒေသခံ အထူးကုဆရာဝန်ကြီးများနှင့် ပူးပေါင်းကာ အောက်တိုဘာ ၁၈ ရက်မှ ၂၆ ရက်အထိ မျက်စိဝေဒနာရှင်များကို အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး မျက်မှန်လိုအပ်သူများအတွက် ဖိုးသီးချို လှူပ်စစ်ဝန်ဆောင်မှုကုမ္ပဏီက အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

သီတဂူ အာရောဂျဒါနဆေးရုံတော်တွင် မျက်စိဝေဒနာရှင်များကို ကုသပေးနေစဉ်အတွင်း သီတဂူအာရောဂျဒါနဆေးရုံတော်၏ ပြင်ပလူနာ အခမဲ့ဆေးကုသမှုအစီအစဉ်ကို ခေတ္တရပ်နားထားမည်ဖြစ်သည်။ မျက်စိဝေဒနာရှင်များအနေဖြင့် မျက်စိရောဂါကုသလိုပါက သီတဂူအာရောဂျဒါနဆေးရုံတော်ရုံးခန်း ဖုန်း ၀၅၉-၂၃၄၅၄၊ ၀၉-၈၇၅၀၁၇၉ တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ဒီမော့ဆိုမြို့နယ် ထီးပွင့်ကန်သာယာလှပရေး စုပေါင်းသန့်ရှင်းဆောင်ရွက်

ဒီမော့ဆို အောက်တိုဘာ ၁၅

ဒီမော့ဆိုမြို့နယ် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ထီးပွင့်ကန်တော်အား ပြုပြင်ခြင်း၊ မြက်နုတ်ခြင်း၊ ကန်ပေါင်များကို ပြုပြင်ခြင်း၊ ရေဝင်ရေထွက်ကောင်းအောင် စီမံဆောင်ရွက်ခြင်း အဝင်လမ်းတစ်လျှောက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားကျောင်းကန်များကို သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘုန်းကြီးကျောင်းပရဝဏ်အတွင်း သာယာလှပစေရေးအတွက် သန့်ရှင်းရေးများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ထီးပွင့်ကန်တော်သည် ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စု ငွေတောင်ဆည်၏ အရှေ့မြောက်ဘက် ထီးပွင့်ကန်တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း၏ သာသနာ့မြေပရဝဏ်အတွင်း၌တည်ရှိပြီး ကန်တော်၏ အလျားမှာ ၂၂၇ ပေနှင့် အနံ ၁၁၅ ပေရှိပြီး ရွှံ့နုန်းများဖြင့် ထီးပွင့်သဏ္ဌာန် ရေပြင်ပေါ်သို့ ပြူတက်ကာ ထူးဆန်းစွာ တည်ရှိလျက်ရှိသည်။

ထီးပွင့်ကန်တော်အား အများပြည်သူများ လာရောက်လေ့လာ အပန်းဖြေနားနေနိုင်ရန်အတွက် ရည်ရွယ်၍ ဒီမော့ဆိုမြို့နယ် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ပုံမှန်သန့်ရှင်းရေးဆောင်ရွက်ပေးလျက် ရှိသည်။

ထီးပွင့်ကန်တော်သို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးယာဉ်များ၊ ကျောင်းသား ကျောင်းသူများ၊ လေ့လာရေး ခရီးသည်ယာဉ်များ၊ ဒေသခံပြည်သူများ နေ့စဉ်နှင့်အမျှ လာရောက်လေ့လာကြသည်။ ယခုအချိန်တွင် နိုင်ငံခြားသားခရီးသည်များလည်း လာရောက်လေ့လာကြသည်ကို တွေ့ရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုသည် အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်မည့်သူကို ရှာဖွေလျက်ရှိပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီတွင် နိုင်ငံတကာအဆင့်မီ စိတ်ကူးနှင့် ဘဏ္ဍာရေးလုပ်ငန်းလုပ်ကိုင်မှုအတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားပါသည်။ မြေပိုင်ရှင်များအနေဖြင့် ၄င်းတို့၏မြေပေါ်တွင် အဆောက်အအုံဆောက်လိုပါက ကျွန်ုပ်တို့ဘက်မှ အကောင်းဆုံးဆောက်လုပ်ပေးပါမည်။ မြန်မာနိုင်ငံမှ စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လိုပါသည်။ ပူးပေါင်းဆောင်ရွက်မည့် မြန်မာအင်ဂျင်နီယာများကိုလည်း နိုင်ငံတကာစံချိန်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရန်နှင့် နိုင်ငံခြားအင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန် သင်တန်းများပို့ချကူညီပေးသွားမည်ဖြစ်ပါသည်။

(၁) ပုဂ္ဂလိက(သို့မဟုတ်) ကုမ္ပဏီဧရိယာ ၂ ဧကမှ ဧက ၂၀အတွင်း နေရာကောင်း အဆောက်အအုံ ဆောက်နိုင်သောနေရာ။
(၂) နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုအရ ဝင်ငွေကိုခွဲဝေခြင်း။
(၃) မြို့လယ်ကောင်မြေနေရာ (သို့မဟုတ်) ယာဉ်အသွားအလာများသော လမ်းမကြီးဘေး။

ဖုန်း-၀၉-၄၃၁၀၀၈၈၄၊ ၀၁-၆၆၇၆၁၈၊ ၀၉-၄၅၀၀၁၁၀၂၇၊ ၀၉-၈၆၃၄၀၉၉
E-mail:braver 2013 ww.@gmail.com

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂလူသားများအခြေချနေထိုင်မှုအစီအစဉ်၊ အမှုဆောင်ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂလူသားများ အခြေချနေထိုင်မှုအစီအစဉ်၊ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Joan Clos ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်ဇော်၊ ဦးတင်ငွေ၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဦးစိုးတင့်နှင့် ဦးဘုန်းဆွေတို့ တက်ရောက်ကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂ လူသားများအခြေချနေထိုင်မှု အစီအစဉ် (UN- Habitat) တို့ပူးပေါင်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၁၄ ခုနှစ်တွင် ကိုလံဘီယာမြို့၌ကျင်းပမည့် ကမ္ဘာ့မြို့ပြဖိုရမ်သို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂ လူသားများအခြေချနေထိုင်မှုအစီအစဉ် (UN- Habitat) အုပ်ချုပ်မှုကောင်စီအဖွဲ့တွင် မြန်မာနိုင်ငံမှ အလှည့်ကျအဖွဲ့ဝင်များအဖြစ် ပါဝင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးကော်မတီ ဖွဲ့စည်း သက်ဆိုင်ရာဆပ်ကော်မတီများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၁၅

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ ခဲ့သည့် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံသည် နိုင်ငံတကာအလယ်တွင် သာမက သမိုင်းတွင်ပါ ထင်ရှားသည့် ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဆပ်ကော်မတီ (၁၇)ရပ်ကို ဖွဲ့စည်းထားရှိရာ သက်ဆိုင်ရာဆပ်ကော်မတီများအနေဖြင့် အချင်းချင်း ညှိနှိုင်းဆောင်

ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)**ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှ လွှဲပြောင်းရယူခဲ့ပြီးနောက် အာဆီယံနိုင်ငံများ၏ ဦးစီးဦးဆောင်ပြုရမည့်တာဝန်သည် မြန်မာနိုင်ငံ၏ပခုံးပေါ် ရောက်ရှိလာပြီဖြစ်ကြောင်း၊ ဥက္ကဋ္ဌတာဝန် စတင်ထမ်းဆောင်ရန် ရက်ပေါင်း ၇၈ ရက်မျှသာ လိုတော့ကြောင်း၊ မကြာမီကကျင်းပ မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံမှ လိုက်ပါတက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်အဖွဲ့များ၊ လေ့လာသူများအနေဖြင့် မိမိတို့မြင်တွေ့ခဲ့ရသည်များအပေါ်တွင် အားနည်းချက်၊ အားသာချက်များ သုံးသပ်ဖော်ထုတ်နိုင်ကြလိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ဆောင်ရွက်မှုသည် မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည့်အခွင့်အရေးကောင်းဖြစ်ရာ ကြေညာချက်စာတမ်းများ ထုတ်ပြန်နိုင်ရန် ပြင်ဆင်ခြင်းမှစ၍ အစားအသောက်ကျွေးမွေးရေးနှင့် သန့်ရှင်းရေးတာဝန်များအထိ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ အသေးစိတ် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးစီမံခန့်ခွဲရန် ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရွက်သွားကြဖို့လိုအပ်ကြောင်း၊ လုပ်ငန်းများညှိနှိုင်းရာတွင် နိုင်ငံခြားရေးဝန်ကြီး၊ အာဆီယံရေးရာ ဦးစီးဌာန၌ အခြေစိုက်သော မဏ္ဍိုင်ကြီး(၃)ရပ်မှ တာဝန်ရှိသူများပါဝင်သည့် အမျိုးသားအတွင်းရေးမှူးရုံး (ASEAN- Myanmar National Secretariat) မှ တစ်ဆင့်လည်း ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတွင် ၂၀၁၄ ခုနှစ်အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက ဆပ်ကော်မတီများအလိုက် လုပ်ငန်းပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း ကုန်ပစ္စည်းကြော်ငြာများဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၁၅

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/ရုံများ၊ အားကစားရွာနှင့်မြို့တွင်းလမ်းများ၊အဝိုင်းများတွင် လှပနေစေရေးအတွက် ပြိုင်ပွဲအထိမ်းအမှတ် Logo နှင့် Mascot အရုပ်များပါဝင်သည့် ကုန်ပစ္စည်းကြော်ငြာဘုတ်များ၊ ပိုစတာများ၊ A ဘုတ်များ၊ Banner များ စသည်တို့ကို ကြော်ငြာခွင့်စိစစ်ခွင့်ပြုသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

စိတ်ပါဝင်စားလိုသူများအနေဖြင့် ပြိုင်ပွဲအထိမ်းအမှတ် Logo နှင့် Mascot အရုပ်များပါဝင်သည့် မိမိတို့ကြော်ငြာလိုသော ကုန်ပစ္စည်းကြော်ငြာနမူနာများနှင့် Soft Copy ကို မိမိကုမ္ပဏီနှင့်သက်ဆိုင်သော ကြော်ငြာဖြစ်ကြောင်း ဝန်ခံချက်၊ ကြော်ငြာလိုသည့် အရေအတွက် ဖော်ပြချက်များနှင့်အတူ အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁) နေပြည်တော်နှင့် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ရန်ကုန်မြို့တို့သို့ အောက်တိုဘာ ၂၇ ရက်နောက်ဆုံးထား၍ ပေးပို့သွားကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးမိုးဇော်ထွတ် ညွှန်ကြားရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ် (၃၁) နေပြည်တော် ဖုန်း- ၀၉-၅၂၆၁၃၁၈၊ ၀၆၇-၄၀၆၂၃၈နှင့် ဒေါ်စောနှင်းထွေး လ/ထအင်ဂျင်နီယာ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ရန်ကုန်မြို့ ဖုန်း ၀၉-၅၆၈၀၁၂၁၊ ၀၁-၅၇၇၃၈၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၅

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ထူးခြားသည့် အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေခဲ့သော တိုင်ဖွန်းမုန်တိုင်း "နာရီ" (NARI) သည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ (Da Nang)အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။

မိုးအနည်းငယ်ပို

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

(မိုး/ဇလ)

အင်အားပြင်းထန်သောလျှင်လှုပ်

နေပြည်တော် အောက်တိုဘာ ၁၅

ယနေ့နံနက် ၆ နာရီ ၄၂ မိနစ် ၃၄ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက်မိုင် ၁၉၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ ဖိလစ်ပိုင်နိုင်ငံ (Mindanao, Philippines) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဥပဒေစကားဝိုင်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေစကားဝိုင်း

နေပြည်တော် အောက်တိုဘာ ၁၅

၁၅-၁၀-၂၀၁၂ ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေစကားဝိုင်းကို စီစဉ်တင်ဆက်သွားခဲ့ပါသည်။

ယနေ့အချိန်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များအကြားတွင်လည်းကောင်း၊ သတင်းမီဒီယာများတွင်လည်းကောင်း၊ ဆွေးနွေးနေကြသည်များမှာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်ရေးကြရန်၊ ပြင်ဆင်ကြရန်ဆိုသည့် အကြောင်းအရာပင်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အသက်ဖြစ်ပါသည်။ ပြည်သူများအားလုံးအခြေခံဥပဒေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ဥပဒေစကားဝိုင်းကိုရွေးချယ်ဆွေးနွေးတင်ပြခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများမှာ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေး ဦးသောင်းညွန့်၊ ကချင်တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင် ဒေါက်တာမနန်တူးဂျာ၊ Myanmar Peace Centre မှ ဥပဒေအကြံပေးပုဂ္ဂိုလ် ဒေါက်တာအင်ဒရူး ငွန်ကျိုးလျန်၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်ဦးကျော်ဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အငြိမ်းစားညွှန်ကြားရေးမှူး ဥပဒေပညာရှင် ဦးသန်းအောင်တို့ဖြစ်ပါသည်။

ဦးသောင်းညွန့်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်လာတဲ့ နောက်ခံသမိုင်းနှင့် ပတ်သက်၍ အကျဉ်းချုံးတင်ပြသွားပါမယ်။ ၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူပြီးတဲ့နောက်ပိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်မယ်ဆိုပြီးတော့ ကြေညာခဲ့ပါတယ်။ ဒီလိုကြေညာခဲ့တဲ့အခါမှာ အဲဒီတုန်းက အခြေအနေက ၁၉၈၈ ခုနှစ်မတိုင်မီမှာ ကျွန်တော်တို့ နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်ကြည့်တဲ့အခါကျတော့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ပါတီစနစ်နဲ့ ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်ဖို့ဆိုတဲ့ အခြေခံနဲ့ ရေးသားပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ဒီတော့ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ဖို့အတွက်ကို ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို သုံးစွဲပြီးတော့မှ ဆောင်ရွက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို သုံးစွဲပြီးတော့ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကိုသွားဖို့ မဖြစ်နိုင်တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်နိုင်အောင် အခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းဖို့အတွက် လိုအပ်လာပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ဖို့အတွက်အခြေခံဥပဒေအသစ်ဆွဲဖို့အတွက်စဉ်းစားတဲ့အခါကျတော့ နည်းလမ်းမျိုးစုံကို စဉ်းစားကြပါတယ်။ နည်းလမ်းမျိုးစုံကို စဉ်းစားတဲ့အခါကျတော့ အကောင်းဆုံးနည်းလမ်းကဘာလဲဆိုတော့ အမျိုးသားညီလာခံကျင်းပပြီး အဲဒီအမျိုးသားညီလာခံကနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်အောင် လိုအပ်တဲ့အခြေခံမူတွေချမှတ်ပေးဖို့ဆိုပြီး စဉ်းစားလို့ရခဲ့ပါတယ်။ ဒီလို စဉ်းစားနိုင်အောင် အမျိုးသားညီလာခံကျင်းပရေးကိစ္စနဲ့ ပတ်သက်ပြီး အဲဒီတုန်းက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၂၈-၅-၁၉၉၂ ရက်နေ့မှာ တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီတွေရယ်၊ အဲဒီတုန်းက ရွေးကောက်ပွဲမှာ ရွေးချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်တွေရယ်၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေရယ်ကို ဖိတ်ခေါ်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရေးနဲ့ ပတ်သက်ပြီးတော့ အကြိုညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် လုပ်ခဲ့ပါတယ်။ အဲဒီအကြိုညှိနှိုင်းဆွေးနွေးပွဲကို ၂၃-၆-၁၉၉၂ ရက်နေ့ကနေ ၁၀-၇-၁၉၉၂ ရက်နေ့အထိ ဆွေးနွေးညှိနှိုင်းခဲ့တဲ့ ရလဒ်ကအားလုံးတက်ရောက်လာကြတဲ့သူတွေက ဖွဲ့စည်းပုံအသစ်ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံတစ်ရပ်ခေါ်ယူဖို့ဆိုပြီး သဘောတူကြပါတယ်။ ဒါက ပထမအချက်အနေနဲ့ပါ။

နောက်တစ်ချက်ကတော့ ဒီအမျိုးသားညီလာခံခေါ်ယူကျင်းပခဲ့တဲ့အခါမှာ ဒီညီလာခံကြီးကို တက်ရောက်မယ့်ကိုယ်စားလှယ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ တရားဝင်တည်ရှိနေတဲ့ ပါတီတွေထဲက ကိုယ်စားလှယ်တွေ၊ ရွေးချယ်တင်မြှောက်ခံရတဲ့ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားမျိုးနွယ်တွေ၊ လူမျိုးစုကိုယ်စားလှယ်တွေပေါ့လေ၊ တောင်သူလယ်သမားကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ အခြားဖိတ်ကြားသင့်တဲ့ပုဂ္ဂိုလ်တွေ စသည်ဖြင့် အစုအဖွဲ့စုစုပေါင်း (၈)ဖွဲ့က ကိုယ်စားလှယ်တွေကို ဖိတ်ကြားပြီး ညီလာခံကျင်းပသင့်တယ်ဆိုပြီး ညှိနှိုင်းရရှိခဲ့ပါတယ်။

အဲဒီညှိနှိုင်းရရှိတဲ့အချက်နှစ်ချက်အပေါ် မူတည်ပြီး ၉-၁-၁၉၉၃ ရက်နေ့မှာ စတင်ကျင်းပခဲ့ပါတယ်။ ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့မှ ညီလာခံကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်နဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။

အဲဒီကျင်းပတဲ့နေရာမှာ တရားဝင်တည်ရှိနေတဲ့ အဓိကနိုင်ငံရေးပါတီလို့ဆိုရမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီတို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ စတဲ့ပါတီတွေမှာပါတဲ့ ကိုယ်စားလှယ်တွေ ပါခဲ့ပါတယ်။ အဲဒီ ၉-၁-၁၉၉၃ ရက်နေ့က စတင်ကျင်းပခဲ့တဲ့ ညီလာခံကြီးမှာ အခြေခံဥပဒေရေးဆွဲနိုင်ဖို့အတွက် လိုအပ်တဲ့ အခန်းခေါင်းစဉ်တွေ၊ အခြေခံမူတွေ ချမှတ်နိုင်ခဲ့ပါတယ်။

ညီလာခံကြီး ချောချောမွေ့မွေ့နဲ့ ကျင်းပနေတဲ့အချိန်မှာ ၃၀-၃-၁၉၉၆ ရက်နေ့ကျတော့ ညီလာခံကြီးကို ယာယီရပ်ဆိုင်းလိုက်ရတဲ့အခြေအနေမျိုး ဖြစ်လာပါတယ်။ ညီလာခံကြီးကို ဘာကြောင့် ယာယီရပ်ဆိုင်းလိုက်ရသလဲဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ရှင်းလင်းလိုပါတယ်။ ညီလာခံကြီးကျင်းပနေတဲ့အချိန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကနေပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နဲ့ လုပ်ငန်းကော်မတီကို ၄င်းတို့ပါတီနဲ့ အစိုးရအဖွဲ့ တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးပါဆိုပြီး တင်ပြလာပါတယ်။

ဒီလိုတင်ပြလာတဲ့အခါ ကျွန်တော်တို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ရယ်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရယ်ကို ပေးထားတဲ့တာဝန်က အခုလိုနိုင်ငံရေးပါတီတစ်ခုခုက အစိုးရအဖွဲ့နဲ့တွေ့ဆုံဆွေးနွေးဖို့ဆိုတဲ့ လုပ်ပိုင်ခွင့်ပေးမထားပါဘူး။ အဲဒီလိုပေးမထားတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တင်ပြချက်ကို ဆောင်ရွက်မပေးနိုင်ခဲ့ပါဘူး။ အဲဒီလိုဆောင်ရွက်မပေးနိုင်တဲ့အတွက်ကြောင့်လည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားညီလာခံကို ဆက်မတက်ဘဲနေခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ ၃၀-၃-၁၉၉၆ ရက်နေ့မှာ ယာယီရပ်ဆိုင်းထားတဲ့ ဒီအမျိုးသားညီလာခံကြီးကို ၃၀-၈-၂၀၀၃ ရက်နေ့မှာ နိုင်ငံတော်ကနေပြီး ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြေညာလိုက်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေး ဥပဒေစကားဝိုင်း ဆွေးနွေးပွဲ ကျင်းပနေစဉ်။

အဲဒီလိုကြေညာလိုက်တဲ့အခါမှာ ပထမဦးဆုံးဆောင်ရွက်မယ့်အစီအစဉ်က ရပ်ဆိုင်းထားတဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပဖို့ ဖြစ်ပါတယ်။ အဲဒီလို အစီအစဉ်ပါတာနဲ့အညီ အမျိုးသားညီလာခံကို ၁၇-၅-၂၀၀၄ ရက်နေ့ ပြန်လည်ကျင်းပခဲ့ပါတယ်။ အဲဒီလိုပြန်လည်ကျင်းပဖို့ စီစဉ်တဲ့အခါမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကျွန်တော်တို့နဲ့အတူ အမျိုးသားညီလာခံပြန်လည်တက်ရောက်ပြီး ဆောင်ရွက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမယ့် မတက်ရောက်ခဲ့ပါဘူး။ အဲဒီလို ၂၀၀၄ ခုနှစ်မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်ကျော်လောက် တက်ရောက်ခဲ့ပါတယ်။

မူလပထမပိုင်းမှာ ဖိတ်ကြားခဲ့တဲ့ အစုအဖွဲ့ (၈)ဖွဲ့၊ ညီလာခံကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်ကျော်လောက်နဲ့ ဆက်လက်ပြီးတော့ ကျန်ခဲ့တဲ့အပိုင်းတွေအတွက် အသေးစိတ်အခြေခံမူတွေ ဆက်လက်ချမှတ်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာမှာ ညီလာခံဟာ ၃-၉-၂၀၀၇ ရက်နေ့မှာ ကျန်တဲ့အပိုင်းတွေနဲ့ပတ်သက်ပြီးတော့ အမျိုးသားညီလာခံရဲ့ လိုအပ်တဲ့ အခြေခံမူတွေချမှတ်နိုင်တဲ့အတွက်ကြောင့် အမျိုးသားညီလာခံရဲ့လုပ်ငန်းတာဝန်အားလုံး ချောချောမောမောနဲ့ ပြီးဆုံးခဲ့ပါတယ်။

တစ်ခုရှိတာက အားလုံး နိုင်ငံရေးပါတီတွေ၊ တက်ရောက်လာခဲ့တဲ့ အစုအဖွဲ့ (၈)ဖွဲ့က ကိုယ်စားလှယ်တွေအားလုံး ညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နဲ့ ညီလာခံကြီးကို တက်ညီလက်ညီဆွေးနွေးကြပြီးတော့ ကိုယ့်ရဲ့အမြင်လေးတွေကို ဖော်ပြီးတော့မှ တင်ပြကြမယ်ဆိုလို့ရှိရင် ၁၉၉၆ ခုနှစ်က ရပ်ဆိုင်းထားခဲ့တဲ့ အမျိုးသားညီလာခံကြီးဟာ ဒီလောက်တောင်မှကြာချင်မှ ကြာလိမ့်မယ်လို့ တွေးစရာအချက်တစ်ချက်ရှိလာပါတယ်။ အမျိုးသားညီလာခံကနေပြီးတော့ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူတွေချမှတ်ပေးတဲ့အခါမှာ ဒီအခြေခံမူတွေအပေါ်မှာ မူတည်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲဖို့ တာဝန်တစ်ရပ်ဖြစ်လာပါတယ်။

အဲဒီတာဝန်ကိုထမ်းဆောင်နိုင်အောင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကနေပြီး အခြေခံဥပဒေရေးဆွဲရေးကော်မရှင်တစ်ရပ်ကို ၁၈-၁၀-၂၀၀၇ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီကော်မရှင်ကနေ အမျိုးသားညီလာခံကချမှတ်ပေးခဲ့တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေအပေါ်မူတည်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရာမှာ ၁၉-၂-၂၀၀၈ ရက်နေ့မှာ အောင်မြင်စွာ ရေးဆွဲပြီးစီးခဲ့ပါတယ်။

ဒါက ဒုတိယအဆင့်ဖြစ်သွားပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းလည်း ပေါ်ပေါက်လာပြီ။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပေါ်ပေါက်လာပြီးတဲ့အခါမှာ ဒါကိုပြည်သူတွေရဲ့ဆန္ဒ ခံယူဖို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေပြဋ္ဌာန်းချက်နဲ့အညီ အဆင့်ဆင့်သော ကော်မရှင်တွေကို ဖွဲ့စည်းပြီးတဲ့နောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပဖို့ ၁၀-၅-၂၀၀၈ ရက်နေ့ကို သတ်မှတ်ခဲ့ပါတယ်။

သို့သော်လည်း အဲဒီအချိန်မှာ မမျှော်လင့်ဘဲပေါ်ပေါက်လာတဲ့ နာဂစ်မုန်တိုင်းဒဏ်ကို ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းတို့က ခံခဲ့ရပါတယ်။ အဲဒါကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ မြို့နယ် (၄၀)နဲ့ ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့ မြို့နယ် (၇) မြို့နယ် စုစုပေါင်းမြို့နယ် (၄၇)မြို့နယ်အတွက် မူလသတ်မှတ်တဲ့ရက်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမယ့်ကိစ္စကို ယာယီရပ်ဆိုင်းထားပြီးတော့ ကျန်တဲ့တစ်ပြည်လုံးအတိုင်းအတာနဲ့ မြို့နယ် (၂၇၀) လောက်ကို မူလသတ်မှတ်တဲ့ရက်မှာပဲ အောင်မြင်စွာကျင်းပ ပြီးစီးခဲ့ပါတယ်။

နာဂစ်ဒဏ်ကြောင့် ယာယီရပ်ဆိုင်းထားခဲ့ရတဲ့ အဲဒီမြို့နယ် (၄၇)မြို့နယ်မှာ ၂၄-၅-၂၀၀၈ ရက်နေ့မှာ ဒီဆန္ဒခံယူပွဲကို ကျင်းပပေးနိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးတဲ့အခါမှာ ပြည်သူတွေရဲ့ဆန္ဒက စုစုပေါင်းထောက်ခံဆန္ဒမဲ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းပေးခဲ့တာကို မှတ်တမ်းမှတ်ရာတွေအရ သိရှိခဲ့ရပါတယ်။ ဒီတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကနေ အတည်ပြုပေးခဲ့ပါတယ်။ ၂၉-၅-၂၀၀၈ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းကြောင်းကြေညာပေးခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့သမိုင်းကြောင်းကတော့ ဒါလောက်ပါပဲ။ အဲဒီမှာတစ်ခုပြောချင်တာက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပတဲ့အခါမှာ နိုင်ငံတကာအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ၊ ပြီးတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ သံရုံးက သံအမတ်တွေနဲ့ သံအရာရှိတွေ၊ ဒီပုဂ္ဂိုလ်တွေကို ဆန္ဒမဲပေးနေတဲ့နေရာတွေမှာ တစ်ပြည်လုံးအတိုင်းအတာနဲ့ လေ့လာခွင့်တွေပေးခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေအနေနဲ့လည်း သူတို့တွေ့ရှိချက်အရ ကျေနပ်တဲ့ အနေအထားမျိုးသိရှိခဲ့ရပါတယ်။ ဒီတော့ ဒါဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့သမိုင်းကြောင်းကို အကျဉ်းအားဖြင့် ပြောဆိုလိုခြင်းဖြစ်ပါတယ်။

တစ်ခုက ဒီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တစ်ဖက်က အစိုးရအဖွဲ့၊ တရားရုံးချုပ် စသည်ဖြင့် ဖွဲ့ကြတယ်။ နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးမယ်၊ အချုပ်အခြာအာဏာကိုခွဲဝေကျင့်သုံးမယ့် Institutions တွေပေါ့လေ။ အဖွဲ့အစည်းတွေပေါ်လာတဲ့အခါမှာအခုဆိုရင် အခြေခံဥပဒေအရ သတ်မှတ်ထားတဲ့ သက်တမ်းငါးနှစ်ကာလမှာ အခု ဒီအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးနေတာဟာ သက်တမ်းထက်ဝက်၊ လပေါင်းအားဖြင့် ၃၀ကျော်၊ ဒီလောက်ကာလအတွင်းမှာ တစ်ဖက်က ပြည်ထောင်စုလွှတ်တော်ဆိုလည်း အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် ပူးပေါင်းထားတာ၊ ဒီဘက်က သမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့၊ ဒီ Institution နှစ်ခုသည် အခြေခံဥပဒေက မျှော်မှန်းတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ပတ်သက်လို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အနေအထားရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုတော့ အမှန်တကယ် လျှောက်လှမ်းနေပြီ။ ဒီမိုကရေစီလမ်းကြောင်းပေါ်တက်နေပြီ ဆိုတာကို ပြည်ပနိုင်ငံတွေကလည်း အသိအမှတ်ပြုလာကြပြီ။ အသိအမှတ် ပြုလာတာနဲ့အညီ နိုင်ငံတကာကနေ ကျွန်တော်တို့ကို လျစ်လျူရှုထားတဲ့ အခြေအနေကနေပြီးတော့ အခုပြည်ပနိုင်ငံတွေက နိုင်ငံအကြီးအကဲတွေ၊ ကိုယ်စားလှယ်တွေ၊ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ကိစ္စတွေ၊ ဒါတွေ တွေ့နေကြရပါပြီ။ ဆိုလိုတဲ့သဘောကတော့ ပြည်တွင်းတင်မကဘူး၊ နိုင်ငံတကာသည် ဒီမိုကရေစီလမ်းကြောင်းကို မြန်မာနိုင်ငံဟာ အမှန်တကယ် လျှောက်နေပါသလားဆိုတာကို လက်ခံလာကြတဲ့ အနေအထားတွေ့ရပါတယ်။

ဒီလို တိုတောင်းလှတဲ့ကာလလေးမှာ အခြေခံဥပဒေအရ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်ဟာ အခုနိုင်ငံတကာအသိအမှတ်ပြုလာတယ်။ သို့သော် စောစောက ဦးသန်းအောင်ပြောသွားသလို တချို့ပညာရှင်တွေ၊ တချို့နိုင်ငံရေးပါတီတွေ၊ တချို့ပုဂ္ဂိုလ်တွေဟာ ဒီအခြေခံဥပဒေကို အသစ်ရေးဆွဲဖို့လိုတယ်။ ဒါမှမဟုတ် ပြင်ဆင်ဖို့လိုတယ် စသည်ဖြင့် အဲဒီလိုဆွေးနွေးကြတဲ့အနေအထားမှာ အင်္ဂလိပ်လိုပြောရင် Premature ပေါ့လေ။ သိပ်များစောလွန်းမနေဘူးလား။ ဘာလို့လဲ ကျွန်တော်တို့က ဒီမိုကရေစီကျင့်စဉ်နဲ့ ပတ်သက်လို့ အလှမ်းကွာခဲ့တာက ၁၉၆၂ ခုနှစ်ကနေပြီး ၂၀၁၀ ခုနှစ်ထိအောင် အလှမ်းကွာခဲ့တယ်။ ဒီကာလအတွင်းမှာ ဒီမိုကရေစီကျင့်စဉ်ကို ပြည်သူတွေအနေနဲ့လည်းပဲ အခွင့်အရေးမရခဲ့ကြသလို ပေါ်ပေါက်ခဲ့တဲ့ လွှတ်တော်ကလည်း ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးခဲ့ရတဲ့အခြေအနေမရှိပါဘူး။ ဒီတော့ ဒီအခြေအနေလေးမှာ အတိုင်းအတာတစ်ရပ်ထိအောင် ဒီအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးပြီးတော့မှ လိုအပ်တဲ့ပြင်ဆင်ဖို့သင့်တယ်ဆိုလို့ရှိရင်လည်း ပြင်ဆင်ဖို့သင့်တဲ့ကိစ္စလေးတွေကို အားလုံးညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နဲ့ စိတ်ရှည်လက်ရှည်နဲ့ ဆောင်ရွက်ကြမယ်ဆိုရင် ပြည်သူတွေမျှော်မှန်းတဲ့ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ဆိုတဲ့ ပန်းတိုင်သည် အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်၊ ညင်ညင်သာသာလေးနဲ့ရောက်သွားလိမ့်မယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်အကျဉ်းချုံးပြီးတော့ တင်ပြတာဖြစ်ပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့၊ အခုလိုဆရာဆွေးနွေးသွားတဲ့အတွက် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သမိုင်းနောက်ခံလေးတွေကို မသိသေးတဲ့သူတွေလည်း သိသွားရသလို၊ သိရှိပြီးသားသူတွေအတွက်လည်း ပြန်လည်အမှတ်ရစေပါတယ်။ အသစ်ရေးမလား၊ ပြင်ဆင်မလားဆိုတဲ့ စဉ်းစားစရာတွေးခေါ်စရာကိစ္စနဲ့ပတ်သက်လို့ ဆရာရဲ့အမြင်လေးကို တင်ပြသွားတဲ့အတွက်ကြောင့် ပြည်သူတွေအများကြီးဗဟုသုတရကြမှာဖြစ်ပါတယ်။ ဆက်ပြီးတော့ ဆရာ ဒေါက်တာမနန်တူးဂျာက

စာမျက်နှာ ၅ သို့

ဥပဒေစကားဝိုင်း

ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ **အမည်**–
ဦးသောင်းညွန့်
၂။ **ပညာအရည်အချင်း**–
B.Sc,BL(Advocate)
၃။ **မွေးဖွားရာဇာတိ** –
မိတ္ထီလာမြို့
၄။ **တာဝန်ထမ်းဆောင်ခဲ့မှု မှတ်တမ်း**–
၁၉၆၀-၁၉၆၇ အထိ နယ်ပိုင်၊ တရားမနှင့် အထူးအာဏာရ ရာဇဝတ် တရားသူကြီး၊ ၁၉၆၉ -၁၉၇၄ အထိ ရာဘက်ဆိုင်ရာ တရားမနှင့် စက်ရှင်တရားသူကြီး ရာထူးဖြင့် ရန်ကုန်မြို့တော် တရားမရုံးတွင် ဒုတိယတရားသူကြီး တာဝန်ထမ်းဆောင်၊ ၁၉၇၄-၁၉၈၈ အထိ နိုင်ငံတော်ကောင်စီ ဥပဒေပညာရှင်၊ ၁၉၈၈-၁၉၉၂ အထိ ညွှန်ကြားရေးမှူးချုပ် ရှေ့နေချုပ်ရုံး၊ ၁၉၉၂-၁၉၉၅ အထိ ဥပဒေအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး၊ ၁၉၉၅- ၂၀၁၁ အထိ အစိုးရအဖွဲ့ရုံးဝန်ကြီး၊ ၁၉၉၃-၂၀၀၇ အထိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးတာဝန်။
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု**–
နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ဝင်

ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ **အမည်** – ဦးသန်းအောင်
၂။ **ပညာအရည်အချင်း**–
ဝိဇ္ဇာ(ဥပဒေဘွဲ့)
၃။ **မွေးဖွားရာဇာတိ** –
ရန်ကုန်မြို့
၄။ **တာဝန်ထမ်းဆောင်ခဲ့မှု မှတ်တမ်း**–
ညွှန်ကြားရေးမှူး(ငြိမ်း)၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု**–
ဥပဒေပညာရှင်။

ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ **အမည်** – ဦးကျော်ဝင်း
၂။ **ပညာအရည်အချင်း**–
သိပ္ပံဘွဲ့(ဓာတု)
၃။ **မွေးဖွားရာဇာတိ** – မုံရွာမြို့
၄။ **တာဝန်ထမ်းဆောင်ခဲ့မှု မှတ်တမ်း**–
စာရေးဆရာ
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု**–
စာရေးဆရာ၊ အမျိုးသားလွှတ်တော်(နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မတီဝင်)

ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ **အမည်** –
ဒေါက်တာမနန်တူးဂျာ
၂။ **ပညာအရည်အချင်း**-
B.D.S ရန်ကုန်
၃။ **မွေးဖွားရာဇာတိ**–
မိုးညှင်းမြို့နယ်၊
ပါဟုတ်ကျေးရွာ
၄။ **တာဝန်ထမ်းဆောင်ခဲ့မှု မှတ်တမ်း**–
သွားဘက်ဆိုင်ရာဆရာဝန်
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု** – လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ ထူထောင်ရန် ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားဆဲ။

ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ **အမည်** – ဒေါက်တာ
အင်ဒရူးငွန်ကျုံးလျန်
၂။ **ပညာအရည်အချင်း**–
ဖွဲ့စည်းပုံအခြေခံဥပဒေ ဘာသာရပ်နှင့် ဥပဒေပါရဂူဘွဲ့ရ (အမေရိကန်)
၃။ **မွေးဖွားရာဇာတိ** – မတူပီမြို့
၄။ **တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း**–
ဘွဲ့လွန်ပါရဂူသုတေသီ (အမေရိကန်)၊ တွဲဖက်ညွှန်ကြားရေးမှူး၊ ဒီမိုကရေစီ အခြေခံဥပဒေဌာန(အမေရိကန်)
၅။ **လက်ရှိတာဝန်ထမ်းဆောင်မှု**– ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းဗဟိုဌာန၊
ဥပဒေအကြံပေး

စာမျက်နှာ ၄ မှ

တိုင်းရင်းသားတွေရဲ့ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိစေဖို့နဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တာလေးတွေ၊ ဖြည့်စွက်သင့်တာလေးတွေများရှိခဲ့ရင်လည်း ဆရာရဲ့ အမြင်လေးကို တင်ပြဆွေးနွေးပေးစေချင်ပါတယ်ခင်ဗျာ။

ဒေါက်တာ မနန်တူးဂျာ

ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးရမယ်ဆိုရင် လက်ရှိ ၂၀၀၈ အခြေခံဥပဒေတည်ဆောက်ပုံဟာ ပြည်ထောင်စုစနစ်ပုံစံဖြစ်တယ်လို့မြင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီအခြေခံဥပဒေမှာ အခြေခံဥပဒေတွေရဲ့ အခရာဖြစ်တဲ့ အာဏာမဏ္ဍိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာသုံးရပ်စလုံးကို ပြဋ္ဌာန်းထားတယ်၊ ပြီးရင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကိုလည်း ခွဲဝေပေးထားတာတွေ့ရပါတယ်။ ဆွေးနွေးချင်တာတစ်ခုက လက်ရှိအခြေခံဥပဒေဟာ လွန်ခဲ့တဲ့အခြေခံဥပဒေတွေဖြစ်တဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေများထက် သာလွန်တဲ့အချက်တွေလည်းရှိပါတယ်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့ပတ်သက်ပြီး ပြောမယ်ဆိုလို့ရှိရင် လက်ရှိအခြေခံဥပဒေရဲ့ အားသာချက်က ၁၉၄၇ ခုနှစ်အခြေခံဥပဒေဟာ တစ်ပြည်ထောင်စနစ်ဖြစ်တာနဲ့အညီ ဥပဒေပြုရေးအာဏာကို ပြည်နယ်တွေကို ခွဲမပေးထားဘူး။ ဒါကြောင့် အဲဒီအချိန်အခါတုန်းက ပြည်နယ်တွေမှာ လွှတ်တော်ဆိုတာမရှိခဲ့ဘူး။ ဒါပေမယ့် အခုလက်ရှိအခြေခံဥပဒေအနေနဲ့ကတော့ ဥပဒေပြုရေးအာဏာကိုလည်း ပြည်နယ်တွေကိုခွဲထားပေးတဲ့အတွက်ကြောင့် လက်ရှိအချိန်အခါမှာ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ ဥပဒေပြုလွှတ်တော် ပေါ်ပေါက်လာပြီဖြစ်ပါတယ်။

၁၉၇၄ ခုနှစ် အခြေခံဥပဒေထက်သာလွန်တဲ့အချက်ကို ပြောမယ်ဆိုလို့ရှိရင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာ တစ်ပါတီဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ပြဋ္ဌာန်းတဲ့ အခြေခံဥပဒေဖြစ်ပါတယ်။ အခုလက်ရှိ အခြေခံဥပဒေကျတော့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေဖြစ်တယ်။ ဒါတွေဟာ သာလွန်ချက်တွေဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ဆွေးနွေးချင်တာက အခုလက်ရှိ အခြေခံဥပဒေဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း ယခင်အခြေခံဥပဒေနှစ်ရပ်ထက်ပိုပြီးပေးထားတာတွေ့ရပါတယ်။ ဥပမာပြောရမယ်ဆိုရင် ခုနတင်ပြခဲ့သလို ဒီပြည်နယ်တွေမှာ လွှတ်တော်ဆိုတာလည်း ရှိပါတယ်။ ပြီးရင် ဝန်ကြီးချုပ်ဦးဆောင်တဲ့ ပြည်နယ်အစိုးရဆိုတာလည်း သတ်သတ်မှတ်မှတ် ဖွဲ့စည်းထားတာရှိပါတယ်။

အလားတူပဲ ပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေထဲက ပြည်နယ်မရရှိတဲ့ တိုင်းရင်းသားများအနေနဲ့ မိမိတို့နေထိုင်ကြတဲ့ပြည်နယ်တွေမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဆိုတာတွေကိုသတ်မှတ်ဖွဲ့စည်းပေးထားတာကို တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အခုလက်ရှိသုံးစွဲနေတဲ့ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ တိုင်းရင်းသားများရဲ့ အခွင့်အရေးတွေဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော်တင်ပြချင်တာက အခုလက်ရှိအခြေခံဥပဒေကို လိုအပ်သလိုပြင်ဆင်သွားတယ်ဆိုရင် နောင်တစ်ချိန်ကျလို့ရှိရင် အများကလိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုတဲ့အဆင့်ကို ကျွန်တော်တို့ရရှိသွားနိုင်တယ်လို့ မြင်ပါတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုလို့ရှိရင် အခုလက်ရှိမှာလည်း ပြည်နယ်နဲ့တိုင်းဥပဒေပြုရေးအာဏာတွေ ပေးထားပါတယ်။ လွှတ်တော်တွေရှိပါတယ်။ နောက်ပြီးတော့ ဒီဥပဒေပြုရေးအာဏာတွေကို ဒီထက်မကပိုပြီးတိုးမြှင့်ပေးလိုက်မယ်ဆိုရင် အများပြည်သူတွေလိုလားတောင့်တနေတဲ့အဆင့်ကို ရောက်သွားတယ်လို့ ကျွန်တော်မြင်ပါတယ်။

အလားတူပဲ ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေမှာ ဖွဲ့စည်းထားတဲ့ အစိုးရတွေနဲ့ပတ်သက်ပြီး ဗဟိုအစိုးရအနေနဲ့ ဘယ်သူတွေက ပါဝါတွေကို လျှော့တန်သလောက်လျှော့ချပြီး ပါဝါ Decentralization လုပ်တန်သလောက်လုပ်ပြီးတော့မှ ပြည်နယ်အစိုးရတွေကို အာဏာတိုးပေးမယ်ဆိုရင်၊ ပြီးတော့ သယံဇာတနဲ့ပတ်သက်ရင်လည်း ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာတွေ့တဲ့ သယံဇာတတွေကို ပြည်နယ်အစိုးရနဲ့ ဗဟိုအစိုးရအကြား ညှိနှိုင်းဆောင်ရွက်ပြီးမှ မျှမျှတတခွဲဝေသုံးစွဲနိုင်ကြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အားလုံး မျှော်မှန်းနေတဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးအဆင့်ကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခုလက်ရှိအခြေခံဥပဒေကို တဖြည်းဖြည်းချင်းလိုအပ်သလို ပြင်ဆင်သွားခြင်းအားဖြင့် နောင်တစ်ချိန်ကျလို့ရှိရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည့်စုံတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုအဆင့်ကို ရောက်ရှိသွားနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော်ဆက်လက်ဆွေးနွေးတင်ပြချင်တဲ့အချက်ကတော့ တန်းတူညီမျှရေးဖြစ်ပါတယ်။ အဲဒီတန်းတူညီမျှရေးနဲ့ ပတ်သက်ပြီးတော့မှပြောမယ်ဆိုလို့ရှိရင်တော့ လူမျိုးအရသော်လည်းကောင်း၊ ကိုးကွယ်တဲ့ဘာသာရေးအရသော်လည်းကောင်း ခွဲခြားဆက်ဆံခြင်းမရှိဘဲနဲ့ ဒီမိုကရေစီအစိုးရအောက်မှာ အားလုံးတန်းတူအခွင့်အရေးရမယ်ဆိုရင် ဒီကိစ္စပြေလည်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားများအနေနဲ့ အဓိကထားကြတဲ့ စာပေယဉ်ကျေးမှု အစရှိတာတွေကိုလည်း အစိုးရအနေနဲ့ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်၊ ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ပေးလိုက်ကြမယ်ဆိုလို့ရှိရင် တိုင်းရင်းသားများ ပျော်ရွှင်ကျေနပ်ကြမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ချုပ်ပြီး ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အခုလက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လိုအပ်သလို တဖြည်းဖြည်းချင်းပြုပြင်သွားမယ်ဆိုရင် နောင်တစ်ချိန်မှာ ကျွန်တော်တို့ လိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုအဆင့်ကို ရောက်ရှိသွားနိုင်ပါတယ်လို့ ကျွန်တော် အခိုင်အမာယုံကြည်တယ်လို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့ အခုလို ဆရာအနေနဲ့ ဆရာ့ရဲ့ အမြင်လေးကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးသွားတဲ့အတွက် ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးနဲ့ ပတ်သက်ပြီး ဆရာရဲ့ အကြံပြုချက်လေး၊ ဆွေးနွေးချက်လေးကို ရှင်းရှင်းလင်းလင်းသိလိုက်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ဆရာဒေါက်တာ အင်ဒရူးငွန်ကျုံးလျန်အနေနဲ့ သယံဇာတအရင်းအမြစ်တွေနဲ့ ဘဏ္ဍာငွေတွေကို ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ ဘယ်လိုခွဲဝေသင့်တယ်ဆိုတာနဲ့ပတ်သက်ပြီး ဆရာ့အမြင်လေးကို တင်ပြဆွေးနွေးပေးစေလိုပါတယ် ခင်ဗျ။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ်က ဂုဏ်ပြုကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၅

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင် လှိုင်အား တရုတ်ပြည်သူ့လွတ်မြောက် ရေးတပ်မတော်စစ်ဦးစီးချုပ် General Fang Fenghui က ဂုဏ်ပြု ကြိုဆိုသည့်အခမ်းအနားကို အောက် တိုဘာ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပေကျင်း မြို့ရှိ Bayi တပ်မတော်ခန်းမ၌ ကျင်းပ သည်။

ပထမဦးစွာ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်အား တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ်က ၎င်းနှင့်အတူ ကြိုဆို နှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့ဝင်များနှင့် ပြန်လည် မိတ်ဆက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်စစ် ဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့် ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြု ခြင်းကို ခံယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့လွတ် မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေး ကြသည်။

ထို့နောက် Bayi အစည်းအဝေး ခန်းမတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့ တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ်ဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြ သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် General Fang Fenghui တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တရုတ်- မြန်မာနှစ်နိုင်ငံသည် သမိုင်းအစဉ် အလာအရ နိုင်ငံတော်အစိုးရချင်း ချစ်ကြည်ရင်းနှီးသည့်အပြင် တပ် မတော်အချင်းချင်းလည်း ချစ်ကြည် ရင်းနှီးမှုအပြည့်အဝရှိပြီး သံတမန် ဆက်ဆံရေး၊ စစ်သံဆက်ဆံရေး၊ အိမ်နီးချင်းဆက်ဆံရေးတို့နှင့် ပြည့်စုံ ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ One China Policy ကိုထောက်ခံကြောင်းကို ထပ်လောင်း အတည်ပြုပြောကြားလိုကြောင်း၊ မိမိ တို့အခက်အခဲနှင့် ရင်ဆိုင်ရသည့် အချိန်များတွင်လည်း တရုတ်နိုင်ငံ အနေဖြင့် မိမိတို့နိုင်ငံဘက်မှ မားမား မတ်မတ်ရပ်တည်ပေးသည့် မိတ်ဆွေ စစ်၊ မိတ်ဆွေမှန်များဖြစ်သည့်အတွက် နှစ်နိုင်ငံယုံယုံကြည်ကြည်ဖြင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း နိုင်ငံများ၊ အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေး တိုးမြှင့်လုပ်ဆောင်နေ ကြောင်း၊ မိမိတို့တွင် မိတ်ဆွေနိုင်ငံများ သာရှိပြီး ရန်သူမရှိသကဲ့သို့ မိတ်ဆွေ ကိုလည်း ရန်သူမဖြစ်စေပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်လုံခြုံ အောင် ကာကွယ်ရန် အဓိကတာဝန် ရှိကြောင်း၊ နိုင်ငံတော်လုံခြုံရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

နှစ်နိုင်ငံ နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါး လုံးဝကင်းစင်အောင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ် ကြောင်း၊ လက်ရှိတွင် ထာဝရငြိမ်းချမ်း ရေးအတွက် အချက်(၄)ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားရန်၊ ငြိမ်းချမ်းရေးလုပ်ဆောင်မှု အပေါ်တွင် ရိုးသားမှုရှိရန်၊ အမြတ် မထုတ်ရန်၊ ပြည်သူလူထုအပေါ် ဖိအားပေးမှုမဖြစ်စေရန်တို့ကို အဓိက ထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမှန်တကယ်ငြိမ်းချမ်းရေးကို လိုချင် ပါက ငြိမ်းချမ်းရေးမရစရာအကြောင်း မရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စု မှ ခွဲထွက်မည်ကို လက်မခံကြောင်း၊ တိုင်းပြည်အန္တရာယ်ရှိနိုင်သည့်ကိစ္စ များကိုလည်း လက်မခံနိုင်ကြောင်း၊ မိမိတို့နိုင်ငံ မြောက်ပိုင်းကိစ္စရပ်များ အား အမှန်တကယ်ငြိမ်းချမ်းစေလို သည့်စိတ်ဖြင့် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်လုံခြုံရေး အတွက် ဆက်လက်ကြိုးပမ်းဆောင် ရွက်မည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာသည် ထက်ခိုင်မာအောင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေး ပြောကြားခဲ့ကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်က ငြိမ်းချမ်း စွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်အပေါ် အခြေခံသည့် တရုတ်- မြန်မာဆက်ဆံရေးသည် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် ကျယ်ပြန့် ပါကြောင်း၊ တရုတ်-မြန်မာမဟာဗျူဟာ မြောက် ဘက်စုံပူးပေါင်းဆောင်ရွက် ရေး၏ရလဒ်များကို ထိန်းသိမ်းပြီး ပိုမို တိုးတက်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသတွင် မြန်မာအစိုးရကို ဆန့်ကျင်သည့်လှုပ်ရှားမှုများကို ခွင့် မပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ် အခြာအာဏာပိုင်စိုးမှုကို လေးစားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်များကိုလည်း ထောက်ခံ ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ်တို့သည် နှစ်နိုင်ငံတပ်မ တော်နှစ်ရပ်အကြား သဘောတူညီ ချက်များကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မ တော်စစ်ဦးစီးချုပ်က ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံသည်။

ညစာစားပွဲအပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်တို့သည် အထိမ်းအမှတ် တံဆိပ်နှင့် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေကျင်းမြို့ သံချပ်ကာအင်ဂျင်နီယာတက္ကသိုလ် လေယာဉ်တည်ဆောက်မှုနည်းပညာနှင့်စက်မှုကော်ပိုရေးရှင်းနှင့် NORINCO ကုမ္ပဏီတို့သို့ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ပေကျင်းမြို့ရှိ သံချပ်ကာ အင်ဂျင်နီယာတက္ကသိုလ် သို့ သွားရောက်လေ့လာကြရာ သံချပ် ကာ အင်ဂျင်နီယာတက္ကသိုလ်မှ Political Commissar Major General Xia Xiaopeng က သံချပ် ကာအင်ဂျင်နီယာတက္ကသိုလ် ဖွင့်လှစ် သင်ကြားလေ့ကျင့်မှုများကို ရှင်းလင်း တင်ပြခဲ့သည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် သံချပ်ကာတိုက်ယာဉ်များနှင့် လေ့ ကျင့်မောင်းနှင်မှုတို့ကို လှည့်လည် ကြည့်ရှုခဲ့ကြပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပေကျင်းမြို့ တရုတ်နိုင်ငံ လေယာဉ်တည်ဆောက် မှုနည်းပညာနှင့်စက်မှုကော်ပိုရေးရှင်း (CASIC) အမှတ်(၃) ဌာနခွဲသို့ ရောက်ရှိကာ ပြခန်းအတွင်း ခင်းကျင်း ပြသမှုများကို လိုက်လံကြည့်ရှုကြ သည်။ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် နှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ပေကျင်းမြို့ရှိ NORINCO ကုမ္ပဏီသို့ ရောက်ရှိကြ ရာ ကုမ္ပဏီဥက္ကဋ္ဌ Mr.Zhao Gang နှင့်အဖွဲ့က ကြိုဆိုကြပြီး ကုမ္ပဏီဧည့် ခန်းမတွင် Mr. Zhao Gang က ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုများ ကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ NORINCO ကုမ္ပဏီမှ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံချပ်ကာ အင်ဂျင်နီယာ တက္ကသိုလ်သို့ သွားရောက် လေ့လာစဉ်။ (သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

❍ ပြည်ထောင်စုလွှတ်တော်မှ

ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အဖွဲ့အစည်း(၉)ခုက တင်ပြခဲ့ကြောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်(၁၇)မြို့နယ်မှ လူမှုအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ၊ ကိုယ်စားပြုတက်ရောက်လာသော ကိုယ်စားလှယ်များက မြို့နယ်ဆိုင်ရာလိုအပ်ချက်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းသုံးခုဖြစ်သည့် မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား လွှတ်တော်သို့ ရှင်းလင်းတင်သွင်းခဲ့သည်။

ယင်းသို့တင်ပြရာတွင် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ရငွေအပိုင်းတွင် မူလခန့်မှန်းခြေထက်ကျပ် (၇၂၂ ဒသမ ၅၁၅)ဘီလီယံပိုမိုရရှိလာပြီး သုံးငွေအပိုင်းတွင် မူလခန့်မှန်းခြေထက် ကျပ်(၆၈၃ ဒသမ ၂၄၉)ဘီလီယံ ပိုမိုသုံးစွဲထားသည်ကို တွေ့ရှိရပါကြောင်း၊ မူလခန့်မှန်းခြေတွင် ဖြစ်ပေါ်ခဲ့သည့် လိုငွေမှာ ကျပ်(၂၉၂၆ ဒသမ ၇၄၅)ဘီလီယံဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေတွင် ဖြစ်ပေါ်သည့် လိုငွေမှာ ကျပ် (၂၈၈၇ ဒသမ ၄၇၉)ဘီလီယံဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လိုငွေနှင့်ဂျီဒီပီအချိုးသည် မူလခန့်မှန်းခြေတွင် (၄ ဒသမ ၉၄)ရာခိုင်နှုန်းရှိရာမှ ပြုပြင်ပြီး ခန့်မှန်းခြေတွင် (၄ ဒသမ ၈၇)ရာခိုင်နှုန်းသာရှိပါကြောင်း၊ ရငွေတွင် ပြည်ပချေးငွေ၊ ထောက်ပံ့ငွေရရှိမှု ကျပ်(၁၁၅၇ ဒသမ ၇၁၄)ဘီလီယံပါဝင်ပြီး သုံးငွေတွင် ပြည်ပချေးငွေ၊ ထောက်ပံ့ငွေဖြင့်သုံးစွဲမှု ကျပ်(၁၁၃၄ ဒသမ ၉၅၁)ဘီလီယံပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

မူလခန့်မှန်းခြေတွင် အခွန်အကောက်ရငွေနှင့်ဂျီဒီပီအချိုးမှာ (၄ ဒသမ ၄၀)ရာခိုင်နှုန်းဖြစ်သော်လည်း ပြုပြင်ပြီး ခန့်မှန်းခြေတွင် (၆ ဒသမ ၀၆)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဤကဲ့သို့တိုးတက်လာရခြင်းမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့က ကောက်ခံသော အခွန်အကောက်ရငွေများ တိုးတက်လာခြင်း၊ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့ကကောက်ခံသော အကောက်တော် Royality များကို အခွန်ရငွေအဖြစ်ထည့်သွင်းလာနိုင်ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ အခွန်အကောက်ရငွေ တိုးတက်ရရှိမှု ကျပ်(၉၇၉ ဒသမ၄၆၈)ဘီလီယံဖြစ်ပါကြောင်း။

သုံးငွေအပိုင်းတွင် သာမန်အသုံးစရိတ်တိုးမြင့်မှု ကျပ် (၈၀ ဒသမ ၁၀၇)ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်တိုးမြင့်မှု ကျပ်(၅၀၆ ဒသမ ၀၅) ဘီလီယံ၊ ကြွေးမြီအသုံးစရိတ်တိုးမြင့်မှု ကျပ်(၉၆ ဒသမ ၈၉၂) ဘီလီယံတို့ဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ်တွင် နိုင်ငံတော်ပိုင်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းစဉ်။

စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းသုံးရင်းနှီးငွေအား ကျပ်(၈၆ ဒသမ ၈၂၆)ဘီလီယံ လျှော့နည်းသုံးစွဲထားသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအပေါ် မူလခွင့်ပြုခဲ့သည့်အသုံးစရိတ်၊ ရငွေတိုးတက်ရှာဖွေနိုင်မှု၊ မူလခန့်မှန်းခြေတွင် ပါရှိသော အသုံးစရိတ်ဖြစ်ခြင်း၊ မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်ဖြစ်ခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန်မရနိုင်ခြင်း စသည့်အချက်များနှင့်ချိန်ထိုး၍ စိစစ်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု ကျပ် (၁၉၃၂ ဒသမ ၉၉၇)ဘီလီယံရှိပြီး ခွင့်ပြုမှု ကျပ်(၁၃၉၄ ဒသမ ၁၁၆) ဘီလီယံဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လိုငွေအတွက် မူလခန့်မှန်းခြေစာရင်းတွင် ပြည်ထောင်စုက ထောက်ပံ့ငွေ ကျပ်(၅၄၈ ဒသမ ၉၅၉) ဘီလီယံ၊ ချေးငွေ ကျပ်(၃၁ ဒသမ ၈၇၅) ဘီလီယံတို့ဖြင့် ဖြည့်ဆည်းခဲ့ပါကြောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းအရ ထပ်မံခွင့်ပြုပေးရမည့်ထောက်ပံ့ငွေမှာ ကျပ်(၇၇ ဒသမ ၃၇၄)ဘီလီယံ ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ဘဏ္ဍာရေးကော်မရှင်၏ထောက်ခံချက်ဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့က ပေးပို့ထားသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ပြုပြင်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်ပေးနိုင်ပါရန်နှင့် အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့မှုနှင့်ပတ်သက်၍ မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြောင်းအဆိုကို ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်းက အဆိုတင်သွင်းခဲ့ပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင်ရပ်နားခဲ့ပြီး အစည်းအဝေး ပဉ္စမနေ့ကျင်းပမည့်ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

သတင်းမီဒီယာဥပဒေကြမ်း လေ့လာတွေ့ရှိချက် လွှတ်တော်သို့အစီရင်ခံစာတင်သွင်း

နေပြည်တော် အောက်တိုဘာ ၁၅

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးဒသမနေ့ကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **သတင်းမီဒီယာဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင် ဦးစိုးရယ်က တင်သွင်းခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ယနေ့အစည်းအဝေးတွင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သွားဘက်ဆိုင်ရာပစ္စည်းကိရိယာများအား ခေတ်မီပစ္စည်းများဖြင့် အစားထိုးဆောင်ရွက်ရန်နှင့် အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးအား (၂၅)ခုတင်စံကိုက်ဖြစ်စေရေး လိုအပ်သော ဆရာဝန်များဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနများတွင် ခေတ်မမီ၊ ချွတ်ယွင်းပျက်စီးနေသော သွားဆေးကုခုံများကို အသစ်လဲလှယ်ရန် သို့မဟုတ် အသစ်ထုတ်ပေးရန် တင်ပြတောင်းခံပါက ထုတ်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများစုပေါင်းပြီး တောင်းခံလာပါက ဗဟိုဆေးသိုလှောင်ရေးဌာနက စုစည်းပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ အခြားသွားနုတ်၊ သွားကုကိရိယာများ ကျိုးပဲ့ ချွတ်ယွင်းပျက်စီးနေသောကိရိယာများအတွက် အစားထိုးလဲလှယ်ထုတ်ပေးခြင်း၊ ပိုးသန့်စင်ပေးသော ပေါင်းအိုးများ ထုတ်ပေးခြင်းတို့ကိုလည်း တင်ပြတောင်းခံပါက ထုတ်ပေးလျက်ရှိပါသဖြင့် အမရပူရမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ တင်ပြသွားရန် ၂၀၁၃ခုနှစ် စက်တင်ဘာ ၃၀ ရက်က အကြောင်းကြားပြီးဖြစ်ပါကြောင်း။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

အမရပူရမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် အရာထမ်း ရာထူး သုံးနေရာ၊ အမှုထမ်း ရာထူး ၁၇ နေရာ စုစုပေါင်းဝန်ထမ်းရာထူး နေရာ ၂၀ ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးရုံလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အရာထမ်းရာထူး ခြောက်နေရာ၊ အမှုထမ်းရာထူး ၄၉ နေရာ စုစုပေါင်း ဝန်ထမ်းရာထူး ၅၅ နေရာပါဝင်သော စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ဖွဲ့စည်းပေးရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးကို ၂၀၁၃ ခုနှစ် မတ်လ ၂၈ ရက်တွင်လည်းကောင်း၊ လက်ထောက်ဆရာဝန်ကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် လည်းကောင်း ခန့်အပ်ထားပြီးဖြစ်ပါကြောင်း။

အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ဆေးရုံ၏အထွေထွေလိုအပ်ချက်များ၊ ဝန်ထမ်းအိမ်ရာများ မိုးမလုံခြင်းနှင့်အခြားလိုအပ်ချက်များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းမှု အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန်အတွက် အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်ချက်များ တွက်ချက်တင်ပြရန် အမရပူရမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ခန့်မှန်းကုန်ကျစရိတ်တွက်ချက်တင်ပြလာမှုအပေါ် စိစစ်၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဒုတိယဝန်ကြီးက ဆက်လက်ဖြေကြားခဲ့သည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ ၅၅ မိနစ်တွင်ရပ်နားခဲ့ပြီး အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သောဥပဒေများရေးဆွဲရန် အဆိုတင်သွင်း

နေပြည်တော် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယံဇာတများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာကအသိအမှတ်ပြုထားပါကြောင်း၊ ပြည်တွင်းနေရာ တော်တော်များများတွင် လက်ယက်တွင်းများ တစ်နိုင်တစ်ပိုင် တူးဖော်မှုများစွာကို ဆောင်ရွက်နေကြပြီး ပတ်ဝန်းကျင်ထိခိုက်မှု၊ မီးလောင်မှုများပါ တစ်ခါတစ်ရံဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ခေတ်ကာလနှင့် လျော်ညီသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးပါဝင်သည့် ရေနံဥပဒေသစ်များရေးဆွဲရန် လိုအပ်ပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး နဝမနေ့တွင် **ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သောဥပဒေများရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ထို့ပြင်အဆိုရှင်က အဆိုတင်သွင်းရခြင်းနှင့်စပ်လျဉ်း၍ "ရေနံနဲ့ပတ်သက်တဲ့ ဥပဒေတွေကို ကျွန်တော့်အနေနဲ့ (၉)ခုလောက် လေ့လာမိပါတယ်။ တခြားနိုင်ငံတွေမှာလည်း ရေနံနဲ့ပတ်သက်တဲ့ ဥပဒေတွေရှိပါတယ်။ ကျွန်တော်တို့ဆီမှာထုတ်ထားတဲ့ ဥပဒေတွေက လွန်ခဲ့တဲ့ နှစ် ၅၀ လောက်ကထုတ်ထားတဲ့ ဥပဒေတွေဖြစ်တော့ ကောင်းတာတွေလည်း ရှိပါတယ်။ လိုအပ်တာတွေလည်း ရှိပါတယ်။ ဒါတွေကို ခေတ်နဲ့လျော်ညီအောင် ပြန်လည်ပြုပြင်သင့်ပါတယ်။ တခြားနိုင်ငံက ဥပဒေတွေကိုလေ့လာပြီး ကျွန်တော်တို့ နိုင်ငံကရှိပြီး ဥပဒေနဲ့ လိုတိုး၊ ပိုလျှော့လုပ်ပြီး ပြန်လည်ပေါင်းစပ်စေချင်ပါတယ်"ဟု ပြောပြခဲ့သည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ကိုရီးယားလွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများ ဖွဲ့စည်းခွင့်ပြုရန်နှင့် အသင်းတွင်ပါဝင်မည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံ +၃နိုင်ငံများနှင့် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး ပူးပေါင်းအသင်းဖွဲ့စည်းရာတွင်ပါဝင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကိုလည်းကောင်း လွှတ်တော်သို့ တင်ပြပြီး အတည်ပြုခဲ့သည်။

"ကျွန်တော်တို့ လွှတ်တော်မှာ နိုင်ငံတကာလွှတ်တော်များနဲ့ ဆက်သွယ်တဲ့ ပူးပေါင်းကော်မတီနှစ်ခု ရှိပါတယ်။ တစ်ခုက IPU ဖြစ်ပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ ပါလီမန်တွေပါဝင်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ နောက်တစ်ခုက AIPA ဖြစ်ပြီး အာဆီယံ(၁၀)နိုင်ငံရဲ့ပါလီမန်များ အစည်းအရုံးဖြစ်ပါတယ်။ အဲဒီနှစ်ဖွဲ့လုံးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရော ပြည်သူ့လွှတ်တော်က ကိုယ်စားလှယ်တွေရော ပါဝင်ပါတယ်။ အခုဖွဲ့တာက အမျိုးသားလွှတ်တော်ဘက်ကဖွဲ့တာပါ။ အာဆီယံ(၁၀)နိုင်ငံလုံးနဲ့ ကျွန်တော်တို့ရဲ့ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယားနဲ့ဖွဲ့တာပါ။ နောင်ကျရင် လွှတ်တော်နှစ်ခုပေါင်းပြီး ချစ်ကြည်ရေးအသင်းတွေရှိလာမှာဖြစ်ပါတယ်။ လွှတ်တော်တွေက နိုင်ငံတကာမှာ ချစ်ကြည်ရေး အသင်းတွေဖွဲ့ကြတယ်။ EU ကလည်း ချစ်ကြည်ရေးအသင်းဖွဲ့ဖို့ ကမ်းလှမ်းလာတယ်။ ကျွန်တော်တို့က တရားဝင် စာပို့ပေးပါလို့ပြောလိုက်ပါတယ်။ နိုင်ငံတကာလွှတ်တော်များနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီရင့်သန်လာမှာဖြစ်ပြီး လွှတ်တော်များရဲ့ အရည်အသွေးမြင့်မားလာမှာဖြစ်သလို ပြည်သူ့အတွက် ပိုမိုအကျိုးရှိလာမှာဖြစ်ပါတယ်။ ဒီ့အပြင် လွှတ်တော်အချင်းချင်း အွန်လိုင်းက ဆက်သွယ်ပြီးလေ့လာနိုင်မယ်၊ အကူအညီတောင်းနိုင်မယ်၊ အပြန်အလှန်လေ့လာနိုင်မယ်။ သူတို့က ကိုယ်တို့ထက် ဒီမိုကရေစီရင့်ကျက်ပြီးသားဖြစ်တယ်၊ အင်ဒိုနီးရှားတောင် ၁၉၉၈ ကတည်းက ဒီမိုကရေစီနိုင်ငံဖြစ်နေတာလေ။ ကိုယ်တို့က ခုမှ သုံးနှစ်လောက်ပဲ ရှိသေးတယ်။ ပူးပေါင်းအသင်းတွေ ဝင်လိုက်ရင်တော့ ကျွန်တော်တို့နိုင်ငံအတွက် များစွာအကျိုးရှိမှာဖြစ်ပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

(သတင်းစဉ်)

ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃ ။)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)၏ နောက်၌ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(c) to, and to the persons on, aircraft registered outside the Union but for the time being in or over the Union; and

(d) to an aircraft operated by a person who is not a citizen of the Union but has his principal place of business in the Union."

၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (၁)အား အောက်ပါအတိုင်း အစားထိုးရမည်-

"(1) **"aircraft"** means any machine which can derive support in the atmosphere from reactions of the air, other than reactions of the air against the earth's surface and includes balloons, whether fixed or free, airships, kites, gliders and flying machines;"

(ခ) ပုဒ်မခွဲ (၂)၏နောက်၌ ပုဒ်မခွဲ (၃)၊ (၄)နှင့်(၅)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(3) **"aerodrome reference point"** in relation to any aerodrome, means a designated point established in the horizontal plane at or near the geometric centre of that part of the aerodrome reserved for the departure or landing of aircraft;

"(4) **"air navigation services"** means air traffic management, communication navigation and surveillance, aeronautical information services, aeronautical chart, procedure air navigation operations, aviation meteorology and search and rescue;

"(5) **"Safety Oversight"** means a function by means of which ICAO Contracting States ensure effective implementation of the safety related Standards and Recommended Practices (SARPs) and associated procedures contained in the Annexes to the Convention on International Civil Aviation and related ICAO documents."

(ဂ) ပုဒ်မခွဲ(၃)နှင့် (၄) တို့ကို ပုဒ်မခွဲ (၆) နှင့် (၇) တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၄။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၄ တွင် ပါရှိသော "and any amendment which may be made thereto under the provisions of Article 94, thereof. " ဆိုသည့် စကားရပ်ကို "including any annex thereto relating to international standards and recommended practices as amended from time to time." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

SafetyOversight functions "4A. The Director General of the Department of Civil Aviation or any other officer specially empowered in this behalf by the President of the Union shall perform the safety oversight functions in respect of matters specified in this Act or the rules made there under."

၆။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၂)တွင်-

(က) ပုဒ်မခွဲငယ် (ခ)၌ ပါရှိသော " the licensing, inspection" ဆိုသည့် စကားရပ်ကို "the licensing, certification, inspection" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "unlicensed aerodromes" ဆိုသည့်စကားရပ်ကို unlicensed or uncertified aerodromes" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ် (ဆ) ၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ga) the licensing of persons engaged in air traffic control;

(gb) the certification, inspection and regulation of air navigation services or air traffic management facilities;

(gc) the certification, inspection and regulation of Training Organization and Aircraft Maintenance Organization;

(gd) the measures to safeguard civil aviation against acts of unlawful interference;"

(ဂ) ပုဒ်မခွဲငယ်(ၡ)၌ ပါရှိသော " the safety of life;" ဆိုသည့် စကားရပ်ကို " the safety of life and the limitation and regulation of aircraft noise and engine emission;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲငယ် (ထ) ၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(qq) the prohibition of slaughtering and flaying of animals and of depositing rubbish, filth and other polluted and obnoxious matter within a radius of ten kilometers from the aerodrome reference point; and"

၇။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၅-က တွင်-

(က) ပုဒ်မခွဲ (ခ)၌ ပါရှိသော "make such rules as may be necessary" ဆိုသည့် စကားရပ်ကို "make such rules, regulations and by-laws as may be necessary" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(c) For the implementation of the provision of this Act, the Ministry of Transport may issue necessary notifications, orders, directives and notices and specially empowered to the Director General of the Department of Civil Aviation to issue necessary notifications, orders, requirements, directives and procedures for any matters specified in clauses (aa), (b), (c), (e), (f), (g), (ga), (gb), (gc), (gd), (h), (i), (j), (m), (n), (o) and (q)."

၈။ မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော "accident" ဆိုသည့် စကားရပ်ကို "accident or serious incident" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "accidents" ဆိုသည့်စကားရပ်ကို "accidents or serious incidents" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၉။ မြန်မာနိုင်ငံလေယာဉ် အက်ဥပဒေပုဒ်မ ၈-ခ ၏ နောက်တွင် ပုဒ်မ ၈-ဂ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Power of President to make rules for securing safe custody and re-delivery of unclaimed property "8C.(1) Subject to the provisions of section 14, the President of Union may, by notification in the Official Gazette, make rules which may provide for securing the safe custody and re-delivery of any property which, while not in proper custody, is found on any aerodrome or in any aircraft on any aerodrome and any such rules may, in particular, provide for-

(a) the payment of charges in respect of any such property before it is re-delivered to the person entitled thereto; and

(b) the disposal of any such property in cases where the same is not re-delivered to the person entitled thereto before the expiration of such period as may be specified therein."

၁၀။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၉-က ကို အောက်ပါအတိုင်း အစားထိုးရမည်-

Power of President to prohibit or regulate construction of buildings, planting of trees etc "9A.(1) If the President is of opinion that it is necessary or expedient so to do for the safet aircraft operations, it may, by no in the Official Gazette,-

(a) direct that no building or struc be constructed or erected, or shall be planted on any land such radius, not exceeding ten k from the aerodrome referenc as may be specified in the no and where there is any building or tree on such land, also c owner or the person having c such building, structure or demolish such building or or, as the case may be, to cut within such period as may be in the notification;

(b) direct that no building or higher than such height as specified in the notification constructed or erected, or no tr is likely to grow or ordinari higher than such height as specified in the notification, planted, on any land within su not exceeding ten kilometers aerodrome reference point, a specified in the notification a the height of any building or or tree on such land is higher specified height, also direct t or the person having control building, structure or tree to re height thereof so as not to ex specified height, within such may be specified in the notifi

(2) In specifying the radius under clau clause (b)of sub-section (1) and in s the height of any building, structu under the said clause (b), the Presi have regard to-

(a) the nature of the aircraft op intended to be operated in t drome; and

(b) the international standar recommended practices gove operations of aircraft.

(3) Where any notification has bee under sub-section (1) directing th or the person having control of any structure or tree to demolish such or structure or to cut such tree or t the height of any building, structur a copy of the notification contain direction shall be served on the the person having the control of the structure or tree, as the case may

(a) by delivering or tendering i owner or person; or

(b) if it cannot be so delivered or by delivering or tendering i officer of such owner or perso adult male member of the f such owner or person or by a copy thereof on the outer do some conspicuous part of the in which such owner or person to have last resided or ca business or personally worked

---

◆ ရှေ့မှ

ကောင်တာတစ်ခုကို ဖွင့်လှစ်ခဲ့သည်။ တစ်ဖန် ရှမ်းပြည်နယ် အောင်ပန်းမြို့ အမှတ် (၃) ရပ်ကွက် ပြည်သာလမ်း၌လည်း ငွေလွှဲလုပ်ငန်းသီးသန့်ကောင်တာတစ်ခုကို လည်း အောက်တိုဘာ ၁၅ ရက် နံနက်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကောင်တာများတွင် အခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးမည် မဟုတ်ဘဲ ငွေလွှဲပို့ခြင်း၊ လွှဲငွေထုတ်ပေးခြင်းတို့ကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်း အခြားနေရာများတွင်လည်း ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွား မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နေပြည်တော် အောက်တိုဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်နိုင်ငံ Tokyo Broadcasting System Television (TBS) တို့အကြား သတင်းနှင့်ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Tokyo Br

သတင်းနှင့်ပြန်ကြားရေးကဏ္ဍ ပူးပေါင်းေ

ဆွေနှင့်တာဝန်ရှိသူများ TBS မှ ဥက္ကဋ္ဌ Mr. Toshichika Ishihara နှ များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတ

so to do for the safety of
tions, it may, by notification
Gazette,-
t no building or structure shall
ucted or erected, or no tree
planted on any land within
s, not exceeding ten kilometers
aerodrome reference point,
e specified in the notification
e there is any building, structure
n such land, also direct the
the person having control of
lding, structure or tree to
such building or structure
case may be, to cut such tree
ch period as may be specified
tification;
at no building or structure
han such height as may be
in the notification shall be
ed or erected, or no tree, which
to grow or ordinarily grows
han such height as may be
in the notification, shall be
n any land within such radius,
eding ten kilometers from the
e reference point, as may be
in the notification and where
t of any building or structure
n such land is higher than the
height, also direct the owner
rson having control of such
structure or tree to reduce the
ereof so as not to exceed the
height, within such period as
pecified in the notification.
the radius under clause (a) or
b-section (1) and in specifying
ny building, structure or tree
clause (b), the President shall
-
e of the aircraft operated or
to be operated in the aero-
nd
ernational standards and
nded practices governing the
s of aircraft.
otification has been issued
tion (1) directing the owner
having control of any building,
ee to demolish such building
to cut such tree or to reduce
ny building, structure or tree,
notification containing such
l be served on the owner or
ing the control of the building,
ee, as the case may be,-
ering or tendering it to such
person; or
t be so delivered or tendered,
ering or tendering it to any
such owner or person or any
le member of the family of
ner or person or by affixing a
reof on the outer door or on
spicuous part of the premises
such owner or person is known
last resided or carried on
or personally worked for gain;

or failing service by these means;

(c) by post.

(4) Every person shall be bound to comply with any direction contained in any notification issued under sub-section (1)."

၁၁။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၉-က ၏ နောက်၌ ၉-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Payment of Compensation "9B. If in consequence of any direction contained in any notification issued under sub-section (1) of section 9 A,any person sustains any loss or damage, such person shall be paid compensation. Where the amount of compensation may be fixed by agreement, it shall be paid in accordance with such agreement;"

၁၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ၁၁-က နှင့် ၁၁-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Penalty for failure to comply with directions issued under section 5 A. "11A. whoever wilfully fails to comply with any notifications, orders, notices and directives issued under sub-section (c) of section 5 A, shall be punishable with imprisonment for a term which may extend to one month or with fine which may extend to kyats 20,000 or with both.

Penalty for failure to comply with directions issued under section 9A. 11B.(1) If any person wilfully fails to comply with any direction contained in any notification issued under section 9A, he shall be punishable with fine.

(2) Without prejudice to the provisions of sub-section (1), if any person fails to demolish any building or structure or cut any tree or fails to reduce the height of any building, structure or tree in pursuance of any direction contained in any notification issued under sub-section (1) of section 9A within the period specified in the notification, then, subject to such rules as the President may make in this behalf, it shall be competent for any officer authorized by the President in this behalf to demolish such building or structure or cut such tree or reduce the height of such building, structure or tree: Provided that the power to make rules under this sub-section shall be subject to the provisions of section 14."

၁၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၁၆ ၏ နောက်တွင် ၁၆-က နှင့် ၁၆-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"16A. The President of the Union of Myanmar may delegate to the Ministry of Transport the power to grant the permission for import or export of aircraft and its spares, tools or equipment without the need to obtain an import or export license.

16B. The President of the Union of Myanmar may exempt or relieve from import duties and other taxes in respect of aircraft and its spares, tools or equipment, subject to compliance with the customs regulations."

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄ ။)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ၏ နောက်၌ ပုဒ်မခွဲ(ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ပုဒ်မခွဲ (ဃ)ပါ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအပြင် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းနိုင်ရေးနှင့် ပညာရည်ချွန်ဆုများချီးမြှင့်နိုင်ရေး၊ ထိုသို့ အပ်နှင်းထားသည့်ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တစ်ခုခုအား သတ်မှတ်ချက်များနှင့် မညီညွတ်ကြောင်း လုံလောက်သောအကြောင်း ပေါ်ပေါက်လာပါက ပြန်လည်ရုပ်သိမ်းနိုင်ရေးတို့အတွက် တက္ကသိုလ်သို့ လမ်းညွှန်ခြင်း။"

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ အခန်း(၈) ဘဏ္ဍာရေး အခန်းတွင် ပုဒ်မ ၁၈ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၈။ (က) တက္ကသိုလ်တွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထိုရန်ပုံငွေတွင် အောက်ပါတို့ ပါဝင်စေရမည် -

(၁) တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်များနှင့် အခြားစေတနာရှင်များက ၎င်းတို့၏ သဘောဆန္ဒအလျောက် ထည့်ဝင်ငွေများ၊

(၂) အခြားတစ်နည်းနည်းဖြင့် လက်ခံရရှိသည့်ငွေများ။

(ခ) တက္ကသိုလ်သည် တက္ကသိုလ်ရန်ပုံငွေကို တက္ကသိုလ်၏ ရည်မှန်းချက်များ အောင်မြင်ရေးကိစ္စများအတွက် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည်။"

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၁၈ ကို အသစ်ထပ်မံဖြည့်စွက်သဖြင့် ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ တို့ကို ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ထောင်ထားသော ရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း တက္ကသိုလ်နှင့် ပုဒ်မ ၄ အရ တည်ထောင်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းတစ်ခုခုအား ဆက်ခံခွင့်ပြုနိုင်သည်။"

၇။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၂ ၏ နောက်၌ ပုဒ်မ ၂၃ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၃။ တက္ကသိုလ်သည် ရေကြောင်းပညာနှင့်စပ်လျဉ်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သောအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းတို့ ပြုနိုင်သည်။"

၈။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✻ ကျောဖုံးမှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း (Farmer Channel) ကိုလည်းကောင်း စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှအနုပညာရှင်များက တိုင်းရင်းသားအဆိုအကများနှင့် ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတက ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Studio Complex အတွင်း လှည့်လည်ကြည့်ရှုကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရေဒီယိုထုတ်လွှင့်မှုကို ၁၉၄၆ ခုနှစ်ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ထုတ်လွှင့်ခဲ့ပြီး ရုပ်မြင်သံကြား ထုတ်လွှင့်မှုကို ၁၉၈၀ ခုနှစ်မှစတင်၍ Analogue စနစ်ဖြင့် ထုတ်လွှင့်ခဲ့သည်။

ယနေ့ခေတ်အချိန်အခါတွင် ခေတ်မီတိုးတက်လာသည့် Digital နည်းပညာများနှင့်အညီ ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများကို Digital စနစ်ဖြင့်ပြောင်းလဲထုတ်လွှင့်လျက်ရှိသည်။ နိုင်ငံတကာတွင် Digital ရုပ်သံထုတ်လွှင့်ရာ၌ ATSC, DVB- T, ISDB-T, DTMB စသည့်စနစ်များဖြင့် ထုတ်လွှင့်လျက်ရှိပြီး အမေရိကတွင် ATSC စနစ်၊ ဥရောပတွင် DVB-T စနစ်၊ ဂျပန်နိုင်ငံတွင် ISDB-T စနစ်နှင့် တရုတ်နိုင်ငံတွင် DTMB စနစ်ကိုအသုံးပြုထုတ်လွှင့်လျက်ရှိသည်။ (International Telecommunication Union (ITU) က နိုင်ငံတကာရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများကို ၂၀၁၅ ခုနှစ်နောက်ဆုံးထား၍ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရန် သတ်မှတ်ထားသည်။

သို့သော် အာဆီယံနိုင်ငံတချို့အနေဖြင့် မိမိတို့နိုင်ငံအသီးသီး၏ အခြေအနေအရပ်ရပ်ကြောင့် ၂၀၁၅ ခုနှစ်တွင် Digital စနစ်ကို ပြောင်းလဲခြင်းမပြုနိုင်သေးဘဲ ၂၀၂၀ခုနှစ်တွင်သာ နောက်ဆုံးထားပြောင်းလဲသွားရန် သတ်မှတ်ထားကြပြီး ထိုသို့ပြောင်းလဲချိန်တွင် လက်ရှိအသုံးပြုသည့် Analogue စနစ်ကို အပြီးအပိုင် Switch Off လုပ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း Digital စနစ်ပြောင်းလဲမှုကို ဆောင်ရွက်ပြီး Analogue Switch Off ကို ၂၀၂၀ ခုနှစ်တွင် အပြီးဆောင်ရွက်ရန် စီမံဆောင်ရွက်နေပြီဖြစ်သည်။

အာဆီယံနိုင်ငံများ၏ Digitalization မှာ ဥရောပစနစ်ဖြစ်သည့် DVB-T ကို Standard အဖြစ် ရွေးချယ်ထားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် Digital စနစ်ကိုပြောင်းလဲရန် စတင်ကြိုးပမ်းသည့်အချိန်တွင် DVB-T2 ပေါ်ပေါက်လာသည့်အတွက် DVB-T အစား ပိုမိုကောင်းမွန်သည့် DVB-T2 ကို ရွေးချယ်ခဲ့သည်။

ယခုအခါ မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်မှုကို Digital ထုတ်လွှင့်မှုစနစ် DVB-T2 ဖြင့် ယနေ့မှစ၍ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ပြီး ရုပ်သံလိုင်း အသစ်သုံးခု၏ အစီအစဉ်များကိုလည်း စတင်ပုံမှန်ထုတ်လွှင့်လိုက်ပြီ ဖြစ်သည်။

ထိုသို့ထုတ်လွှင့်ရာတွင် ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး (စစ်ကိုင်း)၊ နေပြည်တော်(ပျဉ်းမနား)နှင့် နေပြည်တော်(တပ်ကုန်း)တွင်ရှိသည့် စက်ရုံလေးရုံမှ စတင်ထုတ်လွှင့်မည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတနှင့် ထားဝယ်စသည့်မြို့များတွင်ရှိသည့် စက်ရုံ ၂၁ ရုံတွင် ယခုနှစ် ဒီဇင်ဘာလမှ ၂၀၁၄ ခုနှစ်အတွင်း Digital လွှင့်စက်များ ဆက်လက်တပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်သည်။

၎င်းအပြင် Digital စနစ်ထုတ်လွှင့်မှုကို ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက်အတိုင်းနှစ်စဉ်တိုးချဲ့ ထုတ်လွှင့်သွားမည်ဖြစ်သည်။ ယခုထုတ်လွှင့်လျက်ရှိသော Analogue စနစ်ကိုလည်း ပြောင်းလဲထုတ်လွှင့်သည့် Digital စနစ်နှင့်အတူ သုံးနှစ်အထိ ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

Digital စနစ်နှင့်ထုတ်လွှင့်ရာတွင် MRTV၊ MITV၊ Hluttaw Channel၊ National Races Channel (NRC)၊ Farmer Channel ဟူသည့် Channel ငါးခုကို အခမဲ့ထုတ်လွှင့်မှု (Free to air) အဖြစ် ထုတ်လွှင့်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Tokyo Broadcasting System Television(TBS) တို့အကြား
ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုး

oshichika Ishihara နှင့်အဖွဲ့ဝင်
ည်။
ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက

အမှာစကားပြောကြားသည်။ ဆက်လက်၍ TBS ဥက္ကဋ္ဌ Mr. Toshichika Ishihara က အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် TBS ဥက္ကဋ္ဌ Mr. Toshichika Ishihara တို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Tokyo Broadcasting System Television (TBS) တို့အကြား သတင်းနှင့် ပြန်ကြားရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

အပြန်အလှန်လဲလှယ်

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် TBS ဥက္ကဋ္ဌ Mr.Toshichika Ishihara တို့က အမှတ်တရလက်ဆောင်များအပြန်အလှန်လဲလှယ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲလူနာများ အခမဲ့ခွဲစိတ်ပေးမည်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း ကျမ်းစာသင်ကျောင်းဝင်းရှိ K.B.C ဆေးရုံတွင် ကိုရီးယားသမ္မတနိုင်ငံမှ Global Image Care (Prof.Dr Park Kwan Tae) ပတ်ကွိုင်တေးခေါင်းဆောင်သော GIC Korea ကုသိုလ်ဖြည့်အဖွဲ့မှ အောက်တိုဘာ ၂၄ရက်မှ ၂၆ ရက်အထိ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာများအား အခမဲ့ခွဲစိတ် ကုသပေးမည်ဟု သိရသည်။ **မျိုးသန့်(အင်းစိန်)**

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

ဒီဇိုင်းအသစ်တွေဝင်လာသည့် မန္တလေးမြို့ ရောင်စုံမီးပုံးဈေးကွက်

မန္တလေး အောက်တိုဘာ ၁၅

မန္တလေးမြို့တွင် သီတင်းကျွတ်ပွဲတော်အမီ ပြည်တွင်းဖြစ် ရောင်စုံမီးပုံးများနှင့် တရုတ်နိုင်ငံထုတ် ရောင်စုံမီးပုံးများ ဒီဇိုင်းအသစ်များ ဝင်ရောက်လာကြောင်း သိရသည်။

မီးပုံးဈေးကွက်မှာ ယမန်နှစ်ကအတိုင်း ပုံမှန်အခြေအနေသာ ရှိသော်လည်း ထူးခြားမှုအနေဖြင့် ယခုနှစ်တွင် တရုတ်နိုင်ငံထုတ် ရောင်စုံမီးပုံးဒီဇိုင်းအသစ်များ ဝင်ရောက်လာကြောင်း မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ရောင်စုံမီးပုံးများ အဓိကဖြန့်ဖြူးရောင်းချသူ မစောကေသီမြိုင်က ပြောသည်။

"ဒီနှစ်က တရုတ်က ဒီဇိုင်းအသစ်တွေ တော်တော်လေး ဝင်လာတယ်။ ရောင်စုံစက္ကူ မီးပုံးအမျိုးအစားထဲက ကွန်ပျူတာပန်းဖောက်နဲ့ ကြာဖူးပုံ သဏ္ဍာန်ပိတ် မီးပုံးဒီဇိုင်းအသစ်တွေ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

နေရာယူ

ပြည်တွင်းဖြစ် ရောင်စုံမီးပုံးများမှာ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်နှင့် အကိုက်ညီဆုံးပုံစံများဖြင့် ထုတ်လုပ်ထားပြီး ဈေးနှုန်းမှာလည်း သင့်တော်သဖြင့် အရောင်းသွက်သော်လည်း လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် တရုတ်မီးပုံးများသာ ဈေးကွက်တွင် နေရာယူလျက်ရှိသည်။

မန္တလေးမြို့တွင် လက်ရှိအရောင်းသွက်နေသည့် မီးပုံးများမှာ ငွေကျပ် ၁၅၀ မှ ၄၀၀ ဝန်းကျင်ရှိ ပြည်တွင်းဖြစ် ရောင်စုံမီးပုံးများနှင့် ငွေကျပ် ၅၀၀မှ ၂၀၀၀ ဝန်းကျင်ရှိ တရုတ်နိုင်ငံထုတ် ရောင်စုံစက္ကူမီးပုံးများဖြစ်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

သတင်းစာ ဆရာကြီး ဦးလှမြိုင် (ကိုဆောင်း)

အဖဦးဘကျော်-အမိဒေါ်လှခင်တို့မှ ၁၂၈၆ ခုနှစ် တန်ခူးလဆန်း ၁၀ ရက် (၂-၄-၁၉၂၅)နေ့တွင် မော်လမြိုင်၌ မွေးဖွားသည်။ မော်လမြိုင် ဂျပ်ဆင်ကျောင်း၊ မန္တလေး ဝက်စလီကျောင်းများတွင် မူလတန်းနှင့် အလယ်တန်းပညာသင်ခဲ့ပြီး ရန်ကုန်ကူရှင်ကျောင်းမှ ၁၉၄၀ တွင် ၁၀ တန်းအောင်ပြီး ဂျပ်ဆင်ကောလိပ်တွင် ဥပစာ(သိပ္ပံ) အထက်တန်းအထိ ပညာသင်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ်တွင် B.I.N ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ စတင်ဝင်ရောက်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးတွင် ဒေးဒရဲနှင့်ဖျာပုံဌာနချုပ်၊ ထို့နောက် တိုင်း (၄)၊ ပဲခူး (၁၀၂) တပ်ရင်းတွင် တော်လှန်ရေး ပြီးဆုံးသည်အထိ တာဝန်ယူခဲ့သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ တာဝန်ပေးချက်အရ တော်လှန်ရေးကောင်စီအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနမှ စတင်ထုတ်ဝေခဲ့သော လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာကို စတင်ထူထောင် ထုတ်လုပ်ရာ၌ ပါဝင်ခဲ့သည်။

ပထမအယ်ဒီတာချုပ် ဆရာကြီး ရွှေဥဒေါင်း လက်အောက်တွင် လက်ထောက်အယ်ဒီတာ၊ ထို့နောက် တွဲဖက်အယ်ဒီတာ (ဒုတိယအယ်ဒီတာချုပ်)အဖြစ် လေးနှစ်တာဝန်ယူခဲ့ပြီး ၁၉၆၈ မှ ၁၉၈၅ ခုနှစ်အထိ အယ်ဒီတာချုပ်အဖြစ် ၁၈ နှစ် စုစုပေါင်း လုပ်သားပြည်သူ့ နေ့စဉ်တွင် ၂၂ နှစ် တာဝန်ယူခဲ့သည်။

၁၉၆၆ ခုနှစ် စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီ (ဥက္ကဋ္ဌ ဆရာမင်းသုဝဏ်) တွင် ဗဟိုအလုပ်အမှုဆောင်ဝင်အဖြစ် တာဝန်ယူခဲ့ပြီး စာပေလုပ်သားအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် ၁၉၈၈ ခုနှစ်ထိလည်းကောင်း၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် စတင်တည်ထောင်သော ၁၉၈၉/၉၀ မှအစပြု၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ၁၂ နှစ် တာဝန်ယူခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ၁၉၈၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ယူခဲ့သည်။

အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ် ၂၀၀၄ ခုနှစ် မေလ ၁၅ ရက်မှ ညီလာခံပြီးဆုံးသည်အထိ အသိပညာရှင် အတတ်ပညာရှင် အစုအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ယူတက်ရောက်ခဲ့ပါသည်။

နိုင်ငံတော်မှချီးမြှင့်သော လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်) လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်တို့ကို ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ် နိုင်ငံတော်လွတ်လပ်ရေးနေ့ ပြန်တမ်းတွင် ဝိဇ္ဇာပညာထူးချွန်ဆုတံဆိပ် (ဒုတိယအဆင့်) ကို ရရှိခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းမှချီးမြှင့်သော တစ်သက်တာစာပေဆုကို ရရှိခဲ့သည်။

ကွယ်လွန်ချိန်တွင် အမှတ်(၈၆) လက်ဝဲသုန္ဒရလမ်း (၃၂) ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ခဲ့ပါသည်။ **(မြန်မာ့အလင်း)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဟိုပင်၌ ပုလဲသွယ်စံကွက်ရိတ်သိမ်းပွဲကျင်းပ

ဟိုပင် အောက်တိုဘာ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ မြို့သစ်ကလေးကျေးရွာအုပ်စု အာလံဘိုကျေးရွာ တောင်သူ ဦးလှဝင်း၏ ပုလဲသွယ်(R) စံပြကွက်နှစ်ဧကကို အောက်တိုဘာ ၁၃ ရက် နံနက်က စံကွက်ရိတ်သိမ်းခြင်း စက်စွမ်းအားဖြင့် ရိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးတိုးကျော်သူ၊ စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်လွင်၊ မြေစာရင်းဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ စက်မှုလယ်ယာဦးစီးအရာရှိ ဦးသွယ်မောင်မောင်ထွန်း၊ မိုးညှင်းခရိုင် မျိုးစေ့တာဝန်ခံ၊ ခရိုင်မြေအသုံးချရေး တာဝန်ခံ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ စံကွက်ရိတ်သိမ်းရာတစ်ဧကအထွက်နှုန်း အစိုတင်း ၁၂၀၊ အခြောက်အထွက်နှုန်း ၁၁၇ ဒသမ ၃၉ တင်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း

တောင်ငူမြို့ ၆/၂၈၄ (၁)လမ်းနေ (ဦးအေးရွှေ)+ဒေါ်လှမြင့်တို့၏ သားဖြစ်သူ မောင်သက်လှိုင်ထူး(ခေါ်) ကောက်ကောက် ၇/တငန(နိုင်) ၁၂၂၆၆၃ ၏ကိစ္စအရပ်ရပ်အား မိခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဒေါ်လှမြင့်
၇/အတန(နိုင်) ၀၂၈၄၁၀

အထူးကျေးဇူးတင်ရှိခြင်း

Miss Universe Myanmar Organization would like to express our sincere gratitude to Ms Paula M.Shugart, the president of the Miss Universe Organization, Mr.Larry Parra, Chief Financial Officer of the Miss Universe Organization and Ms.Surang Prempree, the National Director of Miss Universe Thailand (Chairperson of Miss Universe Myanmar Organization Advisory Board) and the honourable guests who traveled from all over the world to participate the 2013 Miss Universe Myanmar beauty pageant [illegible] Miss Universe [illegible] Miss Universe Myanmar 2013 [illegible]

Miss Universe Myanmar 2013 [illegible] Miss Universe Myanmar Organization [illegible] Main Sponsor [illegible] Htoo Foundation, AGD Bank, Air Bagan, Autumn Palace, Myanmar Treasure Resorts, Treasure Travel & Tours, Bagan Entertainment, Co-Sponsor [illegible] Veta, Brand, BSC Cosmetology, BSC International, BSC Lingerie, Nitipon Beauty Center, Central Department Store, Calayar & Co (Gems and Jewellery), [illegible] (Shi Mi Zu) [illegible] Media Partner [illegible] Sky Net, mntv, Shwe FM, Technical Partner [illegible] m188, New Wave [illegible] Art Director [illegible] Title Song နှင့် Music [illegible] Opening Song [illegible] Stage Design [illegible] DJ [illegible] Maricle Post [illegible] Lighting [illegible] Jade Dragon [illegible] Stage [illegible] Graphic Design [illegible] design salt (VANTAGE) [illegible] (Love Diary's Vinyl, Board, Sponsors Booth [illegible] (Graphic Solution) Entertainment [illegible] Hello Madam Media [illegible]

[illegible]
National Director
Miss Universe Myanmar Organization

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တိုင်းဒေသကြီးအချို့တွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုများ၌ သံသယရှိသူများအား ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် (၂၄)နာရီအတွင်း ဖော်ထုတ်ရရှိ

နေပြည်တော် အောက်တိုဘာ ၁၅

နိုင်ငံတော်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်ရည်ရွယ်ပြီး ယခုရက်ပိုင်းအတွင်း တိုင်းဒေသကြီးအချို့တွင် မသမာသူများက ဖောက်ခွဲမှုများအား လုပ်ဆောင်ခဲ့ကြသည်။ အထူးသဖြင့် ပြည်သူများထိတ်လန့်မှု၊ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေရန် ဦးတည်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

အောက်တိုဘာ ၁၃ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း အဝေးပြေးကားဝင်းရှေ့ ကားမှတ်တိုင်ရှိ ခရီးသည်နားနေဆောင် ပေါက်ကွဲမှုဖြစ်စဉ်နှင့် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် သာကေတမြို့နယ် အခွန်လွတ်ဈေး ခြံစည်းရိုးအနီးပေါက်ကွဲခဲ့သည့်ဖြစ်စဉ်၊ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခန့်တွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ Western Park II စားသောက်ဆိုင် စားပွဲခုံအောက်၌ ကြွပ်ကြွပ်အိတ်အနက်ဖြင့် ထုပ်ထားသည့် မိုင်းတွေ့သည့်ဖြစ်စဉ်နှင့် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် ကျောက်တံတားမြို့နယ် ကုန်သည်ကြီးများဟိုတယ် အခန်းအမှတ် ၉၂၁ ၌ ပေါက်ကွဲမှုဖြစ်စဉ်တို့ ဖြစ်ပွားခဲ့ပြီး နိုင်ငံသားနှစ်ဦးနှင့် နိုင်ငံခြားသူတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး ယင်းဖြစ်စဉ်များတွင် သံသယရှိသူ စောမြင့်လွင် (ခ) မောထဆိုသူအား ဖြစ်စဉ်ဖြစ်ပွားပြီး ၂၄ နာရီအတွင်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် အောက်တိုဘာ ၉ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ ဖြူးမြို့သို့ ထွက်ခွာလာသည့် ဇေယျာဟိန်းယာဉ်လိုင်းပေါ်၌ တွေ့ရှိရသော ကြွပ်ကြွပ်အိပ်နှင့် ထုပ်ထားသည့် မိုင်းတွေ့သည့်ဖြစ်စဉ်နှင့် အောက်တိုဘာ ၁၁ ရက်က တောင်ငူမြို့ ချမ်းမြေ့တည်းခိုခန်းအပေါ်ထပ် အခန်းအမှတ် ၆ တွင် ပေါက်ကွဲမှုဖြစ်စဉ်တို့ ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်များတွင် အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ရာ အဆိုပါ ဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်သူဟု ယူဆရသူမှာ စောထွန်းထွန်းဆိုသူဖြစ်ကြောင်း ဖော်ထုတ်ရရှိပြီး ၎င်းအားဖမ်းဆီးရမိရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၆ လမ်းနှင့် လမ်း ၈၀ ထောင့် စားသောက်ဆိုင်တစ်ဆိုင်တွင် မိုင်းတွေ့သည့်ဖြစ်စဉ်နှင့် ယနေ့ နံနက် ၃ နာရီခွဲခန့်တွင် စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် ရွှေပြည့်စုံတည်းခိုခန်းအပေါ်ဆုံး တတိယထပ်စားသောက်ခန်း ပေါက်ကွဲမှုနှင့် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီ ယာဉ်ရပ်နားနေရာ ပေါက်ကွဲမှုဖြစ်စဉ်တို့ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့များက ပြည်သူလူထုနှင့် ပူးပေါင်းဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်များတွင် ပြည်သူလူထု၏ အားတက်သရော ဝိုင်းဝန်းကူညီမှုဖြင့် ဖော်ထုတ်ရရှိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားခံပေါ်ပေါက်ခြင်း မရှိသေးသည့် ဖြစ်စဉ်များကိုလည်း ပြည်သူလူထု၏ ပူးပေါင်းကူညီမှုများဖြင့် စစ်ဆေးဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့တွင် နေရာနှစ်နေရာ၌ ပေါက်ကွဲမှုများဖြစ်ပွား

စစ်ကိုင်း အောက်တိုဘာ ၁၅

စစ်ကိုင်းမြို့တွင် ယနေ့ နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်စဉ်နှစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပထမဖြစ်စဉ်မှာ မင်းလမ်းရပ်ကွက် ရွှေပြည့်စုံဟိုတယ် တတိယထပ် စားသောက်ခန်းမတွင် နံနက် ၃ နာရီခွဲက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ပရိဘောဂများနှင့် ဖန်ချောင်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

ပေါက်ကွဲခဲ့

ဒုတိယဖြစ်စဉ်မှာ စစ်ကိုင်းမြို့ သောတာပန်ကျေးရွာအုပ်စု ဆွမ်းဦးပုညရှင်ဘုရား၏ မုခ်ဦးအဝင် ကားပါကင်အနီးတွင် နံနက် ၅ နာရီ ၄၅ မိနစ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်၌လည်း ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပန်းစိုက်ပျိုးသည့် ကွန်ကရစ်အုတ်ခုံ တစ်ပေခွဲခန့် ကွဲထွက်ပျက်စီးခဲ့ပြီး ဖြစ်စဉ်နေရာများသို့ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးကာ စုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

(၁၄၀)

အမြန်ရေယာဉ်ဆိပ်ခံကပ်ခများ ပြောင်းလဲ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၅

ရန်ကုန်-မော်ကျွန်းခရီးစဉ်ပြေးဆွဲနေသော ရှပ်ပြေးအမြန်ယာဉ်များ၏ လမ်းခရီးဆိပ်ခံတွဲတွင် ဆိုက်ကပ်သည့် ဆိပ်ခံကပ်ခအား အောက်တိုဘာ ၁၅ ရက်မှစတင်၍ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာရုံးများမှ ရှပ်ပြေးယာဉ်လိုင်းတာဝန်ခံများထံ အကြောင်းကြားစာပို့ထားခြင်းမှ သိရသည်။

ဘိုကလေးဆိပ်ခံတွဲတွင် ပုသိမ်သူနှင့် ရွှေစင်ကြယ်ရှပ်ပြေးရေယာဉ် ဆိပ်ခံကပ်ခတစ်ကြိမ်လျှင် ငွေကျပ် ၈၀၀၀ နှုန်းမှ ကျပ် ၂၅၀၀၀ သို့ လည်းကောင်း၊ ရွှေပြည်တန် အမြန်ယာဉ် ဆိပ်ခံကပ်ခ တစ်ကြိမ်လျှင် ကျပ် ၃၀၀၀ နှုန်းမှ ကျပ် ၇၀၀၀ သို့ လည်းကောင်း၊ မြင်းကကုန်းဆိပ်ခံတွဲတွင် ပုသိမ်သူနှင့် ရွှေစင်ကြယ်ရှပ်ပြေးရေယာဉ် ဆိပ်ခံကပ်ခ တစ်ကြိမ်လျှင် ကျပ် ၈၀၀၀ နှုန်းမှ ကျပ် ၂၀၀၀၀ သို့ လည်းကောင်း၊ ရွှေပြည်တန် အမြန်ယာဉ် ဆိပ်ခံကပ်ခတစ်ကြိမ်လျှင် ကျပ် ၃၀၀၀ နှုန်းမှ ကျပ် ၇၀၀၀ သို့ လည်းကောင်း တိုးမြှင့်ကောက်ခံမည်ဟု သိရသည်။

"ယခုလို ဆိပ်ခံခတိုးမြှင့်လိုက်သည့်အတွက် ကျွန်တော်တို့အတွက်အခက်အခဲတွေဖြစ်စေပါတယ်။ မြင်းကကုန်းဆိပ်ခံဆိုရင် ခရီးသည်တစ်ဦးလျှင် ၁၀၀၀ နှုန်းနဲ့ ရန်ကုန်ကို ခရီးသည် အယောက် ၂၀ လောက်ရတယ်။ ဆိပ်ခံကပ်ခက ငွေကျပ် ၂၀၀၀၀ ဆိုတော့ အဆင်မပြေဘူးပေါ့။ သင့်တင့်တဲ့ ဈေးနှုန်းနဲ့ လျှော့ချပေးစေချင်ပါတယ်"ဟုရှပ်ပြေးယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"ကပ်နေကျဆိပ်ခံတွဲတွေမှာ ကပ်တော့ခရီးသွားပြည်သူတွေ၊ ကုန်ပစ္စည်းအတင်အချကအစ အဆင်ပြေပါတယ်။ အခုလို ဆိပ်ခံကပ်ခတွေ ဈေးတက်တဲ့အတွက် အခြားဆိပ်ခံတွေ ပြောင်းကပ်နေရင် အတက်အဆင်းလုပ်တဲ့ ခရီးသည်တွေရော ကုန်တင်ကုန်ချကအစ အဆင်မပြေဘူးပေါ့" ဟု ဘိုကလေးမြို့မှ ခရီးသွားပြည်သူတစ်ဦးကလည်း ပြောဆိုသည်။

ဇော်လင်းဖြိုး(မော်ကျွန်း)

ကုန်သည်ကြီးများဟိုတယ် ဗုံးပေါက်ကွဲမှု သံသယရှိသူအား ဘီးလင်းမြို့နယ်တွင် ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁၅

အောက်တိုဘာ ၁၄ ရက် ညသန်းခေါင်ယံအချိန်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကိုးထပ်ရှိ အခန်းအမှတ် (၉၂၁) ဗုံးပေါက်ကွဲမှုတွင် သံသယရှိသူ စောမြင့်လွင်(၂၆)နှစ် သူမွဲထကျေးရွာ ဖာပွန်မြို့နယ်နေသူအား ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ်ဘီးလင်းမြို့နယ် ဘီးလင်း-နတ်ကြီးကားလမ်းပေါ်၌ဆိုင်ကယ်စီးလာစဉ်တာဝန်ရှိသူများက ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။ **သန့်စင်**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ စိတ်ချမ်းသာ



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၁၊ ကွင်းအမှတ် ၄၃၆/က၊ ကွေ့မကွင်း၊ ဦးပိုင်အမှတ် ၄၊ ဧရိယာအကျယ်အဝန်း ၂ဒသမ၄၃၈ကေရှိ ယခင်ငါးမွေးကန်အဖြစ် အသုံးပြုသော ပုံစံ ၁၀၅ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဝယ်ယူရန် တရားဝင်ပိုင်ဆိုင်သူ ဦးဝင်းနိုင်ဦး ၁၂/သဃက(နိုင်) ၁၁၇၈၂၅ သို့ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးသိန်းဟန်	**ဒေါ်ကြည်ဖြူအောင်ချမ်း**
LL.B, D.M.L, D.A. Psy, D.I.L, D.B.L	LL.B (ဥပဒေဘွဲ့)
စာပေဗိမာန်(အငြိမ်းစား)	**အထက်တန်းရှေ့နေ**
တရားလွှတ်တော်ရှေ့နေ	**ရုံး-မြို့နယ်တရားရုံးဝင်း**
အိမ်-အမှတ် ၇၇၆၊ ၂လမ်း၊	**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်	**ဖုန်း-၀၉-၇၃၁၃၀၈၇၃**

အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်မော်လီနာ ၁၂/အစန(ဧည့်) ၀၀၀၀၃၂ ၏ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျွန်မ၏အိမ်ထောင်စုလူဦးရေစာရင်းတို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများအနေဖြင့် အောက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ဆက်သွယ်၍ ခုနစ်ရက်အတွင်း အမြန်ဆုံးပြန်လည်ပေးအပ်ပါရန်နှင့် အကယ်၍ လက်ဝယ်ကိုင်ဆောင်ထားပြီး ပြန်လည်ပေးအပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လိပ်စာ - **အမှတ် ၂၇၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
ဖုန်း - ၀၉-၄၃၀၅၂၂၉၅၊ ၀၉-၇၃၂၃၄၄၃၉

သွေးသည်အသက်

ပြည်တွင်းသတင်း

ပြည်ပမှ အဝယ်ရပ်ဆိုင်းမှုကြောင့် မြေပဲဈေးနှုန်းကျဆင်း

မန္တလေး အောက်တိုဘာ ၁၅

ပြည်ပအဝယ်ရပ်ဆိုင်းမှုကြောင့် မန္တလေးဈေးကွက်အတွင်းရှိ မြေပဲဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ဆီကုန်သည်တစ်ဦးဖြစ်သူ ဦးကိုကြီးက ပြောသည်။ ယခင်မြေပဲ အများဆုံးဝယ်ယူနေသော တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အဝယ်ရပ်ဆိုင်းမှုကြောင့် ယခုနှစ်အတွင်း မြေပဲဈေးနှုန်းများ ကျဆင်းကာ မြေပဲစိုက်တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း ၎င်းက ပြောသည်။ "ယခင်နှစ်တွေက တရုတ်နဲ့ ထိုင်းက မြေပဲဆန် အလုံးလိုက်ဝယ်တယ်။ ယခု အဝယ်ရပ်သွားတော့ ပြည်တွင်းမှာ ဈေးတွေ သိသိသာသာကျသွားတယ်။ ဆီကြိတ်စက်တွေကလည်း လက်ကျန်ဆီတွေ မရောင်းရတော့ ထပ်ကြိတ်ဖို့အရင်းအနှီးမရှိဖြစ်ကုန်ကြတဲ့အတွက် စိုက်တဲ့တောင်သူတွေမှာလည်း အရှုံးပေါ်ကုန်ကျတယ်"ဟု ဦးကိုကြီးက ပြောသည်။

ယခုနှစ်တွင် မိုးနှောင်းကောင်းသဖြင့် မြေပဲအထွက်နှုန်းကောင်းပြီး မြေပဲဈေးလည်း မြင့်တက်လာနိုင်ကြောင်းနှင့် ပြည်ပမှ မှာယူတင်သွင်းနေသည့် စားအုန်းဆီ တန်ချိန်များကို လျှော့ချလိုက်ပါကလည်း မြေပဲဈေးများ ပြန်လည်မြင့်တက်လာနိုင်ကြောင်း ဦးကိုကြီးက သုံးသပ်ပြောကြားသည်။

လက်ရှိ မြေပဲဈေးနှုန်းများမှာ ယခင်မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀မှ ၂၀၀၀ ကြား ရှိရာမှ ယခုနှစ်တွင် ငွေကျပ် ၁၇၀၀ သာရှိတော့ကြောင်း၊ ယခင် ပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၁၃၅၀ အထိ ကျဆင်းလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ထီးချိုင့် ကသာမှ ပုရစ်များ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာ

မန္တလေး အောက်တိုဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ထီးချိုင့် ကသာဘက်မှ ဝင်ရောက်လာသော အဝေးပုရစ်(ခေါ်)ဥပါသည့် အခါပုရစ်များ ပေါ်ဦးပေါ်ဖျား ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုရစ်ထွက်ရှိရာ ဒေသများအနက် ထီးချိုင့်ကသာမြို့များမှ ထွက်ရှိသော အခါပုရစ်များနှင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှထွက်ရှိသော ဆည်တော်ပုရစ်များမှာ ရောင်းအားအကောင်းဆုံး ပုရစ်များဖြစ်ကြောင်း ပုရစ်ရောင်းချသူတစ်ဦးက ပြောသည်။

အခါပုရစ်များမှာ အထွက်နှုန်းကောင်းရုံမက ဈေးကွက်သို့ရောက်ရှိမှုစောပြီး ဆည်တော်ပုရစ်မှာ အထွက်နှုန်းနည်းသည့်အပြင် ဈေးကွက်သို့လည်း ဝင်ရောက်မှုနောက်ကျကြောင်း သိရသည်။ ယခုဈေးကွက်တွင် ရောက်ရှိနေသော ပုရစ်များကို အကောင် ၁၀၀ လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊ အကောင် ၂၀၀ ကျော်ပါ ချိန်တောင်းတစ်တောင်းလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် လည်းကောင်း ရောင်းချနေရာ ပုရစ်ကြိုက်ဝယ်သူများ ဝယ်ယူအားပေးနေကြောင်းနှင့် အမသီးသန့်ဝယ်ယူပါက ဈေးပိုမိုပေးရပြီး ပုရစ်မျိုးသုဉ်းလာမည့် တန်ဆောင်မုန်းလအတွင်း၌ ပုရစ်ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၀၅၀၀-၆၄၀၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၇၉၅၀၀-၆၃၉၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၃-၁၃၂၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၈-၃၀.၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၇-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၁၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၃၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၂၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၇၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၀၀-၉၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၆၀-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၂၀-၅၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၁၀၀-၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၃၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရက်ပေါင်း ၅၅ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းအကြို ဂျူဒိုပြိုင်ပွဲကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)အကြိုအဖြစ် ဂျူဒိုလက်ရည်စစ် ပြိုင်ပွဲများကို မကြာမီ ကျင်းပသွားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ပြောသည်။

"ကျွန်တော်တို့နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ အခြားအားကစားနည်းတွေနည်းတူ ဂျူဒိုအားကစားနည်းမှာလည်း ဖိတ်ခေါ် လက်ရည်စစ်ပြိုင်ပွဲတွေ ကျင်းပသွားမှာဖြစ်ပါတယ်။ လာမယ့် အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်တိုင်တိုင်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ကျင်းပမယ့်နေရာကတော့ ဝဏ္ဏသိဒ္ဓိမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အမျိုးသားရှစ်တန်းနဲ့ အမျိုးသမီးရှစ်တန်းပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ ဒီပြိုင်ပွဲမှာ အရန်အားကစားသမားတွေနဲ့ပဲ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်"ဟု ဦးအောင်နိုင်ဆွေက ပြောသည်။

"သို့ပေမယ့် တကယ့်ပြိုင်ပွဲကြီးမှာတော့ ဆန်ခါတင်လက်ရွေးစင်တွေနဲ့ ပြိုင်မှာပါ။ ဆုရဖို့အများကြီး မျှော်လင့်ထားပါတယ်။ အခုလက်ရည်စစ်ပြိုင်ပွဲကတော့ အောင်နိုင်ရေးအတွက် အဓိကအားထားတဲ့ပြိုင်ပွဲ ဖြစ်ပါတယ်။ မြန်မာဂျူဒိုအားကစားသမားများအနေနဲ့ အကောင်းဆုံးစံချိန်တွေရဖို့ ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒီဇင်ဘာလ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ဂျူဒိုပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ဇေယျာသီရိ (C)ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာသီရိ မိုးလုံလေလုံအဆင့်မြင့် အားကစားရုံကြီးတွင် (A)ရုံ၊ (B) ရုံနှင့် (C) ရုံဟူ၍ပါရှိပြီး ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ပန်ကြပ်ဆီလတ်၊ ဂျူဒိုစသော ပြိုင်ပွဲများ ကျင်းပနိုင်သည်။ အားကစားရုံတစ်ခုချင်းစီတွင် လေအေးပေးစက်များ၊ သစ်လွင်လှပသော ထိုင်ခုံများပါရှိပြီး ပရိသတ်အနည်းဆုံး ၃၀၀၀ စီကြည့်ရှုနိုင်သည်။ အားကစားဝါသနာရှင်များ၊ ပရိသတ်များအနေဖြင့် အဆင့်မြင့်မြင့်ကြည့်ရှုနိုင်သည့် အားကစားရုံများ ဖြစ်သည်။

မောင်ရွှေရိုး

ဂျူဒိုပြိုင်ပွဲများ ကျင်းပမည့် ဇေယျာသီရိ(C)ရုံ

ဆီးဂိမ်းပွဲတော်အတွက် အအေးခန်းတည်းခိုခန်းသစ်များ စည်ပင်ရိပ်သာတွင်တည်ဆောက်နေ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပွဲတော်ကြီးကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် အစစအရာရာ ကြိုတင်ပြင်ဆင်ထားသည်။ အရှေ့တောင် အာရှအားကစားပွဲတော်ကြီးသို့ အားကစားသမားများ၊ လေ့လာသူများ လာရောက်ကြမည်ဖြစ်သည်။ အားကစားသမားများနှင့် လေ့လာသူများအတွက် အဆင့်မြင့်တည်းခိုခန်းများ လိုသည်။ ယခုကစ၍ နေပြည်တော် ဟိုတယ်ဇုန်များရှိ ဟိုတယ်များက ဧည့်သည်များ လာရောက်တည်းခိုနိုင်ရန်အတွက် အခန်းများအပြိုင်အဆိုင် တိုးချဲ့ ဆောက်လုပ်နေကြသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၏ ကြီးကြပ်မှုအောက်ရှိ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိ ဧည့်ရိပ်သာမှလည်း (၂၇) ကြိမ်မြောက် ဆီးဂိမ်းပွဲတော်တွင် လာရောက်ကြမည့် အားကစားသမားများနှင့် လေ့လာသူများ အဆင့်မြင့်တည်းခိုနိုင်ရန်အတွက် အအေးခန်း တည်းခိုခန်း ၁၆၈ ခန်းပါ အဆောင် ၂၀ဆောင်ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန အဆောက်အအုံ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကုမ္ပဏီများက ဆောက်လုပ်နေကာ ယခုအခါ ၈၀ ရာခိုင်နှုန်း ကျော်ပြီးစီးနေပြီဖြစ်သည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၏ ကြီးကြပ်မှုဖြင့် စည်ပင်ဧည့်ရိပ်သာကို ၂၀၀၇ ခုနှစ်ကစတင်ပြီး ဧည့်ရိပ်သာ (၁)တွင် အဆောင် ၆၈ ဆောင်ရှိပြီး အခန်းပေါင်း ၅၃၆ ခန်းရှိသည်။ ဧည့်ရိပ်သာ(၂)တွင် အဆောင် ၇၆ ဆောင်ရှိပြီး အခန်းပေါင်း ၆၀၈ ခန်းရှိသည်။ လူဦးရေ ၃၄၃၂ ဦးတစ်ပြိုင်တည်း တည်းခိုနိုင်သော ဧည့်ရိပ်သာကြီး ဖြစ်သည်။ တည်းခိုသူများအတွက် ရိုးရိုးခန်းတစ်ခန်းလျှင် သုံးဦး တည်းခိုနိုင်ပြီး တစ်ဦးလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် တစ်ခန်းလျှင် ကျပ် ၆၀၀၀ဖြင့် တည်းခိုနိုင်သည်။ အထူးခန်း (လေအေးပေးခန်း) တပ်ဆင်ထားသော အခန်းတွင် လူတစ်ဦးလျှင် ကျပ် ၅၀၀၀နှုန်းဖြင့် တစ်ခန်းအတွက် ကျပ် ၁၅၀၀၀နှုန်းဖြင့် တည်းခိုနိုင် သည်။

တည်းခိုသူများ အဆင်ပြေချောမွေ့စေရေးအတွက် အခန်းတိုင်းတွင် ရေချိုးခန်း၊ အိမ်သာတွဲလျက်စီစဉ်ဆောင်ရွက်ထားပြီး ခုတင်တိုင်းတွင် ဂွမ်းကပ်စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ခေါင်းအုံးတစ်လုံး၊ အခန်းတစ်ခုနှင့် ခေါင်းအုံးနှင့်ခေါင်းအုံးစွပ်ပါ၊ လာတည်းသူတိုင်းကို အသင့်ထုတ်ပေးသည်။ အခန်းတိုင်းတွင် ပန်ကာနှစ်လုံး၊ စာရေးရန်စားပွဲ၊ ကုလားထိုင်များရှိပြီး အဝတ်လှန်းစင်များပါစီစဉ်ထားသည်။ အခန်းတိုင်းတွင်ကြမ်းပိုးဆေး၊ ခြင်ဆေးများ ဖျန်းပက်ထား၍ ကြမ်းပိုးနှင့်ခြင်၊ ပုရွက်ဆိတ်များကင်းရှင်းပြီး သန့်ရှင်းကျယ်ဝန်းသော အခန်းများဖြစ်၍ ရေ/မီး ၂၄ နာရီ ဆောင်ရွက်ပေးထားသည်။

စည်ပင်ဧည့်ရိပ်သာမှ (၂၇) ကြိမ်မြောက် ဆီးဂိမ်းပွဲတော်သို့ လာရောက်ကြမည့် အားကစားသမားများ၊ လေ့လာသူများ တစ်စုတစ်ဝေးတည်း တည်းခိုနိုင်ရန်အတွက် အအေးခန်း ၁၆၈ ခန်းပါဝင်သည့် အဆောက်သစ် ၂၀ ဆောင်ကို ဆောက်လုပ်နေရာ ပြီးစီးလုနီးပါးဖြစ်နေသည်။ စည်ပင်ဧည့်ရိပ်သာတွင် ယခင်ကရှိပြီး အဆောင် ၁၄၄ ဆောင်နှင့် ယခုထပ်မံဆောက်လုပ်လိုက်သော အအေးခန်းဆောင် ၂၀ ဆောင်အပါအဝင် အဆောင်ပေါင်း ၁၆၅ ဆောင်ရှိပြီး အခန်းပေါင်း ၁၃၂၀ ရှိကာ လူဦးရေ ၄၀၀၀ ကျော် တစ်ပြိုင်တည်း တည်းခိုနိုင်မည့် ဧည့်ရိပ်သာကြီးဖြစ်သည်။

လုပ်ကိုင်

ယခုအခါ နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် အအေးခန်းအဆောင် ၂၀ ဆောင်ကို ကုမ္ပဏီများက တိုးချဲ့ဆောက်လုပ်နေသဖြင့် နေ့စဉ်အလုပ်သမား ၅၀၀ ကျော်ခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြသည်။ အလုပ်သမားများမှာ ပန်းရန်အလုပ်သမား၊ လက်သမားအလုပ်သမားများဖြစ်ကြပြီး တစ်ရက်လုပ်အားခ ကျပ် ၃၀၀၀ မှ ၅၀၀၀အထိ ရရှိနေကြသည်။ အလုပ်သမားများသည် နေ့စား၊ ပုတ်ပြတ်လုပ်သားများဖြစ်ပြီး အချိန်ပိုလုပ်အားခအဖြစ် တစ်နာရီ ငွေကျပ် ၁၀၀၀ နှုန်းရရှိနေကြသည်။ နေပြည်တော် စည်ပင်ဧည့်ရိပ်သာ အအေးခန်း ၂၀ ဆောင် ဆောက်လုပ်နေရာတွင် နေပြည်တော်တစ်ဝိုက်ရှိ ကျေးရွာများမှ အလုပ်သမားအင်အား မလုံလောက်သဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး၊ နတ်မောက်မြို့နယ်ကျေးရွာများမှ အလုပ်သမားများပင် လာရောက် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

တင်လှိုင်(မိတ္ထီလာ)

[illegible]

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အမှတ် ၄၉ နေ ဦးစိုင်းမျိုးလှ(ခ) ကျိမ်ဖွာယံ ၁၃/လလန(နိုင်)၀၄၃၆၉၃ ၏ စုကြေးဒိုင်တွင် ထည့်ဝင်ထားသည့် စုကြေးများကို ဒိုင်အချင်းချင်းအား ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စုကြေးထည့်ဝင်သူများအား ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း ၇-၁၀-၂၀၁၃ ရက်မှစ၍ ၃၀-၄-၂၀၁၄ ရက်အထိ နောက်ဆုံးထားပြီး ဖြေရှင်းပေးမည်ဖြစ်ကြောင်း မိမိတို့ရရန်ရှိသော ရာခိုင်နှုန်းအတိုင်း လာရောက်ထုတ်ယူကြရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက မိမိတို့ထုတ်ယူရရှိမည့်ငွေများအား စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် ဖြစ်ပေါ်လာသောကိစ္စရပ်များသည် ကျွန်တော် ဦးစိုင်းမျိုးလှနှင့် မပတ်သက်ဘဲ ထိုသူများနှင့်သာသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၅)မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကတ္တရာလမ်း(၁၀/၀)မိုင်၊ ကျောက်လမ်း(၂၁/၀)မိုင်၊ မြေသားလမ်း(၅၃/၀)မိုင်၊ သစ်သားတံတားပေ(၄၇၄)၊ Box Culvert ၃၁ခု၊ ရေပြွန်(၉၅)ပေ၊ ကျောက်စီရေကျော်ပေ(၁၁၀၀)၊ ကျေးလက်ရေရရှိရေးတွင်းနက် ၂၂တွင်း၊ လက်တူးတွင်း (၂)တွင်း၊ မြေသားရေကန်(၁၄)ကန်၊ ယင်လုံအိမ်သာ ၂၀၀လုံး၊ ရေအားလျှပ်စစ်(၁)ခု၊ ဆိုလာမီးလင်းရေး(၁၂၃၈)ခု၊ ကျေးလက်အိမ်ရာ(၆၈)လုံး တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ကတ္တရာလမ်းပေါက်ဖာထေးခြင်း ၂၅၃၉၀စတုရန်းပေနှင့် ပေ(၁၂၀×၁၅×၂၂)ရှိ တံတားပြုပြင်ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၄-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ရောင်းချမည်ဖြစ်ပြီး ၈-၁၁-၂၀၁၃ ရက် ၁၂နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဖုန်း-၀၆၃-၂၅၅၅၁၊၂၈၄၈၅နှင့်မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

မြန်မာ့မီးရထား၊ ရန်ကုန်မြို့ပတ်တွဲဆိုင်းများ၌ ကြော်ငြာတပ်ဆင်ဆောင်ရွက်ရန်အတွက်လုပ်ကိုင်လိုသည့်မြန်မာနိုင်ငံသားများအား တင်ဒါဖိတ်ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ ရန်ကုန်မြို့ပတ်၌ ပြေးဆွဲလျက်ရှိသည့် ရထားတွဲဆိုင်းများတွင် ကြော်ငြာတပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်ပါမည်။

၂။ ဖော်ပြပါတင်ဒါအတွက် စည်းကမ်းချက်၊ တင်ဒါအဆိုပြုလွှာပုံစံများကို တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)ဖြင့် ၁၈-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်းမန်နေဂျာ (စီးပွားရေး/ တိုင်း)၊ တိုင်းအမှတ်(၇) ရန်ကုန်ဘူတာကြီး၌ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံ အဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာကို စာအိတ်(ခ) ဖြင့်လည်းကောင်း ပြည့်စုံစွာဖြည့်စွက်ဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စီးပွားရေး)သို့ ၂၅-၁၀-၂၀၁၃ရက် ၁၂နာရီ နောက်ဆုံးထား ပေးပို့သွားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇) ရန်ကုန်၊ ဖုန်း-၀၁-၃၉၃၄၂၈၊ ၇၀၄၇၉၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ



အမေရိကန်တစ်ယောက်လို စီးပွားရေးသုံး အင်္ဂလိပ်စကားပြော

Speak Better Business English [illegible]

မွေးသက္ကရာဇ်အမှန်

ကဝမြို့နယ်၊ သံဒင်းရွာတွင် နေထိုင်သော ဦးကျော်စိုး၏သား မောင်သက်ခိုင်စိုး ၇/ကဝန(နိုင်)၁၂၈၁၀၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၇-၁၉၈၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အမှတ် ၃၃၅၊ ရွှေဝါလမ်း၊ ငါးထပ်ကြီး တောင်ရပ်ကွက်နေ မမေသကြင်နှ်ဦး(ခ) မအေးအေးနိုင်နှင့် မောင်အတာအောင်(ခ) မောင်အောင်ထက်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးညဏ်စိုးနိုင် PGU-၂၆၆၅၅၀ ဖြစ်ပါသည်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ရပ်ကွက်(၅)၊ဗိုလ်ချုပ်လမ်း၊အမှတ်(၆၀)နေ(ဦးမောင်ငယ်)၃/ကဆက(နိုင်)၀၀၄၂၆၅-ဒေါ်အေးတင် ၃/ကဆက(နိုင်) ၀၁၈၀၉၄ (ဝေဝေစတိုး)တို့၏ သမီး မနှင်းဝေလွင် ၃/ကဆက(နိုင်) ၀၁၂၂၇၆ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်အေးတင်

ကတ္တရာ(Bitumen)

လိုသလောက်ရမည်။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၄၂၀၁၇၃၉၈၃၊ ၀၉-၃၁၃၃၄၈၂၈

ဖုန်း - ၀၉ - ၄၅၀၀၄၂၀၄

၀၉ - ၄၂၀၀၉၆၂၉၆

၀၉ - ၂၅၀၀၉၅၁၁၆

ကြော်ငြာ

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ၊

(ဂ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား ပြသနိုင်ရမည်။

(င) မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရသူများ၊ပါရဂူဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်သည်။

(စ) အသက်သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ၊ မဟာဘွဲ့ရထားသူများအနေဖြင့် အသက်(၂၇)နှစ်အထိလည်းကောင်း၊ပါရဂူဘွဲ့ရထားသူများ အနေဖြင့် အသက်(၃၀)နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဆ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့်ဖြင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရသူ၊ ပါရဂူဘွဲ့ရသူများသည် ဗိုလ်အဆင့်ဖြင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဇ) သက်ဆိုင်ရာတက္ကသိုလ်မှ ဘွဲ့ရအမှတ်စာရင်းပါရှိရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာများကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး နိုဝင်ဘာလ(၁၇) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

မူးယစ်ဆေးဝါးမှုနှင့်ပတ်သက်၍ လူ ၁၄ ဦးကို သက်သေခံပစ္စည်းများနှင့်အတူဖမ်းဆီး

နေပြည်တော် အောက်တိုဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့သည်အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းအရ သက်သေများနှင့်အတူ မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်အပိုင်း(၁) ရွှေဖြူဟိုတယ်တွင် တည်းခိုသော ဇော်ဝင်းနိုင် (၄၀ နှစ်) ချမ်းအေးသာစံမြို့နယ်နေသူကို စစ်ဆေးရှာဖွေရာ ၎င်းစီးနင်းလာသည့် LEXUS အမျိုးအစား ယာဉ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၃ ပြားနှင့် လက်ကိုင်ဖုန်း ကိုးလုံး၊ ရွှေဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်းနှင့် ငွေကျပ်သိန်း ၁၂၀ တို့အပါအဝင် သက်သေခံပစ္စည်း ၁၂ မျိုး သိမ်းဆည်းရမိခဲ့သည်။

သတင်းဖော်ထုတ်စစ်ချက်အရ

သိမ်းဆည်းရမိသော မော်တော်ယာဉ် ခုနစ်စီး

ချမ်းအေးသာစံမြို့နယ် ယာဉ်ပျံ့ရပ်ကွက် (၃၁×၃၂) လမ်းကြား (၅၈) လမ်း အမှတ် ၈၀ရှိ ဇော်ဝင်းနိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမူးယစ်ဆေးဝါးသုံးစွဲ/ရောင်းချရန် ရောက်ရှိနေသော သိန်းထွန်း (ခ) နန္ဒာသီရိ၊ ဆွေဦး၊ ဝင်းဗိုလ်၊ ကျော်မင်း၊ ရန်နိုင်အောင်၊ ဖြိုးဇော်တို့ခြောက်ဦးအား တွေ့ရှိဖမ်းဆီးခဲ့ပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာဆူဒိုအက်ဖီဒရင်းဆေးပြား ၂၉၁၀၀၊ ဆူဒိုအက်ဖီဒရင်းဆေးပြားအမှုန့် ၀ဒသမ ၅ ဂရမ်ပါ လေးထုပ်၊ ငွေကျပ် သိန်း ၂၅၀၀၊ ESCALADEEXT အမျိုးအစား ယာဉ်တစ်စီး၊ Mark-II အမျိုးအစား ယာဉ်တစ်စီးနှင့်မော်တော်ဆိုင်ကယ်သုံးစီးအပါအဝင် သက်သေခံပစ္စည်း ၂၂ မျိုးတို့နှင့်အတူ ရောင်စုံကျောက်အရိုင်းတုံး ၉၁ တုံး၊ ရွှေပြုန်းအိတ် ၂၉ အိတ်တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိသော ရွှေပြုန်းအိတ်(၂၉)အိတ်

ဆက်လက် စိစစ်ဖော်ထုတ်ချက်များအရ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် (၅၈×၅၉) လမ်းကြား ၂၆ လမ်းနေ နေလင်းထိုက်နှင့် ချမ်းအေးသာစံမြို့နယ် ယာဉ်ပျံ့ ရပ်ကွက် ရတနာတိုင်းပြည်အိမ်ရာ သုံးလွှာနေ ခင်မောင်ဆွေအား တိုယိုတာ ကိုရိုလာ အမျိုးအစား အဖြူရောင်ယာဉ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိသည်။ ၎င်းနောက် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် (၅၇)လမ်း အမှတ် (cc-၃/၁၈)နေ မြင့်နိုင်ဦး (၄၅ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ မြင့်နိုင်ဦးနှင့်အတူ မူးယစ်ဆေးဝါးရောင်းချရန်ရောက်ရှိနေသောမောင်မောင်ထံမှ 88 နှင့် 1 စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား သုံးပြားနှင့် မောင်မောင်၊ ဗိုလ်ဟိန်း၊ ထွန်းထွန်းတို့သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ ဆူဒိုအက်ဖီဒရင်းဆေးပြား ၅၁၀၀၀ ငွေစက္ကူရေရာ ငွေကျပ် ၇၇၃၇၇၂၀ လက်ကိုင်ဖုန်း ခုနစ်လုံး၊ KLUGER အမျိုးအစား အဖြူရောင်ယာဉ်တစ်စီး၊ Hilux Surf အမျိုးအစားအပြာရောင် ယာဉ်တစ်စီးတို့အပါအဝင် သက်သေခံပစ္စည်း ၃၄ မျိုးသိမ်းဆည်းရမိသည်။ ၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်(မြောက်)ရပ်ကွက် မ/၉၈ မြေညီထပ်နှင့် ပထမထပ်ရှိ လားရှင့်ချန်နာ (ခ) ချမ်းသာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းကို မတွေ့ရဘဲ ကျောက်စိမ်းအရိုင်းတုံး ၂၅ တုံး သိမ်းဆည်း ရရှိခဲ့သည်။

ရောင်စုံကျောက်အရိုင်းတုံး (၉၁)တုံး

သတင်းဆက်အရ ချမ်းအေးသာစံမြို့နယ် နဂါးရပ်ကွက် (၃၁×၃၂) လမ်းကြား လမ်း (၆၀)နေ စိုင်းရီမြင့်(ခ)ကျော်မြင့်၏ နေအိမ်အတွင်း သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ စိုင်းရီမြင့်(ခ)ကျော်မြင့်ကို မတွေ့ရဘဲ ၎င်းနှင့်ကျောက်လုပ်ငန်းအကျိုးတူလုပ်ကိုင်သူ စိုးနိုင်ကို တွေ့ရှိဖမ်းဆီးခဲ့ပြီး ကျောက်စိမ်းအရိုင်းတုံး ၃၁ တုံးနှင့်မော်တော်ယာဉ် တစ်စီးတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့မှတပ်ဖွဲ့ဝင်များသည် သတင်းကွင်းဆက် ဆက်စပ်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှုကြောင့် အမှုနှင့်ပတ်သက်ဆက်စပ်သူ ၁၄ ဦး၊ မော်တော်ယာဉ် ခုနစ်စီး၊ မော်တော်ဆိုင်ကယ်သုံးစီး၊ လက်ကိုင်ဖုန်း ၁၇ လုံး၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၅၁၀၀၀၊ ဆူဒိုအက်ဖီဒရင်းဆေးပြားအမှုန့် ၀ ဒသမ ၅ ဂရမ်စီပါ လေးထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၆ ပြား၊ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါဆေးပြား ၂၉၁၀၀၊ သိမ်းဆည်းရမိငွေကျပ် ၂၆၉၇၃၃၇၂၀၊ ကျောက်စိမ်း အရိုင်းတုံး ၂၅ တုံး၊ ရောင်စုံကျောက်ရိုင်းတုံး ၉၁ တုံး၊ ရွှေပြုန်းအိတ်၂၉အိတ်၊ ဆက်စပ်သက်သေခံပစ္စည်း ၁၀ မျိုးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၁၇ ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိသူများအား အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

စိုးနိုင် ကျွဲဆည်ကန် ပြည်ကြီးတံခွန်မြို့နယ်

ရန်နိုင်အောင်၊ ဆွေဦး၊ ဝင်းဗိုလ်၊ ကျော်မင်း၊ ဖြိုးဇော်၊ သိန်းထွန်း

ခင်မောင်ဆွေ

ဇော်ဝင်းနိုင်

မြင့်နိုင်ဦး၊ ထွန်းထွန်း၊ ဗိုလ်ဟိန်း၊ မောင်မောင်

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)ရှိ ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့် ပစ္စည်းအမည် - ပလတ်စတစ်ကုန်ကြမ်းများနှင့်ကုန်ချောများ
တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီ
ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) ၀၆၇-၄၀၈၃၈၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သံလွင်တံတား (ဖားဆောင်း)အတွက် ပြည်ပနိုင်ငံထုတ် တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၁၀-၂၀၁၃ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၃၁-၁၀-၂၀၁၃ ရက်
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၅-၁၂-၂၀၁၃ ရက် ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ၁၇-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊
ရုံးအမှတ်(၁၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၅၁၄၊ ၄၀၇၂၇၆၊ ၄၀၇၀၈၂

အသိပေးနှိုးဆော်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေးနှင့် ထိုသို့အသုံးချမှုတွင် အများပြည်သူနှင့် ပတ်ဝန်းကျင်အား ဓာတ်ရောင်ခြည်အန္တရာယ်ကင်းရှင်းမှုကိုရည်ရွယ်၍ အဏုမြူစွမ်းအင်ဥပဒေကို ၁၉၉၈ခုနှစ် ဇွန် ၈ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။
၂။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နျူကလီးယားနည်းပညာကို အသုံးချမှုများတိုးပွားလာရာ အထူးသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးစသည့်နယ်ပယ်များတွင် ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ နိုင်ငံအတွင်းရှိ နျူကလီးယားနည်းပညာကို အဓိကအသုံးချနေသည့်လုပ်ငန်းနှင့် လုပ်ဆောင်မှုများသည် နျူကလီးယားအန္တရာယ် ကင်းရှင်းရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြသော်လည်း အချို့မှာ ဥပဒေအားချိုးဖောက်၍ မိမိအကျိုးစီးပွားရှေ့တန်းတင်ကာ အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်၏ အန္တရာယ်ကင်းရှင်းရေးကို လျစ်လျူရှုလျက် လုပ်ကိုင်လာနေကြသည်ကိုလည်း ဌာနအနေဖြင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများလက်ခံရရှိခြင်း၊ ဌာနမှစုံစမ်းလေ့လာခြင်းတို့မှတစ်ဆင့် သိရှိလာခဲ့ရပါသည်။
၃။ တည်ဆဲအဏုမြူစွမ်းအင်ဥပဒေ၏ အခန်း(၁၂)၊ **တားမြစ်ချက်များ**ပါ ပုဒ်မ(၂၉)၊ ပုဒ်မ(၃၀)၊ ပုဒ်မ(၃၁)နှင့် ပုဒ်မ(၃၂)တို့တွင် မည်သူမျှ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို ပြည်တွင်းသို့တင်သွင်းရန်နှင့် ပြည်ပသို့တင်ပို့ရန် ကြိုတင်ခွင့်ပြုချက်၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် လိုင်စင်မရှိဘဲ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဌာနမှ ဆက်လက်သုံးစွဲရန်မသင့်ဟု သတ်မှတ်ထားသည်ကို ဆက်လက်၍ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရဟု တားမြစ်ပြဋ္ဌာန်းထားပါသည်။
၄။ ထိုဥပဒေ၏ အခန်း(၁၃) **ပြစ်ဒဏ်များ**ပါ ပုဒ်မ(၃၃)တွင် မည်သူမဆို ပုဒ်မ(၂၉)အား ကျူးလွန်ပါက ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ(၃၄)တွင် မည်သူမဆို ပုဒ်မ(၃၀)၊ ပုဒ်မ(၃၁) သို့မဟုတ် ပုဒ်မ(၃၂)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟူ၍လည်းကောင်း ပြစ်ဒဏ်များ အတိအလင်း ဖော်ပြ ပြဋ္ဌာန်းထားပါသည်။
၅။ သို့ဖြစ်ပါ၍ နျူကလီးယားနည်းပညာကို အသုံးချနေသည့်လုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်လုပ်ကိုင်လည်ပတ်မောင်းနှင်နေသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြပါရန်နှင့် နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို ပြည်တွင်းသို့တင်သွင်းပြီး မှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်မရှိသေးဘဲ လက်ဝယ်ထားရှိ အသုံးပြုနေခြင်းများကိုလည်း သက်ဆိုင်သောတရားဝင်အခွန်အခနှင့်ဝန်ဆောင်ခများပေးဆောင်လျက် ၂၀၁၃ခုနှစ် အောက်တိုဘာ ၁ရက်ထက်နောက်မကျစေဘဲ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ဓာတ်ရောင်ခြည်ကာကွယ်ရေးဌာန၊ အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်သို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန်နှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
၆။ ဆေးရုံ၊ဆေးခန်းများတွင် ရောဂါရှာဖွေရေးနှင့်ကုသရေးတို့အတွက် အသုံးပြုသည့် X-ray machines, CT Scanner, C-arm, Angiography, Linear Accelerator, Cyclotron, Mammography, PET-CT အစရှိသည့် စက်ပစ္စည်းများသည် အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
၇။ အသေးစိတ်သိရှိလိုပါက ဓာတ်ရောင်ခြည်ကာကွယ်ရေးဌာနသို့ လူကိုယ်တိုင်သွားရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၁-၅၄၆၂၆၁၊ ၀၆၇-၄၀၄၄၆၀တို့သို့လည်းကောင်း၊ e-mail (rpdaenatmauk@gmail.com) သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အဏုမြူစွမ်းအင်ဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်

UNIVERSAL MK Co., Ltd.

- CONSTRUCTION
- REAL ESTATE SERVICES
- PROFESSIONAL ASSESSMENT
- TRADING (EXPORT & INPORT)
- ph:09-73022150, 09-420091663,09-73052871
  No., 28/216, AUNG THU KHA 2nd St,
  NORTH DAGON TSP, YANGON,
  my mother oe hotmail.com

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ယဉ်ကျေးလိမ္မာ၊ ဓမ္မစကြာဝတ်ရွတ်သင်တန်းအောင်မြင်သူ ထူးချွန်သူများ ဂုဏ်ပြုလက်ဆောင်ပေးအပ်

ဖန်းမော် အောက်တိုဘာ ၁၅

ကချင်ပြည်နယ် ဖန်းမော်မြို့တွင် ယဉ်ကျေးလိမ္မာနှင့် ဓမ္မစကြာ ဝတ်ရွတ်သင်တန်းအောင်မြင်သူများနှင့် ထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက ညောင်ပင်ရပ်ကွက် အလက(၃)(အထက-ခွဲ) မေတ္တာခန်းမ၌ကျင်းပရာ ကျောင်းဆရာမကြီးဒေါ်နွဲ့နွဲ့အေးက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်း၍အမှာစကားပြောကြားပြီး ကျောင်းသားကလေးများက ကဗျာလင်္ကာနှင့် ဘုရားဂုဏ်တော်ကိုးပါးတို့ကို ရွတ်ဖတ်သီဆိုကြသည်။

ထို့နောက်နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း(သိမ်မဟာ ပရိယတ္တိစာသင်တိုက်)တွင် ပထမ၊ ဒုတိယ ဆုရရှိသူများ၊ ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသား ကျောင်းသူနှစ်ဦးတို့ကိုကျောင်းဆရာမကြီးကဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သိရသည်။

ဆိမ်းခုံ-နန်းရီ

မိုးကောင်း၌ ပညာသင်ထောက်ပံ့ငွေများ ပေးအပ်

မိုးကောင်း အောက်တိုဘာ ၁၅

မိုးကောင်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအနက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီနှင့် မြို့နယ်စည်းရုံးရေးကော်မတီတို့က ချီးမြှင့်သည့် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်းရုံးရေးကော်မတီရုံး၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးကျော်လွင်ထွန်း(ငြိမ်း)က အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

(၀၆၂)

သုံးခွမြို့၌ ပညာသင်ထောက်ပံ့ငွေ ပေးအပ်

သုံးခွ အောက်တိုဘာ ၁၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟိုဌာနချုပ်)မှတစ်ဆင့် သုံးခွမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့သို့ ၂၀၁၃-၂၀၁၄ပညာသင်နှစ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၉)ရပ်ကွက်ရှိ အဖွဲ့ရုံး၌ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးစန်းဝင်းနိုင်(ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ခြင်းခံရသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ပညာသင် ထောက်ပံ့ကြေးငွေပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အထက်တန်းအဆင့် ကျောင်းသား ကိုးဦးအား ငွေကျပ် ၂၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့်ကျောင်းသား ၁၉ ဦးအား ငွေကျပ် ၁၅၀၀၀ နှုန်း၊ မူလတန်းအဆင့်ကျောင်းသား ကိုးဦးအားငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ပညာသင် ထောက်ပံ့ကြေးငွေကျပ် ၅၅၅၀၀၀ ကို စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တစ်ဦးချင်းပေးအပ်ခဲ့ကြောင်းသိရသည်။

ကိုကျော်(သုံးခွ)

ချင်းပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ဟားခါး အောက်တိုဘာ ၁၅

ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် ညနေ ၇ နာရီတွင်ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အသီးသီးမှ ယဉ်ကျေးမှု အဖွဲ့များက တိုင်းရင်းသားရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အဖွဲ့လိုက်အကတွင် ပထမဆုရရှိသော ဟားခါးမြို့နယ်၊ ဒုတိယဆုရရှိသောမင်းတပ်မြို့နယ်နှင့် ဖလမ်းမြို့နယ်တို့ကို ပြည်နယ်ဝန်ကြီးချုပ်ဦးဟုန်းငိုင်းက ဆုပေးအပ်ချီးမြှင့်သည်။

(ပြည်နယ် ပြန်/ဆက်)

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ရှင်းလင်းဆွေးနွေး

မူဆယ် အောက်တိုဘာ ၁၅

ရှမ်းပြည်နယ် မူဆယ်မြို့ မူဆယ်နမ့်ခမ်းကုန်သည်များအသင်းခန်းမ၌ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဦးခင်ရီက သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာအချက် ၄၁ ချက်နှင့် သိသင့်သောအချက်များကို အကျယ်တဝင့်ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မူဆယ်-ရွှေလီနယ်စပ်ဂိတ်၊ အပြည်ပြည်ဆိုင်ရာဝင်ပေါက်၊ ထွက်ပေါက်ဂိတ်အဖြစ် တိုးမြှင့်နိုင်ရန်တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ သဘောထားရယူပြီး အကြံပြုဆွေးနွေးချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ဝန်ကြီးနှင့်အဖွဲ့သည် အများပြည်သူဝင်ထွက်သွားလာမှုကို မြန်မာ-တရုတ်နယ်စပ်ဂိတ်တစ်ခုဖြစ်သော ရွှေနန်းတော် လူဝင်၊ လူထွက်ဂိတ်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ ဒီအစည်းအဝေးကိုတက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးရှင်းလင်းသွားတဲ့ သန်းခေါင်စာရင်းကောက်တဲ့နေရာမှာ မေးမယ့်မေးခွန်း ၄၁ချက်ဟာ တကယ်အရေးပါပြီး တိုင်းပြည်အတွက် အထူးသဖြင့် အမေးခံရသူတွေအတွက် အကျိုးရှိမယ့် မေးခွန်းတွေဖြစ်တာသိရပြီး ဒီလိုမေးမယ့် မေးခွန်းတွေကိုလည်း ကျွန်တော်တို့ပြည်သူတွေက မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံဖြေပေးဖို့ အထူးလိုအပ်ပါတယ်။ ဒီအကြောင်းတွေကိုလည်း နေရာစုံ၊ ဒေသစုံက လူတွေကျယ်ကျယ်ပြန့်ပြန့်သိရှိကြရင် တကယ်တန်ဖိုး ရှိသွားမှာပါ။ အဲဒီလိုဖြစ်ဖို့လည်း ဆောင်ရွက်ရန်လိုအပ်ပါတယ်။ မူဆယ်နယ်စပ်ဂိတ်အဆင့်မြှင့် တိုးချဲ့ရန်လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်တွေ ဆွေးနွေးရာမှာတော့ လုပ်ငန်းပိုင်းတစ်ခုအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ဟိုတယ်လုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးသွားကြောင်းလည်းသိရပါတယ်" ဟု အစည်းအဝေးတက်ရောက်လာသူ လူမှုရေးအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

သိန်းဇော်(ရွှေလီဦး)

မိတ္ထီလာခရိုင်အတွင်း လေးမြို့နယ်မှ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

မိတ္ထီလာ အောက်တိုဘာ ၁၅

ရန်ကုန်မြို့ ဂရိတ်ဝေါဒဏ်ကျေလိမ်းဆေးပိုင်ရှင် ကုသိုလ်ရှင် ဦးတင်မောင်က မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်မြို့နယ်များမှ အတွင်းတိမ်၊ ရေတိမ်နှင့်အခြား မျက်စိဝေဒနာရှင်များအား ကျန်းမာရေးဝန်ကြီးဌာန မန္တလေး နား၊ နှာခေါင်း၊ လည်ချောင်းနှင့် မျက်စိသမားတော်ကြီးများက အခမဲ့ခွဲစိတ် ကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ဂရိတ်ဝေါဒဏ်ကျေလိမ်းဆေးပိုင်ရှင် ကုသိုလ်ရှင် ဦးတင်မောင်က မိတ္ထီလာလေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မျက်စိသမားတော်ကြီးများက အခမဲ့ စမ်းသပ်စစ်ဆေးကာ နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ အခမဲ့ခွဲစိတ် ကုသပေးမည်ဖြစ်ပြီး လိုအပ်သူများကို မျက်မှန်အခမဲ့တပ်ပေးသွားမည် ဖြစ်သည်။ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်မြို့နယ်များမှ မျက်စိဝေဒနာရှင်များသည် မိတ္ထီလာပြည်သူ့ဆေးရုံ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဦးဝင်းထိန်နှင့်မျက်စိကုသမားတော်ကြီးဒေါက်တာ ကိုကိုသန်းတို့ထံ ဆက်သွယ်သတင်းပေးပို့ထားနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လူဦးရေနှင့်အိမ်အကြောင်းအရာ အသိပညာပေးဟောပြော

ဝိုင်းမော် အောက်တိုဘာ ၁၅

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက ခတ်ချိုကျေးရွာ မာန်အောင်ကျောင်းတိုက်ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးတင်အောင်ဝင်းက ကျေးရွာနေပြည်သူများ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူချိန်တွင် မေးမည့်မေးခွန်းများနှင့်ပတ်သက်၍ မှန်ကန်တိကျစွာ ဖြေဆိုပေးနိုင်ရေးနှင့်အကြောင်းအရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ပြည်သူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ပြီး အခမ်းအနားသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီများနှင့်ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

သီတဂူရွှေပြည်ဟိန်းဓမ္မဒါနဆေးရုံ အောက်တိုဘာ ၂၀၊၂၃ (၂၈)ကြိမ်မြောက် အလင်းဒါန ပါဝင်လှူဒါန်းနိုင်

၂၀-၁၁-၂၀၁၃ ရက်တွင် ဦးရေ (၃၄၂၅) ပြည့် ၂၈-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - ရွှေပြည်ဟိန်းဆေးရုံ ပြည်သာယာ ရန်တင်း ... (ဖုန်း-၅၄၁၃၃၃၊ ၀၉-၅၁၀ ၂၉၅၇) ... KBZ Bank (Account No.00730200701690301)

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာချီးကျူးဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာဖိတ်ကြားလွှာ

ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ကြီး တည်ထောင်တော်မူခဲ့၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်ကြီးမှ ဦးစီးပဓာန နာယက ဆရာတော်အဖြစ် စီမံအုပ်ချုပ်တော်မူသော ရွှေဥမင်ဓမ္မသုခတောရရိပ်သာ စာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်အရှင်သူမြတ် အပါး ၆၀ နှင့် ပင့်သံဃာအပါး ၄၀ တို့အား ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အင်္ဂုတ္တရနိကာယဝိဒ္ဒွဲ့ရရှိတော်မူကြသော အရှင်သီလာစာရာလင်္ကာရ၊ အရှင်ဇဝနာလင်္ကာရ၊ ပထမငယ်တန်း အောင်မြင်တော်မူကြသော ရှင်ကုန္တိယ၊ ရှင်ဇာဂရိယ၊ အရှင်မြတ်လေးပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်) ၂၀-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်းလေးပါးဒါယကာ ဒါယိကာမ ကုသိုလ်ရှင်စေတနာရှင်များ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျောင်းတိုက်အကျိုးတော်ဆောင်အဖွဲ့
ရွှေဥမင်ဓမ္မသုခတောရရိပ်သာစာသင်တိုက်
ကုန်းတလပေါင်းစံပြကျေးရွာ၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၉၆၀၇၂၊ ၀၁-၆၃၈၁၇၀

အမည်ပြောင်း

အမှတ်(၂၃)၊ ပဲခူးလမ်း၊ ထောက်ကြန့်နေ ဦးအုံးသွင် ၇/မလန(နိုင်)၀၆၃၂၁၄၏သား မောင်အောင်သက်ပိုင်စိုးအား မောင်ပိုင်သက်စိုးဟု ပြောင်းလဲခေါ်ပါရန်။

ဦးအုံးသွင်

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃½ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ (၃၂)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကျင်းပမည်ဖြစ်ပါ၍ ပြိုင်ပွဲဝင်အသင်းများ ဖိတ်ခေါ်ခြင်း

၁။ သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့မှ ကြီးမှူး၍ (၃၂)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် (၁၆-၁၁-၂၀၁၃ရက်) စနေနေ့ ညနေ ၄နာရီတွင် ရင်ပြင်တော်ပေါ်ရှိ ကျောက်တန်းတန်ဆောင်းတော်မြတ်၌ ယသော်ဓရာ၊ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ ရက်ကန်းစင်တော်ကြီး (၅)စင်ဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ပြီး ရရှိလာသော သင်္ကန်းတော်မြတ်များကို အာရုံခံ(၄)သွယ်မှ ရုပ်ပွားတော်(၄)ဆူနှင့် ကြေးသွန်းမဟာမြတ်မုနိရုပ်ပွားတော်မြတ်တို့ကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (၁၇-၁၁-၂၀၁၃ရက်) တနင်္ဂနွေနေ့ နံနက် ၄နာရီတွင် ဆက်ကပ်လှူပါမည်။

၂။ အဆိုပါ မသိုးသင်္ကန်း ရက်ကန်းရက်ပြိုင်ပွဲသို့ ယှဉ်ပြိုင်ရက်ခတ်လိုသည့် ပြိုင်ပွဲဝင်များအနေဖြင့် တစ်ဖွဲ့လျှင် အမျိုးသမီး သုံးဦးစီဖြင့် ပါဝင်ယှဉ်ပြိုင်လိုပါက ၂၄-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီနောက်ဆုံးထား၍ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးသို့ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

၃။ ပြိုင်ပွဲဝင်မည့်အသင်းဝင်များအနေဖြင့် ခေါင်းဆောင်ဖြစ်သူသည် အသက်(၃၀)ထက် မကျော်ရန်နှင့် အကူအဖွဲ့ဝင်နှစ်ဦးသည် အသက်(၄၀)အတွင်း ဖြစ်ရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို ဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်
ဂေါပကအဖွဲ့၊ သန်လျင်မြို့
ဖုန်း-၀၅၆-၂၁၁၄၃၊ ၂၂၀၃၂

ပြည်တွင်းသတင်းနှင့်နယ်သတင်း

တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြတ်စွယ်တော်ဖွင့်လှစ်ပူဇော်ခံ ပွဲ ညှိနှိုင်းစည်းဝေး

ပြည် အောက်တိုဘာ ၁၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယတန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ အစဉ်အလာမပျက် အေးချမ်းသာယာစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ပထမအကြိမ် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ရွှေဆံတော်စေတီရှိ ကျားပျံမကောက်မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်က အမှာစကားပြောကြားသည်။ ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်တက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း) ရွှေဆံတော်ဂေါပကဦးမြဝင်းကကျင်းပရေးဦးစီးကော်မတီများဖွဲ့စည်းထားခြင်းနှင့်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး၊ မြတ်စွယ်တော်ဖွင့်လှစ် ပူဇော်ခံရေးနှင့် ရင်ပြင်တော်ပေါ်သို့ လှည့်လည်ပူဇော်ခံရေး၊ ကျန်းမာရေး၊ သတင်းနှင့်ပြန်ကြားခြင်း၊ သယ်ယူပို့ဆောင်ရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဆွမ်းဆန်စိမ်းလောင်းလှူ ဘုရားအနေကဇာတင်၊ ဆွမ်းတော်ကြီးကပ်၊ ဆီမီးပူဇော်၊ ဝတ်ရွတ်ပူဇော်ရေး၊ ကြိုဆိုဧည့်ခံချက်ပြုတ်ကျွေးမွေးရေး၊ဖျော်ဖြေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ယင်းတင်ပြချက်များအပေါ် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၀၅)

ခန္တီးမြို့နယ်တွင်အခြေခံပညာကျောင်းများ အလှူငွေပေးအပ်

ခန္တီး အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် အထက်တန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများမူးယစ်ဆေးဝါးအန္တရာယ်ကိုသိရှိစေရန်၊ လူထုအတွင်းမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်စေရန်ရည်ရွယ်ချက်ဖြင့် ခန္တီးမြို့စေတနာ့ဝန်ထမ်းမူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ကကြီးမှူး၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးမြို့နယ်အဆင့်ကျပန်းစကားပြောပြိုင်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ အခြေခံကျောင်းများဖြစ်သောအထက်တန်းကျောင်းသို့ အလှူငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ မူလွန်(ပေါမိုင်း)ကျောင်း၊ အလက ခွဲ(မြို့မ)ကျောင်း၊ အလကခွဲ(ဇီးဖြူကုန်းကျောင်း)သို့ အလှူငွေကျပ်ငါးသိန်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲအခမ်းအနားကို စစ်ဘက်ဆိုင်ရာအရာရှိများ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၃၅၀ ခန့်တက်ရောက်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရာသီဥတုပြောင်းလဲမှုနှင့် မွေးမြူရေး

စကားပလ္လင် ခံရပါဦးမည်။ ရာသီဥတုပြောင်းလဲမှု (Climate Change) အကြောင်းရေးသားမည်ဖြစ်သဖြင့် ကျွန်တော့်အား မိုးလေဝသပညာရှင်ဟု မမှတ်ယူလိုက်ပါနှင့်။ ကျွန်တော့်မှာ သာမန်ရေလုပ်ငန်းပညာရှင် (Marine Biologist) တစ်ဦးသာဖြစ်ပါသည်။ သို့ရာတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျရောက်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ ပြည်တွင်းပြည်ပ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ တက်ရောက်ရာတွင်လည်းကောင်း ရာသီဥတုပြောင်းလဲမှု (Climate Change) မှာ ခေါင်းစဉ်တစ်ခု၊ ဘာသာရပ်တစ်ခုအနေဖြင့် မဖြစ်မနေဆွေးနွေးရသည့် ကိစ္စတစ်ရပ် ဖြစ်ခဲ့ပါသည်။ မည်သည့် အကြောင်းအရာပဲပြောပြော နောက်ဆုံးတွင် Climate Change ဖြင့်သာ အဆုံးသတ်ရသည်ကများခဲ့ပါသည်။ သဘာဝဘေးအန္တရာယ် (Disaster) ကျရောက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သည့် ကြိုတင်ပြင်ဆင်မှု (Preparedness)၊ ကယ်ဆယ်ရေး (Relief)နှင့် ပြန်လည်နေရာချထားရေးနှင့်ထူထောင်ရေး (Rehabilitation) ဟူသော အဆင့် သုံးဆင့်ကို မလွဲမသွေဖြတ်ကျော်ရမည်ဖြစ်ပါသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် သတင်းအချက်အလက်အမြန်ရရှိရေးနှင့် မှန်ကန်သောသတင်းအချက်အလက်များ ဖြစ်စေရေး (Information)သည် အဓိကအချက်များဖြစ်ပါသည်။ ထို့အပြင် ထိုသတင်း အချက်အလက်များအပေါ်အခြေခံ၍ ကြိုတင်သတိပေးချက် (Early warning system) ထုတ်ပြန် နိုင်ရေးသည်လည်း အရေးကြီးလှပါသည်။ မြန်မာနိုင်ငံတွင် မုန်တိုင်းသတင်းများနှင့်ပတ်သက်၍လည်းကောင်း၊ မြစ်ရေကြီးမှုများနှင့်ပတ်သက်၍လည်းကောင်း သတင်းအချက်အလက်များ မပြတ်ထုတ်လွှင့်ပေးလျက်ရှိသည်ကို နေ့စဉ်တွေ့မြင်ရမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာလူမျိုးများသည် လိုက်နာဆောင်ရွက်မှု (Law enforcement)အနေဖြင့် အခြားနိုင်ငံများထက် သာလွန်နေသည်ကိုလည်း တွေ့ရှိနိုင်ပါသည်။ သို့ရာတွင် သတင်းအချက်အလက်မှန်ကန်ရေး၊ မြန်ဆန်ရေးနှင့် ကြိုတင်သတိပေးချက်များဖြစ်ရန် လွန်စွာမှအရေးကြီးလှပါသည်။

မြန်မာနိုင်ငံတွင် ငါးမွေးမြူရေး ၄၅၁၅၃၄ ဧကခန့်ရှိပြီး ၈၀ ရာခိုင်နှုန်းမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမြေနိမ့်လွင်ပြင်များတွင်ဘာဘာဝအနေအထားအရ တည်ရှိနေကြသည်ကိုတွေ့မြင်နိုင်ပါသည်။ အထူးသဖြင့် မွေးမြူရေးငါးမြစ်ချင်း တစ်နေ့လျှင် ပိဿာချိန် ၁၅၀၀၀၀ ခန့် စံပြငါးဈေးကြီးသို့ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ရေချိုငါး ပြည်ပသို့တင်ပို့မှုအနေဖြင့် တန်ချိန် ၇၀၉၇၉ အမေရိကန်ဒေါ်လာ ၈၇ သန်းခန့်ရရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထိုကိန်းဂဏန်းများက မွေးမြူရေးအခန်းကဏ္ဍသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် နိုင်ငံခြားငွေရရှိစေရေးတွင် အရေးကြီးကဏ္ဍမှ ပါဝင်နေကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုငါးမွေးကန်များသည် ရာသီဥတုပြောင်းလဲမှု၏ ဒဏ်ကို အများနည်းတူခံစားရလျက် ရှိနေကြပါသည်။ ၂၀၀၉ ခုနှစ် ရေကြီးနစ်မြုပ်မှုများတွင် လည်းကောင်း၊ အနိမ့်ပိုင်းရှိ ငါးကန်များမှာ များစွာပျက်စီးဆုံးရှုံးခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုငါးမွေးကန်များအနေဖြင့် ရာသီဥတု ဖောက်ပြန်မှုကို ကြိုတင်သိရှိခဲ့လျှင်သော်လည်းကောင်း၊ မိုးလေဝသခန့်မှန်းချက်များ တိကျမှန်ကန်မြန်ဆန်ခဲ့လျှင်သော်လည်းကောင်း၊ ကန်ပေါင်များ တာဖို့ မြှင့်တင်ခြင်း၊ ကန်ဘေးပတ်ဝန်းကျင် ရေလျှံ၍ မွေးငါးများ လွတ်ထွက်မသွားစေရန် ဇာပြာများ ကာရံခြင်းများ ကြိုတင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ပင်လယ်ရေ၏ အပူချိန်မြင့်တက်မှု၊ နိမ့်ကျမှုများနှင့်အတူ အယ်နီညိုနှင့် လာနီညာများဖြစ်ပေါ်ပြီး ရာသီဥတုမှာ ရှေ့ရာစုနှစ်များတွင် မကြာခဏပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်သဖြင့် ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို မပြတ်နားစိုက်ထောင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

သန်းဦးဝေ(မွေးမြူရေး)

အထက်အညာ တိုင်းရင်းသူတို့၏ စုပေါင်းအလှူ

ကောလင်း အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဂျိုးထောင်၊ နန်းခမ်း၊ ဖားကန့်ဒေသမှ ကထိန်အကျိုးတော်ဆောင် ဒေါ်ခင်သိန်း၊ ဒေါ်ဆံ၊ ဒေါ်အုန်းစိန်၊ ဒေါ်ကြင်မေ၊ ဒေါ်ဌေးဌေးရီ၊ ဒေါ်ဒေါင်းနှင့်ဒေါ်စန်းပုတို့ ဦးဆောင်သော သဟာယပုညကာရီ စုပေါင်းဆွမ်းကပ်အဖွဲ့၏(၃၅)ကြိမ်မြောက် ဆွမ်းအလှူတော်အဖြစ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတိပိဋကနိကာယကျောင်းတိုက်ရှိ သံဃာတော် အပါး ၁၃၀ ကျော်တို့အား ဆွမ်းနှင့်အချိုပွဲများကို အောက်တိုဘာ ၆ ရက်က ဆက်ကပ်၍ ရာသက်ပန် ဆွမ်းပဒေသာပင်သို့ ငွေကျပ်သိန်း ၅၀ ကို တိ-နိ (မန္တလေး)အုပ်ချုပ်ရေးမှူး ဦးထွန်းဦးထံစိုက်ထူလှူဒါန်းကြောင်း သိရသည်။

(၀၉၂)

အာစရိယပူဇော်ပွဲ

ဒုတိယအကြိမ် မြစ်ကြီးနား ဆရာအတတ်သင်နှင့် ပထမအကြိမ် မြစ်ကြီးနား ပညာရေးကောလိပ် အာစရိယပူဇော်ပွဲကို ၁၆-၁၁-၂၀၁၃ ရက် (စနေနေ့)တွင် မြစ်ကြီးနား ပညာရေးကောလိပ် ဉာဏစစ်သည်ခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်၍ သင်တန်းသား/သူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ၃၁-၁-၂၀၁၂ရက်တွင် အသက်(၆၀)ပြည့်သော မြစ်ကြီးနား ဆရာအတတ်သင်/ပညာရေးကောလိပ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် ကန်တော့ခံကြွရောက်ပေးပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ အာစရိယပူဇော်ပွဲတက်ရောက်မည့် ဆရာကြီး ဆရာမကြီးများ ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးကြပါရန် ပန်ကြားအပ်ပါသည်။

(ဦးဘထွန်း ဖုန်း-၀၉-၂၄၀၂၂၁၈၊ဦးဆောင်ထန့် ဖုန်း-၀၉-၂၄၀၂၀၁၄)

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ ကုန်းမြင့်သာယာလမ်းသွယ်၊ (A-1)၊ အိမ်အမှတ် ၂၉၆နေ ဒေါ်ပိုပိုဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အယ်နီတာအား သီးစားချထားပေးသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၁၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၈၀၊ ကွင်းအမည်-ပြင်၊ ဦးပိုင်အမှတ်[၁၂/၁-(ခ)]၊ မြေဧရိယာ ၀ဒသမ ၆၉၈ဧကရှိ မြေနှင့် အကျိုးခံစားခွင့်များအားလုံးကို ရောင်းပိုင်ခွင့်ရှိသည်ဟု ဦးဇော်ရဲထွဋ်မှ တာဝန်ခံ၍ ရောင်းချသောကြောင့် ဒေါ်ပိုပိုဦးက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးအပိုင် ငွေပေးချေ၊ လွှဲပြောင်းယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပိုပိုဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ LL.B

တရားလွှတ်တော်ရှေ့နေ

အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊

ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ချယ်ရီလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် ၅၃၂-ဘီ/၅၊ အမှတ် ၂၀၆၊ အကျယ်ပေ(အလျား $\frac{၁၅၈'}{၁၇၆'}$ × အနံ $\frac{၁၀၄'}{၁၀၈'}$)ရှိ ဒေါ်နုနုကြည် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့် အမှတ် ၂၀၇၊ အကျယ် ပေ(အလျား $\frac{၁၈၁'}{၁၇၆'}$ × အနံ $\frac{၁၁၃'}{၁၃၂'}$)ရှိ ဒေါ်တင်တင်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသောမြေကွက် နှစ်ကွက်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်နုနုကြည် ၁၂/ဗတထ(နိုင်)၀၂၈၈၁၂ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင် LL.B,D.B.L(စဥ်-၇၆၅၂)၊ တရားလွှတ်တော်ရှေ့နေ

အမှတ် ၂၂၂၊ စံပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ခိုင်ပြည့်ဦး ၁၂/ဥကတ(နိုင်) ၁၆၄၂၃၆သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘတို့၏ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုလုပ်ခဲ့ပါသဖြင့် ကြေညာသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ကိစ္စအဝဝကို(လုံး၀)တာဝန်ယူမည် မဟုတ်ပါ။

(စုံစမ်းခြင်းသည်းခံပါ။)

ဦးမင်းဦး ၆/ကစန(နိုင်)၀၂၈၉၅၅

ဒေါ်စိုးစိုးမော် ၆/ကစန(နိုင်)၀၂၈၉၄၀

မင်္ဂလာလမ်း၊ မြစ်မရပ်၊ အလယ်ကျွန်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော အဆောက်အအုံ၏ တတိယအလွှာ(ဒုတိယထပ်/ခြေရင်းခန်း)၊ အကျယ်အဝန်းပေ(၁၃×၄၇)ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်ရီ ၁၂/ကမရ(နိုင်)၀၅၁၆၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှ ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းမြင့် (၂၂၃၃)၊ အထက်တန်းရှေ့နေ

B.A(Eco),D.A,A.G.P

အမှတ်(၄၈)၊ ပထမထပ်(A)၊ လမ်း(၉၀)၊ ကန်/အနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်

မှုခင်းသတင်းနှင့်ကြော်ငြာ

ကသာမြို့နယ် အောင်ချမ်းသာကျေးရွာတွင် မိန်းကလေးငယ်တစ်ဦး ဓာတ်လိုက်သေဆုံး

ကသာ အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အောင်ချမ်းသာကျေးရွာတွင်မိန်းကလေးငယ်တစ်ဦးဓာတ်လိုက်သေဆုံးသွားခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာ အောက်တိုဘာ ၉ ရက်က ဒုရဲအုပ် ဌေးဝင်းသည် ကသာမြို့ရဲစခန်း၌တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် အောင်ချမ်းသာရွာ အုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်အရ အောင်ချမ်းသာရွာမှ ကလေးငယ်တစ်ဦး ဓာတ်လိုက်ခံရ၍ ကသာဆေးရုံသို့ ပို့အပ်ထားကြောင်းသိရသဖြင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မတင်မာဝင်းဆိုသူသည် ဒဏ်ရာများရရှိပြီး သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးသိရှိနိုင်ရန် သေမှုသေခင်းရေးဖွင့် ဆောင်ရွက်ထားသော အမှုဖြစ်ကြောင်းသိရသည်။ သေဆုံးသူမှာ မတင်မာဝင်း (၁၀ နှစ်) ကျောင်းသူ အောင်ချမ်းသာကျေးရွာ ကသာမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)

လေဖြန်းနေသူအား စနောက်၍ တွန်းရာမှ ရေထဲပြုတ်ကျကာ ရေနစ်သေဆုံး

ထန်းတပင် အောက်တိုဘာ ၁၅

အောက်တိုဘာ ၁၂ ရက် နံနက် ၁၀နာရီက ထန်းတပင်မြို့နယ် ရခိုင်ရိုးလေးကျေးရွာနေ ဒေါ်အေးအေးသီမှာတစ်ရွာတည်းနေဦးခင်မြင့်၏ အိမ်တက်အလှူတွင်ဝိုင်းဝန်းလုပ်ကိုင်ပေးနေစဉ် တစ်ရွာတည်းနေ အမည်မသိကလေးနှစ်ဦးလာရောက်ပြောပြသဖြင့် ဒေါ်အေးအေးသီ၏ ခင်ပွန်းဖြစ်သူ ဦးသန်းမောင် (လေဖြန်းနေသူ)မှာ ရခိုင်ရိုးလေးရွာလယ်တံတားဘေးတွင် သေဆုံးနေကြောင်းသိရှိရသဖြင့် သွားရောက်ကြည့်ရှုခဲ့သည်။ ထိုသို့ သွားရောက်ကြည့်ရှုရာခင်ပွန်းဖြစ်သူဦးသန်းမောင်သည်ရွာလယ်ကွန်ကရစ်တံတားဘေးချောင်းစပ်တွင် ပက်လက်အနေအထားဖြင့်သေဆုံးနေသည်ကိုတွေ့ရသဖြင့်စုံစမ်းမေးမြန်းရာခင်ပွန်းဖြစ်သူအားတစ်ရွာတည်းနေ ဦးမြင့်သိန်းက စနောက်ရင်း တွန်းလိုက်ရာ တံတားပေါ်မှ ရေထဲသို့ ပြုတ်ကျ၍ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဦးမြင့်သိန်းအား အရေးယူပေးရန် ဇနီးဖြစ်သူ ဒေါ်အေးအေးသီမှ တိုင်တန်း၍ တက်သစ်နယ်မြေရဲစခန်းကအမှုဖွင့်ပြီး ဦးမြင့်သိန်းအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

ဖားကန့်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အဝတ်ဘိန်းများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၂) မူးယစ်တပ်ဖွဲ့စု မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ အုပ်စု ငြိမ်းချမ်းသာယာရပ်ကွက် ခွန်ဆာကုန်းနေ မြင့်သီ(၄၇နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ နေအိမ်ကြမ်းပြင်ပေါ်ရှိ ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား၄၃၂ပြား တန်ဖိုးငွေကျပ် ၂၅ ဒသမ ၉၂ သိန်း၊ အဝတ်ဘိန်း ၄၁ ဒသမ ၃၃ ဂရမ် တန်ဖိုးငွေကျပ် ၆၁၉၉၅ နှင့် မူးယစ်ဆေးဝါးရောင်းရငွေကျပ် ၆၆၀၀၀တို့ကို သိမ်းဆည်းရမိသဖြင့် ဖားကန့် မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရဲပြန်ကြား

တရားမဝင်ခိုးဝင်ပေါက်မှ ဝင်ရောက်လာသူအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၅

ကချင်ပြည်နယ် လွယ်ဂျယ်နယ်မြေရဲစခန်း တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ လွယ်ဂျယ်မြို့ အောင်သီရိရပ်ကွက် တရုတ်-မြန်မာ နယ်စပ်လမ်း တရားမဝင် ဝင်/ထွက်ပေါက်အနီး၌ စောင့်ဆိုင်းနေစဉ် တရုတ်နိုင်ငံ လားရင်းကျေးရွာမှ လွယ်ဂျယ်သို့ တရားမဝင်ခိုးဝင်ပေါက်မှဝင်ရောက်လာသူတရုတ်နိုင်ငံ ကျန်းဖုန်းမြို့နယ် မုန့်ယော့ရွာနေ လွေလေလတ်(၂၉နှစ်)အား မသင်္ကာ၍ ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ ရှာဖွေရာ ဝဲဘက်ချိုင်းကြားတွင် ညှပ်ထားသော HUPAI စာတန်းနှင့် ရေပိုက်ခေါင်းတံဆိပ်ပါ လေးထောင့်စက္ကူ ဂျပ်ဘူးအတွင်း Love is flower စာတန်းပါ အစိမ်းနုရောင်ဆပ်ပြာခွက် အတွင်းမှ ပလတ်စတစ်အဖြူရောင်အိတ်ဖြင့် ထုပ်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူ/အဝါမှုန့် အလေးချိန် ၁၂ ဂရမ်ခန့်ပါ တစ်ခွက် ကာလတန်ဖိုး၂၄၀၀၀၀ကို သိမ်းဆည်းရမိခဲ့သဖြင့် လွယ်ဂျယ်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကော့သောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၅

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် အမှတ်(၃၄) မူးယစ်တပ်ဖွဲ့စု ကော့သောင်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီ ၃၅ မိနစ်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကော့သောင်းမြို့ သီရိမြိုင် ရပ်ကွက်နေ ချိန်တီ(၅၂ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ နေအိမ်ရှေ့ခန်းရှိ ဗီရိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၁၈ပြား တန်ဖိုးငွေကျပ် ၃၈၀ဒသမ၄၉ သိန်း သိမ်းဆည်းရမိသဖြင့် ချိန်တီအား ကော့သောင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရဲပြန်ကြား

လားရှိုးမြို့ ဟိုပိတ်အေးရှားဝေါလ် တိုးဂိတ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၅

ရှမ်းပြည်နယ် အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုးမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၂ ရက် ည ၉ နာရီ ၁၅ မိနစ်က လားရှိုးမြို့ ဟိုပိတ်အေးရှားဝေါလ် တိုးဂိတ်တွင် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မူဆယ်မှလားရှိုးသို့ မိတ္ထီလာမြို့ ဈေးအရှေ့ရပ် သြဇာခြံရပ်ကွက် ရတနာသင်းကျစ် ဘုရားဝင်းနေ ထင်ကျော်ကျော်(၁၈ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ၎င်း၏ ခါးတွင်ပတ်ထားသည့် ခါးပတ်အိတ်အတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ ခြောက်ထုပ် စုစုပေါင်း ဆေးပြား ၁၂၀၀ ပြား တန်ဖိုးငွေ ကျပ် ၂၄ သိန်းကို ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ထင်ကျော်ကျော်အား လားရှိုးနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(အပေါ်ပုံ)**

ရဲပြန်ကြား

ဥပဒေ
ဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကျ
စိတ်ချမ်းသာ

အိမ်နှင့်ခြံ ရောင်းမည်/ငှားမည်

ပြင်ဦးလွင်ခြံ ပေ(၂၀၀×၃၀၀)အကျယ်ရှိ တစ်ထပ်တိုက် ရောင်းမည် (သို့မဟုတ်) ငှားမည်။ ဂရန်မြေဖြစ်၍ ပိုင်ရှင်အမည်ပေါက် မြနှင်းဆီခြံလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့နယ်၊ (ဒေလီယာမိုတယ်၏ကျောဘက်)။

ဆက်သွယ်ရန်ဖုန်း-၀၁-၆၆၂၀၆၅၊ ၀၁-၆၆၄၆၃၆ (ရုံးချိန်အတွင်းသာ)

ဖုန်း-၀၉-၅၁၃၈၄၂၈၊ ၀၉-၂၅၀၂၃၈၆၈၃

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (အသင်းသူ/သားများသို့ အသိပေးကြေညာချက်)

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ အသင်းသားစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်းကို မကြာမီကာလအတွင်း ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အမှုဆောင်သစ်ရွေးချယ်ပွဲတွင် မဲဆန္ဒပေးခြင်းနှင့် အမှုဆောင်အဖြစ် ပါဝင်ယှဉ်ပြိုင်အရွေးခံခြင်းတို့အတွက် အသင်းသူ/သားများသည် အသင်းဝင်သက်တမ်းရှိသောသူများဖြစ်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အသင်းသူ/သားများအား အသင်းဝင်သက်တမ်း **Up to Date** ဖြစ်စေရေးအတွက် သက်တမ်းတိုးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

နေရာ - အခန်း ၆၀၁၊ ခြောက်လွှာ၊ UMFCCI Tower၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ရေဦးမြို့နယ် တင်းတိမ်ရုံ(ထန်းတောဇောဓိ)အစိုးရအထက်တန်းကျောင်း ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရေဦးမြို့နယ်၊ တင်းတိမ်ရုံကျေးရွာ(ထန်းတောဇောဓိ) အထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမဟောင်းများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ပါသည်။ ကျင်းပမည့်နေ့ရက်မှာ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်)၊ (သောကြာနေ့)ဖြစ်ပြီး အထူးစည်ကားစွာ ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်းများအနေဖြင့် တက်ရောက်ကြရန်နှင့် အကြံဉာဏ်များနှင့် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းအကြံပြုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁) ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း) — ရန်ကုန် ဖုန်း-၀၁-၂၄၆၅၅၁၊ ၀၁-၃၇၅၂၈၃၊ အမှတ် ၅၆၊ ဗိုလ်ရွှဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့
(၂) ဒေါ်ခင်ပြုံးရည် — မန္တလေး ဖုန်း-၀၉-၆၈၁၉၂၉၀
(၃) ဦးကံညွန့် — မြစ်ကြီးနား ဖုန်း-၀၉-၂၅၉၀၁၄၉၄၀
(၄) ဦးရွှေမောင် — မိုးကုတ် ဖုန်း-၀၉-၆၅၃၈၈၁၄
(၅) ကျောင်းအုပ်ဆရာမကြီး ထန်းတောဇောဓိအစိုးရအထက်တန်းကျောင်း ရေဦးမြို့နယ် — ဖုန်း-၀၇၁-၅၅၂၀၂

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ဒီ၊ လူနေရပ်ကွက်အမှတ်၊ မြေကွက်အမှတ်(၁၀၄အေ/၃ခ) (၈၄F/၇-၂ဃ) ဧရိယာ (၀ဒသမ ၀၁၉ + ၀ဒသမ ၀၆၇ = ၀ဒသမ ၀၈၆)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၄/အေ၊ အင်းလျားလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်ချိုနွာဒေဝီ ၉/မကန(နိုင်)၀၀၀၉၉၇ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်ချိုနွာဒေဝီထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများက ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၃၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးဖေအေး ၃/ဘအန(နိုင်)၁၅၃၁၆၈၏သား မောင်ထွန်းလုံဦး ၃/ဘအန(နိုင်) ၃၃၁၅၂၀သည် မိဘဆိုဆုံးမမှုကိုမနာခံသည့်အတွက် ၁၀-၁၀-၂၀၁၃ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဖေအေး ၃/ဘအန(နိုင်)၁၅၃၁၆၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (ကာယ/ဉာဏ)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ(က)၊ ခြံအမှတ် ၄၀၊ မြေကွက်အမှတ် ၃၃၀၊ အကျယ်ပေ(အလျား ၂၁၆'/၂၆၀', ×အနံ ၈၉'/၁၇၆',)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ တစ်ထပ်လူနေအိမ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများမူရင်းများဖြင့် ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်မာလွင် LL.B, D.B.L (စဉ်-၇၆၅၂)၊ တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၂၊ စံပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

နယ်သတင်းနှင့်ကြော်ငြာ

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း တစ်ခေတ်ပြောင်းစေမည့် မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်နေ

သတင်းဆောင်းပါး-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၅

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း တိုးတက်လာသော မြန်မာနိုင်ငံ၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် အရည်အချင်းပြည့်ဝသည့် လူသား အရင်းအမြစ်များရှိရန် လိုအပ်သည်။ ဟိုတယ်များတွင် စီမံခန့်ခွဲမှု၊ အစားအသောက်များစီစဉ်ချက်ပြုတ်မှုစသည့် ဟိုတယ်လုပ်ငန်းများဆိုင်ရာ သင်တန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ပေးလျက်ရှိသည်။

"မြန်မာနိုင်ငံရဲ့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းမှာ အရည်အချင်းပြည့်ဝတဲ့ လူငယ်မျိုးဆက်သစ်တွေ အဆက်မပြတ် မွေးထုတ်ပေးဖို့လိုအပ်လျက်ရှိပါတယ်။ ဒါမှလည်း နိုင်ငံတကာမှ ဝင်ရောက်လာတဲ့ ခရီးသွားဧည့်သည်တွေကို နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုကူညီမှုပေးနိုင်မှာဖြစ်ပါတယ်"ဟုရန်ကုန်မြို့ ထရိတ်ဒါးဟိုတယ်၌ အောက်တိုဘာ ၁၂ရက် နံနက်ကကျင်းပသည့် Star Resources Tourism & Hospitality Management Academy မှ ပြုလုပ်သည့် သင်တန်းဆင်းပွဲတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ပြောကြားသည်။

မြန်မာနိုင်ငံမှ လူငယ်များ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် အလုပ်အကိုင်များရရှိရေး၊ လုပ်ငန်းခွင်အရည်အချင်း ပြည့်ဝရေးတို့အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးလျက်ရှိရာ ယခုအခါ မျိုးဆက်သစ်လူငယ်ပေါင်း တစ်သောင်းကျော်ကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။

ဟိုတယ်ဆိုင်ရာ အင်္ဂလိပ်စာနှင့်စကားပြော၊ ဟိုတယ်အစားအစာများစီမံချက်ပြုတ်ဝန်ဆောင်မှုဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဟိုတယ်အခန်းများထိန်းသိမ်းစောင့်ရှောက်မှု စသည့် သင်တန်းရှစ်မျိုးကို သင်ကြားပေးလျက်ရှိပြီး အောက်တိုဘာ ၁၂ရက်၌ သင်တန်းသား သင်တန်းသူ ၆၈၂ဦးတို့အား ဒီပလိုမာနှင့် အောင်လက်မှတ်များ ပေးနိုင်ခဲ့သည်။

"ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနနဲ့ပူးပေါင်းပြီးမန္တလေး၊ပုဂံ၊ တောင်ကြီး၊ ရန်ကုန်အပြင် အခြားနေရာတွေမှာရှိတဲ့ဟိုတယ်ဇုန်တွေမှာ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ လူတွေကို ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းတွေ ပေးနေပါတယ်။ မကြာခင် လွိုင်ကော်မှာ သွားရောက်ပြီး သင်တန်းပေးဦးမှာပါ" ဟု သင်တန်းကျောင်းအုပ်ကြီး ဒေါ်နေရည်အောင်က ပြောပြသည်။

မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေး လိုအပ်လျက်ရှိရာ အရှိန်အဟုန်နှင့်ဖွံ့ဖြိုးလာမည့်မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအတွက် အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးရန်ရှိသည်။ ။

(မြန်မာ့အလင်း)

ကြယ်ငါးပွင့်အဆင့်ရှိ Chatrium Hotel ကို တွေ့ရစဉ်။

စကားဝိုင်းဆွေးနွေးပွဲ လားရှိုး၌ကျင်းပ

လားရှိုး အောက်တိုဘာ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အောက်တိုဘာ၁၂ရက် ညနေ ၃နာရီက လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်လူမှုဝန်ထမ်းရုံးတွင် လက်သင်္ကေတပြဘာသာစကား အသိပညာပေးစကားဝိုင်း ဆွေးနွေးပွဲ သင်တန်းဆင်းပွဲကို ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းတက်ရောက်ကြသော သင်တန်းသား သင်တန်းသူ၃၆ဦးတို့က အဖွဲ့လိုက်မှ တစ်ဦးစီက သင်တန်းဆရာ ဆရာမများ၏ရှေ့၌ ပြန်လည်၍ သရုပ်ပြကြသည်။ ထို့နောက် သင်တန်းဆရာ ဦးတင်အေးကိုက SSWA Project အကြောင်းကို ရှင်းပြရာ စကားပြန်ဒေါ်မိုင်နွယ်နီက လက်သင်္ကေတဖြင့် သရုပ်ပြရှင်းလင်းပေးသည်။ ဆက်လက်ပြီး ဒေါ်ခင်စန်းရီ လက်ထောက်ညွှန်ကြားရေးမှူး နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနက မသန်စွမ်းသူများ၏ အခြေအနေများအကြောင်းကို ရှင်းလင်းပြောဆိုပြီး နောက်ထပ်ဖွင့်လှစ်မည့် သင်တန်းများတွင်လည်း ပါဝင်နိုင်ရေး ဆွေးနွေးခဲ့သည်။ သင်တန်းသူတစ်ဦးက သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးရုံး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်း တရုတ်နိုင်ငံ ရွှေလီမြို့၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅

တရုတ်နိုင်ငံ ရွှေလီမြို့၌ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံး လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ သင်တန်းကို အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။

တရုတ်နိုင်ငံ မူခင်းရဲတပ်ဖွဲ့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရုံးမှ ညွှန်ကြားရေးမှူး Mr.Yin Guohai ခေါင်းဆောင်သော ရွှေလီ၊ ကျန်းဖုန်း၊ နန့်ဆန်း နယ်စပ်ဆက်ဆံရေးရုံးမှ သင်တန်းသား ၂၇ ဦးနှင့် မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ခင်မောင်လှ ခေါင်းဆောင်သော မူဆယ်၊ လွယ်ဂျယ်၊ လောက်ကိုင် နယ်စပ်ဆက်ဆံရေးရုံး၊ ချင်းရွှေဟော်နှင့်လောက်ကိုင်တို့မှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၁၄ဦးတို့ သင်တန်းတက်ရောက်ပြီး အဆိုပါ သင်တန်းသားများအား The Australia-Asia Program Combat Trafficking in Persons (AAPTIP)မှ Mr. Willem Pretorious,UNIAP China Office မှ He Yunxiao နှင့် Wang Yi,World Vision China မှ Edith Zhang နှင့် Wang Fei, Save the Children China မှ He Yu, UNIAP Myanmar မှ ဒေါ်ဥမ္မာအိအိချော၊ IOM Myanmar မှ ဒေါ်အေးအေးမာကျော်၊ UNICEF Myanmar မှ ဒေါ်သီတာစိမ်း၊ World Vision Myanmar မှ ဒေါ်ခင်မျိုးသန့်၊ Save the Children Myanmar မှ ဒေါ်လွယ်ခမ်းမာထ်တို့က သင်ကြားပို့ချခဲ့သည်။

သင်တန်းဖွင့်လှစ်ရခြင်းမှာ နှစ်နိုင်ငံကြား လူကုန်ကူးမှုအမျိုးအစားများ၊ လက်ရှိအခြေအနေများကို သင်ခန်းစာဖော်ထုတ်ရရှိရန်၊သတင်းအချက်အလက်များ မျှဝေပေးရန်၊ နယ်စပ်ဆက်ဆံရေးရုံး ယန္တရား ပိုမိုထိရောက်ရန်အတွက် စိန်ခေါ်မှုများ၊ လစ်ဟာနေမှုများ၊ ဆက်လက်ဖြေရှင်းရမည့် ပြဿနာများကို စိစစ်ရှာဖွေကြရန်၊ အခြားနယ်စပ်ဆက်ဆံရေးရုံးများ၏ ကောင်းမွန်သည့် အလေ့အထများအား သင်ခန်းစာ ရယူရန်တို့ဖြစ်ကြောင်း သိရသည်။

တရုတ်- မြန်မာ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးသုံးရုံး ဖွင့်လှစ်နိုင်ခဲ့သည်။ မူဆယ်-ရွှေလီလူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာနယ်စပ်ဆက်ဆံရေးရုံးကို ၂၀၀၇ခုနှစ် ဇူလိုင်လ ၁၂ရက်တွင်လည်းကောင်း၊ လွယ်ဂျယ်-ကျန်းဖုန်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာနယ်စပ်ဆက်ဆံရေးရုံးကို၂၀၁၂ခုနှစ်ဒီဇင်ဘာ ၂၂ ရက်တွင် လည်းကောင်း၊ လောက်ကိုင်-နန့်ဆန်းလူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာနယ်စပ်ဆက်ဆံရေးရုံးကို ၂၀၁၃ခုနှစ် မေ ၁၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး လူကုန်ကူးမှုများကို ပူးပေါင်းတိုက်ဖျက်လျက်ရှိသည်။

၂၀၁၃ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ လူကုန်ကူးမှု ၆၉မှု၊ လူကုန်ကူးသူ ၁၉၄ ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၁၈၅ ဦးတို့ကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၈၆နေ (ဦးဘကျော်-ဒေါ်လှခင်)တို့၏သားကြီး၊ (ဦးမောင်ကလေး-ဒေါ်အေးလှိုင်)တို့၏သားသမက်၊ (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ဦးအောင်သူမြိုင် (အဖွဲ့ဝင်၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်း)၊ (အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း) - ဒေါ်ဖဲဖဲမာ (Representative of Kelvin Diesels Under British Polar Engines Ltd. Scotland.)၊ ဒေါက်တာမြင့်သူမြိုင် (ပါမောက္ခ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မမေဦးမြိုင် (Internal Operation Department, Aeon Microfinance Co., Ltd.)၊ မောင်ရွှေပိုမြိုင်(Mobile Technician-Thit San Digital World)တို့၏ချစ်လှစွာသောအဘိုး၊ (ဦးသန်းအောင်-ဒေါ်ခင်ကြည်)၊(ဒေါ်တင်တင်အေး)တို့၏မောင်၊(ဦးစံတင်-ဒေါ်တင်မြင့်)၊ (ဦးသန့်စင်)-ဒေါ်ဥမ္မာ၊ဦးထင်ကျော်-(ဒေါ်အေးအေးမြင့်)တို့၏အစ်ကို၊(ဦးတင်)-ဒေါ်ဝင်းကြည်၊ (ဦးကျော်ညွန့်)-ဒေါ်လှမေ၊ ဦးသိန်းဟန်-ဒေါ်အေးမြင့်တို့၏ညီ၊ (ဦးမင်းဆွေ-ဒေါ်တင့်တင့်)၊ဒေါက်တာမောင်မောင်လေး-ဒေါက်တာစုစု၊ ဦးထွန်းအေး-ဒေါ်နုနု၊ (ဦးတင်ဦးကြိုင်)-ဒေါ်ယဉ်မေ၊ ဦးဖေသန်း-(ဒေါ်သန်းသန်းအေး)၊ ပါမောက္ခဒေါက်တာမြအောင်-ပါမောက္ခ ဒေါက်တာခင်အေးသီတို့၏အစ်ကိုသည် ၁၄-၁၀-၂၀၁၃ရက်(တနင်္လာနေ့) ည ၁၁နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးသွင်(ရွှေဘို၊ ပဲနွယ်ကုန်း) (အလယ်တန်းကျောင်းအုပ်၊ ငြိမ်း)

အလက(၂)အင်းစိန်၊ အလက ထန်းမနိုင်၊ ကော့မှူး အလက၊ တံတားရွာ(ကျောက်တန်း)၊ အလက(၁)လှိုင်၊ အထက(၁)သာကေတ၊ အထက(၁)မရမ်းကုန်း

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၊ ဗိုလ်မင်းရောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးဘအုံး-ဒေါ်မြူတို့၏တတိယသား၊ ဦးဘအေး-ဒေါ်ရင်ဖြူတို့၏သားသမက်၊ ဒေါ်ခင်သန်းညွန့်(လွန်ထူးအောင်)၏ခင်ပွန်း၊ မအေးမြသီတာသွင်(ခေတ္တ-စင်ကာပူ)၏ဖခင်သည် ၁၄-၁၀-၂၀၁၃ရက် နံနက် ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အမှတ် ၄၊ ဗိုလ်မင်းရောင်လမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဖြူဖြူဝင်း အသက်(၆၀)

(ဦးအေးချို-ဒေါ်ခင်သိန်း)တို့၏သမီး၊ (ဦးစံဝင်း-ဒေါ်ငွေဇင်)တို့၏သမီးချွေးမ၊ အမှတ် ၇၄ (ငါးလွှာ)၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးဝင်းသူ (သုတေသနအရာရှိ၊ မွေးကုဦးစီးဌာန၊ ငြိမ်း၊ အင်းစိန်)၏ဇနီး၊ မသူဇာဝင်းသူ (Asst. Manager Asia Rose Mfg. Co.,Ltd.)၊ ဒေါက်တာမြင့်သူထွန်း-ဒေါက်တာမူယာဝင်းသူ၊ မဟေမာဝင်းသူ၊ မရူပါဝင်းသူ၊ မဖြူစင်ဝင်းသူ(ခေတ္တ-စင်ကာပူ)တို့၏မိခင်သည် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၀၀း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ခင်

(မြောင်းမြ-ဒရယ်ပေါက်)

အသက်(၆၁)နှစ်

မြောင်းမြမြို့၊ ပြင်ရွာတိုက်နယ်နေ (ဦးရွှေထွန်း-ဒေါ်တင်မြင့်)တို့၏ သမီးကြီး၊ ဦးစိန်ဝင်း(အုပ်ချုပ်ရေးမှူး၊ ဒရယ်ပေါက်)၏ဇနီး၊ မောင်မျိုးနိုင်ဝင်း-မတင်ချယ်ရီအေး(နည်းပြ၊ ပညာရေးကောလိပ်၊ မြောင်းမြ)၊ (မခင်သန္တာဝင်း)တို့၏မိခင်၊ မီးမီးလေး၏အဘွားသည် ၁၅-၁၀-၂၀၁၃ရက်နံနက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၃ ရက်တွင် ဒရယ်ပေါက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးတင်မြင့် (ဖိုးလေး)

အသက်(၅၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့နေ (ဦးသန်းရင်-ဒေါ်အုံးခင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၅၊ အခန်း ၂၂နေ (ဦးလှမောင်-ဒေါ်သန်းငွေ)တို့၏မောင်၊ ဦးအုန်းမြင့်၏ညီ၊ ဒေါ်စန်းဝေ၏အစ်ကို၊ ဒေါ်ခင်ဥမ္မာလှ-ဦးအောင်မင်း(လ-၃၊ဒဂုံ)၊ ဒေါ်ခင်စပယ်လှ (UPG)၊ ဦးဝင်းနိုင်ထွန်းတို့၏ဦးလေး၊ မဝင်းမြတ်မေ(လ-၂၊ဒဂုံ)၏အဘိုးသည်၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၅း၄၅နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးဇော်မြင့် (ကြို့ပင်ကောက်)

မြို့မကျောင်းသားဟောင်း (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)

အသက်(၇၈)နှစ်

ကြို့ပင်ကောက်မြို့၊ အမှတ် ၁၆၀၊ လမ်းသစ်တန်းလမ်းနေ (ဦးအိမ်ချောင်-ဒေါ်လှလှ)တို့၏သား၊ ဦးအင်ရှောင်၊ ဒေါ်ကျင်ထွေးတို့၏သားသမက်၊ (ဦးရန်ကင်း-ဒေါ်နီနီ)၊ ဒေါ်ရင်မေ၊ (ဒေါ်ရင်သန်း)၊ (ဒေါ်ရင်မြင့်)၊ ဒေါ်ရင်စီတို့၏မောင်၊ ဒေါ်ကြည်ကြည်အေး၊ ဦးသန်းထူး၊ ဒေါ်လှလှဟန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈လမ်း၊ အမှတ် ၁၃၉၊ ပထမထပ်နေ ဒေါ်တင်ဝင်း (ဆိုင်အမှတ် ၂၅၊ ဗိုလ်ချုပ်ဈေးသစ်)၏ခင်ပွန်း၊ မဥမ္မာချို(ခ)မအေးအေးမြင့်၊ မောင်ဇော်သက်ထွန်း၊ မအေးအေးနိုင်တို့၏ဖခင်၊ မောင်ကောင်းဇော်ထက်၏ဘိုးဘိုးကြီးသည်၁၄-၁၀-၂၀၁၃ ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၈-၁၀-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈လမ်း၊ အမှတ် ၁၃၉၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၄၄/၂၀၁၃)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈ ၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူအား မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၄၅/၂၀၁၃)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်အား မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ယနေ့ မာတိကာ

တိုင်းဒေသကြီးအချို့တွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုများ၌ သံသယရှိသူများအား (၂၄)နာရီအတွင်း ဖော်ထုတ်ရရှိ စာ -၁၁

ပြည်ပမှ အဝယ် ရပ်ဆိုင်းမှုကြောင့် မြေပဲဈေးနှုန်းကျဆင်း စာ -၁၂

ရာသီဥတုပြောင်းလဲမှုနှင့်မွေးမြူရေး စာ -၁၇

မြန်မာ့ရုပ်/သံထုတ်လွှင့်မှုကို Digital ထုတ်လွှင့်မှုစနစ် DVB-T2 ဖြင့် ယနေ့မှစ၍ စတင်ထုတ်လွှင့်

နေပြည်တော် အောက်တိုဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Digital စနစ်ဖြင့် စတင်ပြောင်းလဲထုတ်လွှင့်ခြင်းနှင့် ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်ပြီး စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးခင်မောင်စိုး၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးပိုက်ထွေးက Digital စနစ်ဖြင့် စတင်ပြောင်းလဲထုတ်လွှင့်ခြင်းနှင့် ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Digital စနစ်ဖြင့် စတင်ပြောင်းလဲထုတ်လွှင့်မှုနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် အားကစား၊ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က လွှတ်တော်ရုပ်သံလိုင်းကိုလည်းကောင်း၊

စာမျက်နှာ ၉ ကော်လံ ၂ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ဥပဒေကြမ်း(၃)ခုကို မှတ်တမ်းတင်

နေပြည်တော် အောက်တိုဘာ ၁၅

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတုတ္ထနေ့ကို အစီအစဉ် (၁၀) ခုဖြင့် ဆောင်ရွက်ခဲ့ပြီး (၁၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂညီလာခံသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်နာယက ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာအကျဉ်းချုပ်နှင့် ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဟန်ဂေရီနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့်မှတ်တမ်းတို့ကို ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့အတူ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးမိသားစု တွေ့ဆုံပွဲတွင် တင်ပြမှုများအား သုံးသပ်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် ရခိုင်ပြည်နယ်ကိုယ်စားပြု ပုဂ္ဂိုလ်များ၏တင်ပြချက်များကို သုံးသပ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ထားမှုတို့ကို လွှတ်တော်နာယကက လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြခဲ့ပြီး လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ယင်းတွေ့ဆုံပွဲကို စက်တင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ကျင်းပခဲ့ပြီး *စာမျက်နှာ ၇ ကော်လံ ၁* ❍

ဆရာရဲ ဦးရေသန့် ဆံပင်သန်ဆေး

Fully Auto

09 731 99 410

ရှေ့ဆုံး - Ks 42000/

- Ks 34000/

မြေကွက်ဝယ်လိုသည်

ခ၀့်မြို့သစ်

အရှေ့ပိုင်းဒဂုံ

ဆိပ်ကမ်း

မြေကွက်များဝယ်လိုသည်။

09 31589922

09 31268183

Myanmar First License Training

COFFEE BARISTA INSTITUTE

Special Class (Open Nov: 1)

COSMO World Training Center

Power Palace Hotel

နိုင်ငံတကာပညာရေးစနစ်များနှင့် Qualification များအကြောင်းဆွေးနွေးပွဲ

Pre University / University Foundation

DATE : Oct 18 (FRIDAY)

TIME : 10:00 A.M - 12:00 NOON

VENUE : CROWN EDUCATION LEARNING CENTER

CROWN EDUCATION

09 732 732 77 / 01 527 838

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့

"မုံရွာဆရာမိုး" ရဲ့

ကျောက်တစ်လုံးဝမ်းမှန်ဆေး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
သဃ်္န်းကျွန်းမြို့နယ်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၀

ဒေါ်သဇင်ကျော်ထွန်း(ခ) နှင့် ဦးသိန်းထွန်း

ဒေါ်စုဇီကျော်ထွန်း

(အခွင့်ရကိုယ်စားလှယ် ဦးခိုင်ဇော်အေးမောင်)

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်သြဘာလမ်း၊ အမှတ်(၃၃၈/က+၃၃၈/ခ)တွင်နေထိုင်သော (ယခုနေရပ်လိပ်စာမသိ) ဦးသိန်းထွန်းအား သိစေရမည်။

သင့်အပေါ်၌ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းဦး)

ဒုတိယမြို့နယ်တရားသူကြီး(၁)

သဃ်္န်းကျွန်းမြို့နယ်တရားရုံး

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၈၄
(ကွယ်လွန်သူဒေါ်အေးမှင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ဒေါ်ခင်မြင့်စံ(ခ)ဒေါ်ခင်မြင့်စန်း **လျှောက်ထားသူ**

အမှတ်၅၁၁၊ သိမ်ဖြူလမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်အေးမှင်၏ကျန်ရစ်သောပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မြေတိုင်းရပ်ကွက်အမှတ်၂၁၊ မြေကွက်အမှတ်၁၈(စီ)၊ ဧရိယာ ၅ ဒသမ ၀၀ဧက မြေပိုင်မြေကွက်အမျိုးအစားအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်မြင့်စံက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၄ ရက်(၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်အေးမှင်၏ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၄ ရက်(၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ခင်မြင့်စံ(ခ)ဒေါ်ခင်မြင့်စန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ခုနှစ် အောက်တိုဘာ ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဝါဝါထွန်း)

ဒုတိယခရိုင်တရားသူကြီး(၅)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကင်းမြို့နယ်တရားရုံး၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

ဒေါ်တင်ဥမ္မာထွန်း နှင့် ဦးယောထယ်

(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ဖြူဝင်း)

အမှတ်၃၀၆၊ ကွန်ဒို(A)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့

အမှတ်၁၆၀၊ ဝါးတန်းလမ်း၊ (၉) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ်၁၆၀နေ ဦးယောထယ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်တင်ဥမ္မာထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ဖြူဝင်း)က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းထားခြင်းအား ပယ်ဖျက်ပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၈ ရက်(၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ် ထည့်အပ်လိုက်ရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထင်လင်း)

ဒုတိယမြို့နယ်တရားသူကြီး

ရန်ကင်းမြို့နယ်တရားရုံး၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
သဃ်္န်းကျွန်းမြို့နယ် တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၃၈

ဦးကိုကို နှင့် ဒေါ်စီစီသင်း

တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ အမှတ် ၆၆၂၊ ငမိုးရိပ် ၃ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္န်းကျွန်းမြို့နယ်နေ ဒေါ်စီစီသင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကန်ထရိုက်အဆောက်အအုံဆောက်လုပ်ရာ၌ အရပ်ရပ်နစ်နာကြေးကုန်ကျစရိတ်ငွေကျပ်သိန်း ၂၀ ရလိုမှု ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၈ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်) မွန်းတည့် ၁၂နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထွန်းဦး(တ/၂၇၇၇)

ဒုတိယမြို့နယ်တရားသူကြီး(၁)

သဃ်္န်းကျွန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေဦးစိုင်းကျော် ၁၃/တခလ(နိုင်)၀၂၄၄၂၄နှင့် ဒေါ်နန်းရဲန်ဝမ်း ၁၃/တခလ(နိုင်)၀၃၆၄၃၅တို့သည် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အိမ်အမှတ်(၁/၈၁)၊ ဧရိယာ ၀ဒသမ ၀၆၂ ဧက အလျား၆၃ပေ×အနံ ၄၃ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်အားဖူ ၁၃/ကတန(နိုင်)၀၉၁၈၈၃ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ချက်အရ-

ဦးရန်နိုင်ဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၂၇၃၃၇)

တာချီလိတ်မြို့

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ဆက်သွယ်၍ မိမိတို့တတ်စွမ်းသမျှ ဒါနကုသိုလ် ရယူနိုင်ပါသည် -

	ဗိုဂဒါဝုန်	ကုသိနာရုံ	နယ္မွးဒေဿ
၁။ ဆွမ်း(၁)စတုရန်းပေ/(၁)ယွန်စ် (ကျပ်)	၁၅,၀၀၀	၁၀,၀၀၀	၃၀,၀၀၀

	ဂယာ	သာဝတ္ထိ	ကုသိနာရုံ	နယ္မွးဒေဿ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀	၃၀,၀၀၀

၃။ သာရီပုတ္တရာကျောင်းဆောင်သစ် တရုတ်မြန်မာဗုဒ္ဓဘာသာကျောင်း ၊ နာလန္ဒာ

(နှုန်းထားသတ်မှတ်ချက်မရှိပါ ၊ စေတနာသာအဓိကဖြစ်ပါသည်။)

ရုံးချုပ် - ကွန်ဒို(E)၊မြေညီထပ်၊ကမ္ဘာအေးဘုရားလမ်းသွယ်၊ကမ္ဘာအေးစေတီလမ်း၊(၈)ပိုင်၊မရမ်းကုန်း၊ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၀၂၃ ၊ ၀၉-၅၁၂၂၁၉၈

ရုံးခွဲ(၁) - အမှတ်(၂၈၉)၊မြေညီထပ်၊ပန်းဆိုးတန်းလမ်း(စုံ၊ကျော်တံတားအနီး)၊ကျောက်တံတား၊ရန်ကုန်။
☎ ၀၁-၃၇၇၆၁၅ ၊ ၀၉-၇၃၂၂၇၅၃၅ ၊ ၀၉-၂၄၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale ၊မြေညီထပ်၊ဝေဇယန္တာလမ်းနှင့် ဝဇ္ဇမာလမ်းထောင့်၊မရမ်းကုန်း၊ရန်ကုန်။
☎ ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၈၇
ကွယ်လွန်သူ ဦးနက်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးသန်းမြင့် **လျှောက်ထားသူ**
အမှတ် ၃၃၈၊ ရတနာ ၃ လမ်း၊ နယ်မြေ ၁၁၊
ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၅၂၅ တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးနက်၏ ကျန်ရှိရစ်သောပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ နယ်မြေ ၁၁၊ ရတနာ ၃ လမ်း၊ အမှတ် ၃၃၈ နေ ဦးသန်းမြင့်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်)တွင် ကြားနာရန်ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူဦးနက်၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်(၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာမထုတ်ပေးမီ သက်ဆိုင်ရာအမှုတွဲအားကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဦးသန်းမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်မြသိန်း
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်

အောင်ချမ်းမြေ့

ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း

[JAPANESE LANGUAGE TRAINING CENTRE]

No.249, 2B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၁၅၉၈၇၀၊ ၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅

* **၂၄-၁၀-၂၀၁၃ရက်မှ စတင်မည်။**
* သင်ကြားနိုင်သည့်အချိန် 09:00 AM to 04: 00 PM (Break 1 hour)
* သင်တန်းကာလ လေးလ၊ တစ်ပတ်ငါးရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
* ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း ၄၅၀ အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
* ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
* အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
* "အောင်"ပြီး "ချမ်းမြေ့"မှု တွေ့ရှိဖို့ "အောင်ချမ်းမြေ့" ကိုလာခဲ့ပါ။
* ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ကူညီပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၂၈/က၊ မြေကွက်တည်နေရာ အမှတ် ၂၈၊ ဝေဘာဂီလမ်း၊ ည ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအုန်းဆောင် ၁၂/ဥကမ(နိုင်)၀၅၇၁၁၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးအုန်းဆောင်(ဖခင်)နှင့် ဒေါ်လှပု(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်အေးအေးသန်း ၁၂/ဥကမ(နိုင်)၁၀၉၆၁၄၊ ဦးမြသိန်း ၁၂/ဥကမ(နိုင်)၂၀၃၉၀၂၊ ဒေါ်အေးအေးသိန်း ၁၂/ဥကမ(နိုင်)၀၅၅၇၅၀၊ ဦးသိန်းဇော် ၁၂/ဥကမ(နိုင်)၀၅၆၈၆၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးသိန်း၊ ဦးသိန်းဇော်တို့ထံမှ GP-၁၃၉၀၆(၉-၈-၁၃)ရသူ ဦးမြသိန်းက ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ပေကျယ် တိုက်ခန်းရောင်းမည်

- စမ်းချောင်း၊ လမ်းသန့်၊ နေရာကောင်း၊
- ပေ(၂၅×၆၀)ပြည့်၊ ဆဋ္ဌမထပ်၊
- ကျွန်းလျှာထိုးပြည့်၊ လိုင်းဖုန်းပါ၊
- အိပ်ခန်း(၂)၊ master အိပ်ခန်း(၁)၊
- လေဝင်လေထွက်ကောင်း၊ တိုက်သန့်၊
- အဆင့်မြင့်ပြင်ဆင်ပြီး တိုက်ခန်းကျယ်၊ **(ပွဲစားမလို)**

ဖုန်း-၀၉-၈၇၄၁၉၈၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မှော်ဘီမြို့နယ် တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၈

ဦးကျော်မိုးသူ **နှင့်** ၁။ ဒေါ်တင်တင်ဦး
၂။ ဦးဇော်မင်း

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၇၄၊ အမှတ် ၁၁/၅နေ (၁) တရားပြိုင် ဒေါ်တင်တင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၁ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော်၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အဥ္စလီမြရှိန်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မှော်ဘီမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဦးတင်ဝင်း ၁၂/မဂဒ(နိုင်)၀၂၅၇၀၄ အမည်ပေါက်ပိုင်ဆိုင်သော ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၁၅၁ ရပ်ကွက်၊ မြေကွက်အမှတ် ၁၆၁၂၊ ပေ(၄၀×၆၀)ရှိ မြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ လူကိုယ်တိုင်လာ၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မသီတာ
ဖုန်း-၀၉-၄၄၈၀၄၂၃၄၇

LL.B, WIPO (Switzerland)

LL.B, WIPO (Switzerland)

RIGHT LAW FIRM

ဝိပဿနာပညာဗိတ်ဆက်သင်တန်း

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သထုံခရိုင်တရားရုံး
၂၀၁၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

မမေသီအောင် **နှင့်** ၁။ ဦးမြင့်နိုင်
ချမ်းသာကြီးရပ်ကွက်၊ ၂။ မစမ်းစမ်းအေး(ခ)မစမ်းအေး
အလှပ်ကျေးရွာ၊ ပေါင်မြို့ (အတူနေဇနီးမောင်နှံ)
အလှပ်ကျေးရွာ၊ ပေါင်မြို့
တရားလို **တရားပြိုင်များ**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာနေ ဦးမြင့်နိုင်နှင့် မစမ်းစမ်းအေး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို မမေသီအောင်က ငွေ (၃၅၄၂၇၅၅၀/) (ကျပ်သုံးရာငါးဆယ့်လေးသိန်းနှစ်သောင်း ခုနစ်ထောင်ငါးရာ့ငါးဆယ်တိတိ)ပြန်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်က ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၂၄ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် အမှုနှင့်ပတ်သက်၍ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဇေယျာတင့်ညို
ဒုတိယခရိုင်တရားသူကြီး
သထုံခရိုင်တရားရုံး

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၁၉၆
ကွယ်လွန်သူဒေါ်ဂေါ်လာဇံ (CF-029992)၏ ကျန်ရှိရစ်သော မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက် အမှတ်(၃၆)၊ ပဋ္ဌမတန်းစားမြေ၊ အကျယ်အဝန်း(၂၈'၆''×၄၀')ရှိ မြေကွက်ကျယ်ကြီး၏ မြောက်ဘက်အခြမ်း (၁၄'၃''×၄၀')ရှိသည့် မရွေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

အမှတ်(၃၅)၊ (၉၇)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဂေါ်လာဇံ၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးခင်မောင်ချို ပါ(၃၈) က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဂေါ်လာဇံ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား၊ အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက် ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက် (၁၃၇၅ ခုနှစ်၊ သီတင်း ကျွတ်လပြည့်ကျော် ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီမှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးခင်မောင်ချို ပါ(၃၈)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်စန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာ စီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၆၊ မြေကွက်များအမှတ် ၆၅၆၊ ၆၅၇၊ ၆၅၈၊ ၆၅၉၊ ၆၆၀၊ ၆၆၁၊ ၆၆၂၊ ၆၆၃၊ ၆၆၄၊ ၆၆၅ ပါမစ်မြေကွက်များသည် ဦးသက်လွင်(ခ)အန်ကူး ၁၂/ကကတ(နိုင်)၀၂၂၄၃၈ အမည်ဖြင့်တည်ရှိပြီး အဆိုပါမြေကွက်များနှင့် အကျိုးခံစားခွင့်အားလုံးတို့အား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ထပ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြခိုင် ၁၃/လလန(နိုင်)၀၅၁၇၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သော မြေကွက်များနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးအသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သူဇာငြိမ်း LL.B အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ ဇာဂ ၁၇ လမ်း၊
(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉၊

ငြင်းချက်ထုတ်ရန် သမ္မာန်စာ
(တရားမကျင့်ထုံးကို ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံဆိပ်ကမ်းမြို့နယ်တရားရုံး
၂၀၁၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆

ဦးကျော်ကျော်အောင် **နှင့်** ၁။ ဦးချစ်စိန် ၂။ ဒေါ်သန်းသန်းအေး
၃။ ဒေါ်စန်းစန်းဦး
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၂၁၅၄)နေ (၂) တရားပြိုင် ဒေါ်သန်းသန်းအေး(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထွန်းနိုင်ဝင်း
ဒုတိယမြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ ထုတ်လုပ်ရေးလုပ်ငန်းနှစ်ခုအား ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မောက်သရက်ဒေသ၊ မြေဖြူထုတ်လုပ်မှုလုပ်ငန်း
(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ ကျေးကုန်းဒေသ၊ ဒိုလိုမိုက်ထုတ်လုပ်ရေးလုပ်ငန်း

၂။ တင်ဒါပုံစံများကို ၁၀-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၃၁-၁၀-၂၀၁၃ရက် ၁၆:၀၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းများဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း၊ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ ထုတ်လုပ်ရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၁၆၊ ၀၆၇-၄၀၉၁၆၂ နှင့် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

၁၇-၉-၂၀၁၃ရက်စွဲပါ စာမျက်နှာ(၂၂)တွင်ပါရှိသော ကန့်ကွက်ပါကြောင်း အသိပေးကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ်(၁၁၆)၊ သုဓမ္မာလမ်း၊ မြေပေအကျယ်ပေ(၄၀×၆၀)နေအိမ်အကျိုးခံစားခွင့်အားလုံးအား ဒေါ်နုနုလွင် ၁၂/ဥကမ(နိုင်)၂၀၀၂၁၆ပါ ရှစ်ဦးတို့ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအပေါ် ဒေါ်ကြူကြူဝင်း ၁၂/ဥကမ(နိုင်)၁၀၇၀၃၃ က ကန့်ကွက်ပါကြောင်း ကြော်ငြာချက်အား ၁၀-၁၀-၂၀၁၃ရက်တွင် ပြန်လည်ရုပ်သိမ်းပါသည်။

ဒေါ်ကြူကြူဝင်း ၁၂/ဥကမ(နိုင်)၂၀၀၂၅၆၏
လွှဲအပ်ညွှန်ကြားချက်အရ-
(သန်လျင်)ဦးထွန်း
LL.B,C.B.L,D.B.L,D.M.L,D.I.L,D.A.psy (Wipo Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၃)
၉/၁၁၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁)မရမ်းကုန်းတရားရုံးရှေ့၊
ဖုန်း-၀၉-၄၃၀၄၃၀၉၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာရှိ တိုက်အမှတ် ၉၅/၉၆ ၊အခန်းအမှတ် ၀၀၁ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်သင်းသင်းနိုင်ထံမှ စာချုပ်စာတမ်းဖြင့် အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်နီနီဝင်း ၁၂/လသန(နိုင်)၀၀၈၅၇၄က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၅၉၈၊ မြေကွက်တည်နေရာအမှတ် ၅၉၈၊ ရှင်သီဒတ် ၁၀လမ်း၊ ၇ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်ကြည်(ခ)ဒေါ်ကျင်အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်(ခ) ဒေါ်ကျင်နှင့်ခင်ပွန်း ဦးဝင်းတို့ကွယ်လွန်သဖြင့် ဒေါ်တင်လှိုင် ၁၂/ဥကတ(နိုင်)၁၀၀၇၁၅၊ဒေါ်ညွန့် ၁၂/ဥကတ(နိုင်)၀၃၅၃၄၅၊ ဦးမောင်ကြည် ၁၂/ဥကတ(နိုင်)၁၀၉၇၃၁၊ ဒေါ်ခင်ခင်အုန်း ၁၂/ဥကတ(နိုင်)၀၁၉၉၁၁၊ ဦးစိုးလွင် ၁၂/ဥကတ(နိုင်)၁၀၉၇၀၂၊ ဦးနိုင်ဝင်း ၁၂/မဂတ(နိုင်)၀၀၄၅၅၅တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၁၇၄၊ မြေကွက်တည်နေရာအမှတ်၃၊၄လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးသန်းတင် အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးသန်းတင်၊ (မိခင်)ဒေါ်စောကြည် ကွယ်လွန်သဖြင့် (၁) ဒေါ်သန်းနှစ် ၁၂/မဂတ(နိုင်)၀၅၀၅၄၈၊ (၂)ဦးဖိုးပြုံး ၁၂/မဂတ(နိုင်)၀၅၂၅၅၂၊ (၃)ဒေါ်တင်တင်ဆွေ ၁၂/မဂတ(နိုင်)၀၅၂၅၂၇၊ (၄)ဒေါ်မိမိအောင် ၁၂/ မဂတ (နိုင်)၀၄၉၇၈၆၊(၅) ဒေါ်မိမိခိုင် ၁၂/မဂတ(နိုင်)၀၅၂၅၄၁ တို့က သားသမီးများ၂တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၉၊ မြေကွက်အမှတ် ၁၂၆၂/က၊ မြေကွက်တည်နေရာအမှတ် ၁၂၆၂/က၊ နဝရတ် ၄လမ်း၊ ၉ ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြသန်း အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြသန်း(ဖခင်)ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးသိန်းထွန်း ၁၂/သကတ(နိုင်)၀၀၉၆၂၉၊ (၂)ဦးသိန်းအေး ၁၂/ရကန (နိုင်)၀၃၆၆၀၆၊ (၃)ဒေါ်လှလှဌေး ၁၂/သကတ(နိုင်)၀၀၃၅၇၁တို့က ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်အရ ပိုင်ဆိုင်ပြီး ဦးသိန်းထွန်းနှင့် ဦးသိန်းအေးတို့မှ စွန့်လွှတ်စာချုပ်အမှတ်အရ ဒေါ်လှလှဌေးက လက်ခံရရှိခဲ့ပြီး ၎င်းမှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူနှင့်အမည်ပြောင်း လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၃က/၄၄၄၅ Toyota Hilux LN/06 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာမြင့် ၁၂/မဘန(နိုင်)၀၀၉၈၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင်(၇၉)၊ အခန်း(၁)၊ မူလပိုင်ရှင် ဒေါ်ခင်ခင်တင့် CE-၀၀၁၁၂၉ထံမှ ဒေါ်မာမာဦး၁၂/ပဘတ(နိုင်)၀၂၇၅၂၃ (PBDN-၀၀၆၀၀၉)က အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ပွဲရုံဆိုင်ခန်းကို ဆိုင်ရှင်အမည်ပြောင်းလိုပါသဖြင့် ကန့်ကွက်လိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဒေါ်မာမာဦး**

၁၂/ပဘတ(နိုင်)၀၂၇၅၂၃
(PBDN-၀၀၆၀၀၉)
ပွဲရုံအဆောင်(၇၉)၊ အခန်း(၁)
စော်ဘွားကြီးကုန်းစခန်း၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဈေးကြွယ်ကရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၇၈/ဘီ)၏ ရှစ်လွှာ(ခြေရင်းခန်း)တိုက်ခန်းတစ်ခန်း၏ပိုင်ဆိုင်မှု အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်တင်ရတနာဝင်း ၁၂/ဗဟန(နိုင်)၀၉၉၆၇၆၊ ဦးကျော်ဇင်လင်း ၁၂/ဒဂန(နိုင်)၀၂၈၈၃၄တို့ထံမှ ကျွန်ုပ်မိတ်ဆွေက တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုလျက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသော တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန် တစ်စုံတစ်ရာရှိပါက ဤကြေညာစာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရုံးအမှတ် (၅၀)စီ/၃၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၃၁၇၂

ဦးလှမင်း (ပေါင်းတည်) LL.B(ADVOCATE) တရားလွှတ်တော်ရှေ့နေ(၅၅၅၅)

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်း/ရွာမရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၅/၇၊ မြေညီ(ဝဲ)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ငွေကျော့ ၁၂/သလန(နိုင်)၀၇၅၁၂၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ မြေကွက်အမှတ် ၂၄၆နှင့် ၂၄၈ပေါ်တွင် ဆောက်လုပ်ထားသော လေးခန်းတွဲ ရှစ်ထပ်အဆောက်အအုံ၏ (၂၄၆)ဘက်အခြမ်း(ပထမထပ်) ခေါင်းရင်း၊ အကျယ်အဝန်း(၁၂×၆၅)ပေဟုခေါ်တွင်သော တိုက်ခန်းအား ၁၈-၇-၂၀၁၃ ရက်စွဲပါ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် အခန်းပိုင်ရှင် ဒေါ်ကျင်ငွေ ၁၂/ဗတထ(နိုင်)၀၀၈၀၇၇ထံမှ မြေပိုင်ရှင်အသိအမှတ်ပြုလက်မှတ်ရေးထိုး ဝယ်ယူလက်ရောက်ယူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ငွေကျော့သာလျှင် အရာရာစီမံပိုင်ခွင့်ရှိပြီး ၄င်း၏ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇) ဦးအောင်ဖြိုးလတ် LL.B (စဉ်-၃၃၀၆၃)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ
အမှတ် ၅/၁၁၊ မြေညီ၊ ဖျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီ/မြောက်ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် ၄၃၊ ကန်ထရိုက်တိုက်မှ တတိယအလွှာ လက်ယာဘက်အခန်းကို ပိုင်ရှင်ဖြစ်၍ ရောင်းချပိုင်ခွင့်ရှိသော ဦးဟန်ဆွင့်လျန် ၄/တတန(နိုင်)၀၄၂၄၀၈ထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူမှန်သမျှ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်စေရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်မေစပယ်မြင့်(စဉ်-၃၂၉၉၂) အထက်တန်းရှေ့နေ
LL.B, D.B.L, D.I.L, D.L.P(101) WIPO(SWITZERLAND)
အမှတ် ၇၊ မြေညီ၊ ၃၃လမ်းအောက်၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ်၅၀တွင်နေထိုင်သော ဦးလှသိန်း၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည် ဦးလှသိန်းနှင့် ဒေါ်လှစိန်တို့သည် လွန်ခဲ့သောရှစ်နှစ်ခန့်က အစ္စလာမ်တရားဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးသုံးဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်တို့၏အမှုသည် ဦးလှသိန်းသည် အကြောင်းအမျိုးမျိုးကြောင့် ဒေါ်လှစိန်နှင့် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိသောကြောင့် အစ္စလာမ်ဥပဒေနှင့်အညီ တွာလာက် သုံးကြိမ်ပေးခဲ့ပြီး ကွာရှင်းစေခဲ့ပါသည်။ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များ အဖွဲ့ခွဲသို့ ကွာရှင်းမှုအထမြောက်/မမြောက် မေးမြန်းရာ ကွာရှင်းမှုမြောက်သည်ဟု ပြန်ကြားခဲ့သဖြင့် ကွာရှင်းပြီးဖြစ်၍ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း မြွက်ဟကြေညာပေးစေလိုမှုဖြင့် လှိုင်မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ်(၁၁/၁၃)ဖြင့် တရားစွဲဆိုခဲ့ရာ ရုံးတော်မှ ၁၂-၇-၂၀၁၃ ရက်စွဲဖြင့် ရုံးတော်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း မြွက်ဟကြေညာသည့်ဒီကရီကို ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည် ဦးလှသိန်းသည် ဒေါ်လှစိန်နှင့် တရားဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် ဒေါ်လှစိန်မှ ကျွန်ုပ်တို့၏အမှုသည် ဦးလှသိန်းနှင့် လုံးဝပတ်သက်မှုမရှိတော့ဘဲ ကျွန်ုပ်အမှုသည်အပေါ် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းစသည်များ မပြုလုပ်ရန်တားမြစ်လိုက်ပါသည်။ အကယ်၍ နှောင့်ယှက်ခြင်းအမျိုးမျိုးပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးစိုးညွှန့်နိုင် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၈၈၀)
အမှတ် ၅၅၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတား၊ ဖုန်း-၆၁၀၆၁၈
(တစ်ဆင့်)၊ ၀၉-၄၃၀၉၃၁၀၀

ဒေါ်ဖြိုးစန္ဒာလှိုင် LL.B D.B.L
အထက်တန်းရှေ့နေ (စဉ်-၃၉၅၇၈)
အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၅၂၆၇၂

ကိုဝေယံ သဘင်အစည်းအရုံးဝင်အမှတ်(၄၇၈၃၃)နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၄၇၁ နေ ကိုဝေယံသည် ကျွန်တော်တည်ထောင်သော တင်မောင်ဆန်းမင်းဝင်း ရွှေမန်းသဘင်အဖွဲ့ကြီးတွင် ၁၃၇၅ /၇၆ သဘင်ရာသီနှစ်အတွက် ခေတ်ပေါ်တီးဝိုင်း၌(Drum)တီးခတ်ပေးမည်ဟု ယုံကြည်အောင်ပြောဆို၍ ငွေကျပ်(ဆယ်သိန်းတိတိ)အား လက်ခံရယူပြီး ၂၃-၉-၂၀၁၃ ရက်မှစ၍ ဇာတ်အဖွဲ့သို့ လာရောက်ဆက်သွယ်ခြင်းမရှိဘဲ တိမ်းရှောင်နေပါသဖြင့် သဘင်အစည်းအရုံးအဆင့်ဆင့်သို့ တိုင်ကြားစာများပို့ထားပြီးဖြစ်ပါသည်။ ကိုဝေယံကိုယ်တိုင် ကျွန်ုပ် သို့မဟုတ် ဇာတ်အဖွဲ့ထံသို့ အမြန်ဆုံးဆက်သွယ်ပေးပါရန်နှင့် ဆက်သွယ်ဖြေရှင်းခြင်းမရှိပါက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိစေအပ်ပါသည်။

ကိုဝေယံအား လက်ခံအလုပ်ပေးထားသူများမှာလည်း မိမိတို့၏တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

တင်မောင်ဆန်းမင်းဝင်း ၁၂/ပခန(နိုင်)၁၁၃၈၂၅
ဖုန်း-၀၉-၆၃၀၁၀၈၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဝါရှောင်လမ်း၊ မြေကွက်အမှတ် ၂၄၄၊ ဧရိယာ (၄၀×၆၀)ပေ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံး(ဦးလှအောင်အမည်ပေါက် ဂရန်မူရင်း)ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးကျော်စိုး ၁၂/ရကန(နိုင်)၀၆၄၀၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝင်း ၁၂/ဥကမ(နိုင်)၁၀၃၂၂၃က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

ကန်ထရိုက်တာဦးခင်မောင်ဌေး ၁၂/ပဘတ(နိုင်)၀၀၀၈၂၂၊ ဦးတင်စိုး ၁၂/ဥကတ(နိုင်)၀၃၄၀၅၁နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(မြောက်)၊ ဘုရင့်နောင်လမ်း၊ အမှတ် ၃၆၄/က၊ မြေတိုင်းရပ်ကွက် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၃၆၄/က၊ နှစ်၆၀ဂရန်မြေ၊ ဧရိယာပေ (၃၃½×၆၀)မြေကို ကန်ထရိုက်တိုက်ဆောက်လုပ်ရန် မြေပိုင်ရှင် ဦးပြုံးရီ ၁၂/သဃက(နိုင်)၀၅၈၇၄၀နှင့် ကန်ထရိုက်တာတို့ ၁၉-၃-၂၀၁၃ ရက်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့၏ အဆောက်အအုံသစ်ကြီးဆောက်လုပ်ရန် သဘောတူကတိပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

သို့ပါသော်လည်း ကန်ထရိုက်တာများမှ ကန်ထရိုက်စာချုပ်တွင် အဆောက်အအုံဟောင်းဖျက်မိန့်၊ ဆောက်မိန့်များကို ၃၀-၇-၂၀၁၃ ရက် ရရှိအောင်ဆောင်ရွက်ပေးမည်ဟု ဝန်ခံကတိပြုခဲ့သော်လည်း ယနေ့အချိန်ထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ၁၉-၃-၂၀၁၃ ရက်စွဲပါ မြေရှင်ဦးပြုံးရီနှင့် ကန်ထရိုက်တာတို့ချုပ်ဆိုခဲ့သော ကန်ထရိုက်စာချုပ်မှာ ကန်ထရိုက်တာများ၏ ကတိပဋိညာဉ်ဖောက်ဖျက်မှုကြောင့် ပျက်ပြယ်သွားပြီဖြစ်ကြောင်း၊ မြေရှင်မှကန်ထရိုက်စာချုပ်ဖျက်သိမ်းကြောင်း ကန်ထရိုက်တာဦးခင်မောင်ဌေး၊ ဦးတင်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးပြုံးရီ၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်



အများသိစေရန်ရှင်းလင်းကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း ၄၀×၇၈လမ်းထောင့်၊ အမှတ် ၁/အေနေ ဒေါ်ဟုန်အင်(ခ)အေးအေးဝင်း ၉/မရတ(နိုင်)၁၁၅၀၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ ၂-၉-၂၀၀၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၇ပါ မြေသြဇာကော်မတီ၏ အများသိစေရန် ကြေညာခြင်းအပေါ် အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟုန်အင်(ခ)အေးအေးဝင်းသည် SUPER TOP ဓာတ်မြေသြဇာအမျိုးမျိုး၊ မြေဆီအမျိုးမျိုး၊ အရွက်ဖျန်းမြေသြဇာအမျိုးမျိုးတို့ကို **အုန်းပင်တံဆိပ် "NPK" SUPER TOP ဓာတ်မြေသြဇာ** အမှတ်တံဆိပ်ဖြင့် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၅-၈-၂၀၀၉ ရက်၌ မှတ်ပုံတင်အမှတ် ၃၅၂/၂၀၀၉ ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂-၉-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၇ ပါ မြေသြဇာကော်မတီ၏ စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများသိရှိစေရန် အသိပေးကြေညာချက်ပါ မှတ်ပုံတင်ထားခြင်းမရှိသော **စူပါတော့(ပ်)ရွက်ဖျန်းဆေး** (စလေ/ချောက် မြို့နယ်၊ မကွေးတိုင်းဒေသကြီး) သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟုန်အင်(ခ)အေးအေးဝင်း တရားဝင်မှတ်ပုံတင်ပြီး ဖြန့်ဖြူးရောင်းချလျက်ရှိသော **အုန်းပင်တံဆိပ် "NPK" SUPER TOP ဓာတ်မြေသြဇာ** အမှတ်တံဆိပ်နှင့် မည်သို့မျှပတ်သက်ခြင်းမရှိကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဟုန်အင်(ခ)အေးအေးဝင်း
၉/မရတ(နိုင်)၁၁၅၀၇၁

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှကို B.A, R.L, Dip-Business Law
တရားလွှတ်တော်ရှေ့နေ(၂၃၁၃)
အမှတ် ၂၈၊ ၂၉လမ်း၊ ၇၁×၇၂လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၆၅၁၉၄

ဦးမောင်အုန်း(ZGN-၀၆၂၁၇၂)နှင့် အများသိရှိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ အနောက်ဝေဇယန္တာ(၁၆)လမ်း၊ အမှတ်(၇၀၅)နေ ဦးဘစိန်၏သမီး ဒေါ်စွမ်(ခ)ဒေါ်မြမြစွမ် ၁၂/သကတ(နိုင်)၁၁၉၂၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမောင်အုန်းနှင့် အများသိရှိစေရန်အတွက် သတိပေးကြေညာသည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ အနောက်ဝေဇယန္တာ(၁၆)လမ်း၊ မြေတိုင်းရပ်ကွက်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၇၀၆-က)ရှိ မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲရေးဌာနက နှစ် ၆၀မြေငှားဂရန်စာချုပ်အမှတ်-သကတ/၆(၃)/၀၅၅၀(၉၃)တွင် ထုတ်ပေးထားရာ၌ **ဦးမောင်အုန်း+၁** ဟုဖော်ပြ၍ ထုတ်ပေးထားရှိခဲ့သဖြင့် ၎င်းမြေကွက်သည် ဦးမောင်အုန်းတစ်ဦးတည်းကသာလျှင် ပိုင်ရေးဆိုင်ခွင့်ရှိသည့်မြေကွက်မဟုတ်။ အပေါင်း(၁)ဟု ပူးတွဲဖော်ပြထားသဖြင့် အပေါင်း(၁)မှာ ဦးဘစိန်၏သမီး ဒေါ်စွမ်(ခ)ဒေါ်မြမြစွမ် ၁၂/သကတ(နိုင်)၁၁၉၂၄၈ ပင်ဖြစ်ပါသောကြောင့် ၎င်းသည် ၎င်းမြေကွက်၏တစ်ဝက်(½)ကို ပိုင်ဆိုင်သူဖြစ်ပါသောကြောင့် ဦးမောင်အုန်းတစ်ဦးတည်းအမည်ဖြင့် ၎င်းနှစ်ဦးပိုင်မြေကွက်ကို ၎င်းတစ်ဦးတည်း၏သဘောဆန္ဒအနေဖြင့် လွှဲပြောင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလျှဒါန်းခြင်းများပြုလုပ်သည်ကို လက်ခံခြင်း၊ ရယူခြင်း မပြုမိစေရန်အတွက် အများသိရှိစေရန် သတိပေးကြေညာခြင်းပြုအပ်ပါသည်။

ဒေါ်စွမ်(ခ)ဒေါ်မြမြစွမ် ၁၂/သကတ(နိုင်)၁၁၉၂၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်း (ဝါးခယ်မ)
LL.B (စဉ်-၈၀၂၀/၀၁၁) တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၆၊ ပထမထပ်၊ (၁၆၄)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၁၁၈၃၂၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် ၄ မြေကွက်ပေါ်ရှိ နှစ်ခန်းတွဲသုံးထပ်ခွဲအဆောက်အအုံ၏ လက်ဝဲဘက်အခြမ်းရှိ ဒုတိယထပ်၊ ဧရိယာပေ(၁၂½×၅၀)ရှိ ရေ၊ မီးစုံတိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံး၏ လက်ရှိပိုင်ရှင် ဦးမောင်စိန် ၁၂/ဒပန(နိုင်)၀၁၅၆၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

သို့ဖြစ်ရာ ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြတ်ထွေး	**ဒေါ်မြင့်မြင့်စန်း**
LL.B, DL 101 WIPO (GENEVA)	**LL.B,D.B.L,D.I.L,DL101WIPO(GENEVA)**
(စဉ်-၈၉၉၃)	**(စဉ်-၈၅၆၁)**
တရားလွှတ်တော်ရှေ့နေများ	
ဦးချစ်ကိုနိုင်	**ဒေါ်သူဇာဝင်း**
LL.B	**LL.B**
(စဉ်-၃၇၉၅၈)	**(စဉ်-၄၀၆၈၄)**
အထက်တန်းရှေ့နေများ	

အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၈၇၃၈၆၊ ၀၉-၄၀၂၆၀၆၀၃၁၊
၀၉-၇၃၁၈၂၇၂၈၊ ၀၉-၄၀၂၅၄၆၈၄၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၁၀ လမ်း၊ အပိုင်း ၃၊ မြေကွက်အမှတ် ၆၁၊ တိုက်အမှတ် B/၂၊ အလျား ၁၁½ပေ×အနံ ၄၇ ပေရှိ တိုက်ခန်း(မှန်ခန်း)ခြေရင်းခန်းအား မြေရှင်အမည်ပေါက်ဖြစ်သူ ဒေါ်ခင်ဆွေ ၁၂/သဃက(နိုင်)၀၄၉၀၀၈ထံမှ ဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်လာသော ဦးညွန့်ဆောင် (ဘ)(ဦးထွေး)၁၂/ဗဟန(နိုင်)၀၅၈၈၃၀ ထံမှ ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ(တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ဤတိုက်ခန်း(မှန်ခန်း)ခြေရင်းခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော(စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက တိုက်ခန်း(မှန်ခန်း)ခြေရင်းခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာလင်း LL.B **အထက်တန်းရှေ့နေ**
လိုင်စင်အမှတ်-၂၅၁၃၄
အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၉၇၈၂၆၅၇

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇/ခ၊ မြေကွက်အမှတ် ၇၁/က၊ ဧရိယာ ၀ဒသမ ၁၃၁ ဧကနှင့် ၇၁/ခ၊ ဧရိယာ ၀ဒသမ ၀၃၇ဧက၊ မြေကွက်တည်နေရာအမှတ် ၅၆၊ လေးဒေါင့်ကန်လမ်းနှင့် ဇမ္ဗူဒိတ်လမ်းထောင့်၊ ဦးစံဖေရပ်ကွက် ဒေါ်သန်းတင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းတင် (မိခင်)နှင့် (ဖခင်) ဦးဘရွှေတို့ ကွယ်လွန်ကြောင်း သေစာရင်း၊တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ (၁)ဒေါ်တင်အေး ၁၂/သဃက(နိုင်)၀၇၅၃၄၂၊ (၂)ဒေါ်ခင်အေးကြည် ၁၂/သဃက(နိုင်)၀၇၆၀၃၃၊ (၃)ဒေါ်ခင်အုန်းကြွယ် ၁၂/သဃက(နိုင်)၀၇၅၃၄၁ နှင့် သားဖြစ်သူ ဦးမြသိန်းသည် မိခင်အမည်ပေါက် ဒေါ်သန်းတင်ထက်စော၍ ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအား အမွေမမီမြေးများဖြစ်သော (၄)ဒေါ်မာမာဝင်း ၁၂/သဃက(နိုင်)၀၇၅၂၀၇၊ (၅)ဦးအောင်ကျော်မိုး ၁၂/သဃက(နိုင်)၀၇၅၅၅၄တို့မှလည်းကောင်း၊ သမီးဖြစ်သူဒေါ်ခင်ပုနှင့် ခင်ပွန်း ဦးအောင်မြင့်တို့ကွယ်လွန်၍ ၎င်းတို့၏ပိုင်ဆိုင်ခွင့်အစုအား (၆)ဒေါ်ပပလင်း ၁၂/သဃက(နိုင်) ၀၀၄၉၆၂နှင့် (၇)ဒေါ်ကေခိုင်မိုး ၁၂/သဃက(နိုင်)၁၄၃၁၃၀တို့က သားသမီး၊ မြေးများတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ